www.burmeseclassic.com

ရွှေဒေဝသာစာပေ

# မိုးစက်ပွင့်

## သူခင်းကျင်းပေးထားတဲ့ ရင်ကွဲအခမ်းအနား



( အချစ်လုံးချင်းဝတ္ထု၊ သ

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်

ကွန်ပျူတာစာစီ - ခင်ပြုံးဝင်း (၀၉၂၅၀၁၄၄၇၉၇)

ထုတ်ဝေသူ - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၀၂၄၀)
'ရွှေပဒေသာအော့ဖ်ဆက်'
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

ဖြန့်ဈေး - ၁၇၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်


ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)

သူခင်းကျင်းပေးထားတဲ့ ရင်ကွဲအခမ်းအနား
မိုးစက်ပွင့်
ရွှေပဒေသာစာပေ၊ ၂၀၁၇၊ ရန်ကုန်။
၂၄၂- စာ၊ ၁၂ × ၁၈ စင်တီ။
(၁) သူခင်းကျင်းပေးထားတဲ့ ရင်ကွဲအခမ်းအနား

www.burmeseclassic.com

www.burmeseclassic.com

# သူခင်းကျင်းပေးထားတဲ့
# ရင်ကွဲအခမ်းအနား



## မိုးစက်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

နေညိုချိန်ညနေဆည်းဆာရဲ့အလှက သုသာန်တစ်စပြင်ရောက်နေသူအဖို့တော့ တစ္ဆေတစ်ကောင်ရဲ့ ငိုညည်းသံလို၊ အရုပ်ဆိုးအကျည်းတန်စွာနှင့် ခြောက်လှန့်နေသည့်ပမာနှယ်။ ညှင်းသွဲ့သွဲ့တိုက်ခတ်လာတဲ့ လေနုအေးက အဖြူရောင်အုတ်ဂူရှေ့မှာ ရပ်နေတဲ့ လူနှစ်ယောက်ရဲ့ရင်ကိုတော့ မအေးချမ်းစေနိုင်ခဲ့ပါဘူးလေ။

အသက် (၂၂)ဝန်းကျင်ရှိ လူငယ်လေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်သည် နှင်းဆီပန်းစည်းကိုယ်စီကိုင်၍ အဖြူရောင်အုတ်ဂူလေးရှိရာသို့ တရွေ့ရွေ့ လှမ်းလာနေသည်။ လူငယ်လေးက ဘောင်းဘီအနက်နှင့် ရှပ်လက်ရှည်အနက်ကို တွဲဝတ်ထားတော့ ဝင်းဖန့်ဖန့်အသားအရည်ကို ပို၍ပေါ်လွင်စေပြီး ရှင်းသန့်ချောမွေ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကလည်း…

ဖြူနုပြီး လှပနေကာ ဝတ်ထားတာက ထဘီအနီရောင်နှင့် အင်္ကျီက ရယ်ဒီမိတ်အနက်ရောင်ပါ။ တစ်ချက်တစ်ချက် လေပြေရဲ့အနမ်းကြမ်းကြမ်းကြောင့် ဆံနွယ်စလေးတွေက လွင့်ကနဲလူးကနဲပါ။ မျက်လုံးက အုတ်ဂူပေါ်မှာ ရေးထိုးထားတဲ့ စာတမ်းလေးဆီမှာ စူးစူးနစ်နစ် ရှိနေလျက်ပါပဲ။

BURMESE CLASSIC

မောင်နေညိုချိန်

အသက် (၂၀) နှစ်

စိတ်ထဲကနေ နေညိုလို့ ခေါ်လိုက်မိတဲ့ မိန်းကလေးရဲ့နာမည်ကတော့ နွေဆည်းဆာပါ။ သူမဘေးမှာရှိနေတဲ့ ကောင်လေးရဲ့နာမည်ကတော့ မင်းဒဏ္ဍာရီတဲ့လေ။

"နေညို…ညနေဆည်းဆာ နေညိုချိန်တွေဟာ နင့်အတွက် တံဆိုးခြင်းတွေကို သယ်ဆောင်လာတဲ့ အမင်္ဂလာအချိန်လို့ နင်ပြောခဲ့ဖူးတယ်နော်။ ဒီအချိန်ကို နင် သိပ်မုန်းမုန်း ငါ သိပါတယ်ဟာ…ဒါပေမဲ့ ဒီအချိန်ကိုပဲရွေးပြီး နင့်ဆီကို လာခဲ့မိတာကလေ"

ဆည်းဆာ စကားမဆက်နိုင်ဘဲ တံတွေးမျိုချလိုက်မိသည်။ မင်းဒဏ္ဍာရီကတော့ ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလျက်ရှိနေသည်။ ဘာ့ကြောင့် ဆည်းဆာလိုမိန်းကလေးထက် ယောကျ်ားဖြစ်တဲ့သူက ပိုခံစားနေရလဲဆိုရင် နေညိုက သူ့ရဲ့အချစ်ဆုံး၊ သူ့ဘဝမှာ အရေးအပါဆုံးလူမို့လို့ပါ။

"နင့်မှာ နောက်ဘဝဆိုတာတွေရှိခဲ့ရင် နင် သတ်မှတ်ထား



www.burmeseclassic.com

www.burmeseclassic.com


တဲ့ အမင်္ဂလာအချိန်တွေဟာ မင်္ဂလာအရှိဆုံးအချိန် ဖြစ်ပါစေလို့ ဆုတောင်းပေးဖို့ အခုလို နေညိုချိန်ကို ဒီနေ့ပဲ နှင့်အတွက် ကိုယ်စား ခုခံတွန်းလှန်ပေးချင်လို့ ဒီအချိန်ကိုရွေးပြီး လာခဲ့တာပါဟာ"

"အင့်"

မင်းဒဏ္ဍာရီထံမှ ရှိုက်သံထွက်လာလေသည်။ နေညို သေဆုံးခြင်းဟာ ကိုယ့်ကြောင့်လို့ သတ်မှတ်လို့ရတာမို့ ဖြေလို့မရ တာပေါ့။

နေညို…

မင်း ငါ့ကို အဲဒီလောက်တောင် ချစ်တာလား နေညိုရာ။ ငါလည်း မင်းကို ချစ်ပါတယ်။ ချစ်လို့လည်း ဘယ်သူနဲ့ပဲယှဉ်ယှဉ် မင်းကို ဦးစားပေးခဲ့တာပေါ့။ ဒါပေမဲ့ ငါက မင်းကို ဘယ်လောက် ချစ်ကြောင်း သက်သေမပြနိုင်ခဲ့ဘူး နေညို။

မင်းကတော့…

ငါ့ကို ဘယ်လောက်ချစ်ကြောင်း အသက်ပေးပြီး သက်သေ ပြသွားနိုင်ခဲ့တယ်နော်။ တူညီနေလို့ ညီမျှခြင်းချမရတဲ့ အကြောင်း တရားတွေထဲကနေ မင်းကို ငါ သိပ်ချစ်တယ် နေညို။ ငါ မင်း အပေါ်မှာ ဆိုးသမျှ၊ အနိုင်ယူသမျှတွေဟာ မင်း အလိုလိုက်မှန်း သိလို့ ငါ ဆိုးခဲ့၊ အနိုင်ယူခဲ့တာပါ။

မင်းကို မချစ်လို့ မဟုတ်ဘူး…နေညို။

ငါ မင်းကို ဥပေက္ခာပြုမိတဲ့အတွက် မင်းရဲ့အတွင်းစိတ်ကို နားမလည်မိတဲ့အတွက် ငါ့ကို ခွင့်လွှတ်ပါ…သူငယ်ချင်းရာ။


www.burmeseclassic.com

www.burmeseclassic.com



"နေညို"

"..........."

"ဘဝဆက်တိုင်းဆက်တိုင်းမှာ နင့်ဘဝလေး သာယာချမ်းမြေ့ပါစေလို့ ငါ ဆုတောင်းပေးပါတယ် နေညိုရယ်။ မေတ္တာရှားတဲ့ ကမ္ဘာမှ ကင်းလွတ်ပြီး မေတ္တာများရာမှာ အကြင်နာယုယမှု၊ နွေးထွေးမှုတွေကို နင် ပြည့်ပြည့်ဝဝ ရယူပိုင်ဆိုင်နိုင်ပါစေ နေညို"

မင်းဒတ္တာရဲ့ မျက်ရည်တွေကြားမှ...

မောင်နေညိုချိန်

ဆိုတဲ့ နာမည်ကိုသာ ငေးမောရင်း အတိတ်က ပုံရိပ်တွေကို ပြန်လည်သတိရ လွမ်းဆွတ်မိတော့သည်သာ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

"အန်တီလဲ့"

"ဟော…ဒေါ်ဏ္ဏာပါလား။ မင်းသူငယ်ချင်း မနိုးသေးဘူး ဒေါ်ဏ္ဏာရဲ့။ ညက အိပ်မက်ဆိုးတွေ မက်ပြန်တယ်ထင်ပါရဲ့ကွယ်။ အချိန်မရှိမှ ထအော်ပြီးငိုလို့ မနည်းချော့ပြီး ပြန်သိပ်ရတယ်"

ကလေးမို့လို့ပဲလား၊ မကြဲဖူးလို့ မယုံတတ်တာလားတော့ မပြောတတ်ပေ။ အဲဒီအိပ်မက်ဆိုးမက်တယ်ဆိုတာကို မင်းဒေါ်ဏ္ဏာရီ မသိပေ။ ဒါကြောင့် သနားရကောင်းမှန်း၊ ကိုယ်ချင်းစာရကောင်း မှန်း မသိဘူးပေါ့။ အိပ်မက်ဆိုးမက်တယ်ဆိုတာကို…

သူ မက်ဖူးသလို…

ချောက်ထဲပြုတ်ကျမလိုဖြစ်တာ၊ တောတွေတောင်တွေထဲ လျှောက်သွားပြီး လူဆိုးတွေလိုက်လို့ ပြေးရတာတို့မျိုးလို့ပဲ ထင် တာပါ။ ဒါမျိုးကို ဒေါ်ဏ္ဏာလည်း မက်ဖူးပါသည်။ ဇာတ်ကြမ်းကား တွေကြည့်ပြီး ဒေါ်ဏ္ဏာဆို မက်တတ်တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com


အဲဒီလို အိပ်မက်မက်လို့ မေမေ့ကို ပြောပြတိုင်း…

"အဲဒါ သားလေး ထမင်းစားပြီး တစ်နေ့ရာရာမှာ ထမင်းလုံးတွေကပ်နေလို့ ထမင်းလုံးတစ္ဆေခြောက်တာ။ နောက်ကို အိပ်ရာထဲမှာ ထမင်းတို့၊ မုန့်ရို့ မစားရဘူးနော်။ အိပ်ယာမသန့်ရင် အဲဒီလို အိပ်မက်ဆိုးတွေ မက်တတ်တယ်" တဲ့။

ဒဏ္ဍာက တစ်ခါတစ်လေ အိပ်ယာထဲမှာ မုန့်စားပြီး စိတ်ကောက်ပြီဆိုလည်း ထမင်းဟင်းတွေယူပြီး အိပ်ယာထဲမှာသာ ခိုးစားတတ်သူပါ။ ပြီးတော့ ထမင်းစားခေါ်ရင် မစားဘူး။ သေပစေလို့ ပြောတတ်တာလေ။

"ဟာ…ဒီကောင် အိပ်ယာထဲမှာ ထမင်းစားလို့လား မသိဘူး။ ဒါမှမဟုတ် မုန့်တွေ အိပ်ယာထဲမှာ စားတယ်ထင်တယ်"

"နေညိုက အဲဒီလိုအကျင့် မရှိဘူး…ဒဏ္ဍာရဲ့။ သူက အသန့်ကြိုက်တယ်လေ။ ဒဏ္ဍာ သိရဲ့သားနဲ့"

"သားမေမေပြောတော့ အိပ်မက်ဆိုးမက်တာ အိပ်ယာမသန့်လို့ဆို…အန်တီလဲ့"

ဒေါ်ခင်လဲ့ကြည်က ဒဏ္ဍာကိုကြည့်၍ ပြုံးလေသည်။ ဒဏ္ဍာ မေမေနဲ့စကားပြောဖြစ်တိုင်း သူ့ကလေး၊ ကိုယ့်ကလေး အကြောင်းတွေ ပြောဖြစ်တဲ့အခါ ကလေးတွေရဲ့ အကျင့်စရိုက်လေးတွေကိုပါ ပြောဖြစ်ကြတော့ သိနေကြသည်လေ။ ခြံချင်းကပ်နေကြသူတွေမို့…

နှစ်အိမ်တစ်အိမ်လို ဖြစ်နေကြသည်မဟုတ်လား။ ဒါကြောင့်


www.burmeseclassic.com

www.burmeseclassic.com


ဒဏ္ဍာအကြောင်းကို သိထားသူပီပီ…

"ဟုတ်တယ်လေ ဒဏ္ဍာ၊ အိပ်ယာထဲမှာ ထမင်းစားရင် ဖြစ်ဖြစ်၊ မုန့်စားရင်ဖြစ်ဖြစ် ထမင်းလုံးတစ္ဆေခြောက်ခံရတတ်တယ်လေ"

"နေညိုကျ… မစားဘဲနဲ့ အဲလိုဖြစ်တာလား"

"မဟုတ်ဘူး ဒဏ္ဍာ၊ နေညိုက သူ့ဖေဖေနဲ့မေမေ အက်ဆီးဒင့်ဖြစ်တာကို မြင်ထားရတော့ အဲဒီမြင်ကွင်းကို ခဏခဏ အိပ်မက်မက်တတ်တာပါ"

"ဩော်"

ဩော်ဆိုပြီး ဒဏ္ဍာမျက်လုံးက ဟိုကြည့်ဒီကြည့်ပါ။ ပြီးမှ အတွေးတစ်ခုပေါက်ပြီး လှစ်ကနဲ ပြန်ထွက်လာခဲ့တော့သည်။ အိမ်ပြန်ပြီး မေမေဆိုးတဲ့ နှုတ်ခမ်းနီဗူးနဲ့ မျက်ခုံးမွေးဆွဲတံ ယူလာခဲ့သည်လေ။ ပြီးတော့ နေညို အိပ်ခန်းဆီသို့ ရောက်လာခဲ့တော့သည်။

"ဟဲ…ဟဲ…မင်း လှပြီလို့သာ မှတ်ပေတော့ နေညိုရေ"

ဒဏ္ဍာတစ်ယောက် နေညိုရဲ့မျက်နှာဖြူဖြူဝင်းဝင်း နုနုဖတ်ဖတ်ကလေးပေါ်မှာ စိတ်ကြိုက်ဆေးခြယ်ပေးလေတော့သည်။ နှုတ်ခမ်းသားနီထွေးထွေးပေါ်မှာ နှုတ်ခမ်းနီရဲရဲကို ထပ်ဆိုးလိုက်သည်။ ပြီးတော့ မျက်ခုံးမွေးဆွဲ၊ နောက် မျက်ခွံတွေပေါ်မှာ နှုတ်ခမ်းနီတင်၊ နှုတ်ခမ်းနီနဲ့ပဲ ပါးပြင်မှာ 'ဝ'လုံးကွင်း။

ပြီးတော့ နှုတ်ခမ်းမွေးဆွဲ…အဲ…နေညို မျက်နှာလေး ရှုံ့မဲ့သွားပြီး လူးလွန့်လာလေသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟား…ဟား…ဟား…တော်တော်လှသွားတာကွ"

"ဟင်"

နေညို မျက်လုံးဖွင့်ကြည့်ပြီး…

"ဒဏ္ဍာ"

"ဟော့ကောင်"

နေညိုက လက်နှင့် မျက်လုံးကို ပွတ်မလို့ဟန်ပြင်လေတော့ ဒဏ္ဍာ နေညိုလက်ကို လှမ်းဆွဲထားလိုက်သည်။

"မလုပ်နဲ့လေ…အလှတွေ ပျက်ကုန်မယ်"

"ဒဏ္ဍာ…ဘာလဲကွ၊ ငါ့လက်ကို လွှတ်ကွာ"

"ဟဲ…ဟဲ"

"ဟာ"

နေညိုက လက်ကိုရုန်းပြီး မျက်လုံးကို ပွတ်လိုက်လေရာ သူ့လက်ဖြူဖြူနုနုမှာ နှုတ်ခမ်းနီတွေ ပေကျံကုန်တာကို မြင်လေတော့…

"ဘာတွေလဲကွာ…ဒဏ္ဍာ မင်း ဘာတွေလျှောက်လုပ်ထားတာလဲကွ"

"မင်းကို အလှပြင်ပေးထားတာလေ"

"ဟာကွာ"

"ဟီ…ဟီ"

"ဘာဟီဟီလဲ"

"ခဏနေ…မင်းရုပ်ကလေး မင်းပြန်မြင်ရအောင် ငါ



www.burmeseclassic.com

www.burmeseclassic.com



ပြမယ်"

ပြောပြီး ဒဏ္ဍာက ကရင်းမ်ဘတ်ဗူးမှန်လေးကို နေညို့ မျက်နှာရှေ့မှာ ထောင်ပြလေလျှင်...

"ဟာ..."

"ဟီး...ဟီး"

"ဒဏ္ဍာ...ပြန်ဖျက်ပေးကွာ...အခုပြန်ဖျက်ပေး"

"မဖျက်ပေးဘူး"

"ဖျက်ပေးနော်"

"မဖျက်ဘူးကွာ"

ဒဏ္ဍာက ဖျက်မပေးလေတော့ နေညို နှုတ်ခမ်းသားလေး တွေ မဲ့ကနဲ၊ မဲ့ကနဲ ဖြစ်သွားပြီး...

"အဟင့်...ဟင့်"

"ခစ်...ခစ်"

"အိ...အိ...ဟီး"

"ဟား...ဟား...ယောကျ်ားဖြစ်ပြီး ငိုနေတယ်ကွာ။ မရှက်ဘူးလား...ယောကျ်ားဆိုတာ မငိုရဘူးကွ...နေညိုရ။ မင်း ယောကျ်ား မဟုတ်ဘူးလား"

"ငိုမှာပဲကွာ...မင်း သူများကို ဘာလို့လုပ်သေးလဲ"

"လုပ်တယ်ကွာ...ဘာဖြစ်လဲ...လုပ်တယ်ကွာ"

"မလုပ်နဲ့နော်...မင်း"

ဒဏ္ဍာက နေညိုပါးကို နှုတ်ခမ်းနီနှင့် ထင်ပြစ်လေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နေညို မျက်နှာကို ဒူးနှစ်လုံးကြားမှာ ငုံ့၍ဝှက်ကာ…

"အန်တီလေးရေ…သားကို ကယ်ပါ။ ဒဏ္ဍာ သားကို အနိုင်ကျင့်နေတယ်…ဟီး…အန်တီလေးရေ့"

"ဟော့ကောင်"

ဒဏ္ဍာက နေညို့ပါးစပ်ကို အတင်းပိတ်လေသည်။ ပြီးတော့…

"ငါ လက်သီးနဲ့ ထိုးမှာနော်။ မင်း ထပ်အော်ကြည့်၊ ငါ တကယ်ထိုးမှာ"

"ဟင်"

နေညို မျက်ရည်လည်ရွဲနဲ့ ဒဏ္ဍာကို ကြည့်လေသည်။ တကယ်ဆိုရင် နေညို ကြောက်တာမဟုတ်ပေ။ သူများတွေနဲ့ နေဖြစ်ပြီဆို ဦးအောင်ဆော်သူက နေညိုပါပဲ။ ဒဏ္ဍာမို့လို့သာ သူ အလျှော့ပေးတာပါ။

"မင်း ယောက်ျားမဟုတ်ဘူးလား နေညို၊ မငိုနဲ့…အခု မျက်ရည်သုတ်။ ငါ့မေမေက ပြောတယ်။ ယောက်ျားဆိုတာ မငိုရဘူးတဲ့။ ငိုရင် အခြောက်တဲ့"

"ငါ အခြောက်မဟုတ်ဘူး"

"ဒါဆို မငိုနဲ့လေ"

နေညို မျက်ရည်ကို သုတ်ပစ်လိုက်ပြီး…

"ငိုရင် မင်းက ငါ့ကို တကယ်ထိုးမှာလား"

"တကယ်ထိုးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ပြန်ထိုးမှာ"

"ဘာကွ"

ဒဏ္ဍာ အိပ်ယာပေါ်ကနေ ဆင်းလိုက်သည်။

"ဒါဆို…လာ…ထိုးရဲထိုးကြည့်"

"…………"

"လာလေကွာ"

ခုတင်ပေါ်က နေညိုကို ဒဏ္ဍာ အောက်သို့ ဆွဲချပစ်လိုက်လေလျှင်…

"အား"

"ဟဲ့…ဟဲ့…ကလေးတွေ ဘယ်လိုဖြစ်နေကြတာလဲ"

နေညို လဲနေရာမှ ကုန်းထကာ…

"အန်တီလေး"

"သား…ဘာဖြစ်လို့လဲ…သား"

"ဟင့်အင်း…ဘာမှမဖြစ်ပါဘူး။ ဒဏ္ဍာနဲ့ ကစားရင်း ခုတင်ပေါ်က ပြုတ်ကျတာပါ"

"သြော်…ဖြစ်ရလေ သားရယ်၊ ဘယ်နာသွားသေးလဲ"

"အဟဲ…နည်းနည်းပါးပါး၊ သား ဘာမှမဖြစ်ပါဘူး အန်တီလေး"

နေညို ဘယ်လောက်ပဲညာညာ ဒေါ်ခင်လဲ့ကြည် သိပါသည်။ ဒါကြောင့် ဒဏ္ဍာ အနိုင်ကျင့်တာကို ဒဏ္ဍာ့မိဘတွေသိအောင် ပြန်ပြောပြလေတော့ ဒေါ်စန္ဒာဝင်းဖြူက 'သားရေး နောက်…



www.burmeseclassic.com

www.burmeseclassic.com



နေညိုလေးကို အနိုင်မကျင့်ပါနဲ့ သနားပါတယ်' လို့ ပြောရုံပေမယ့်...

ဒဏ္ဍာဖခင် ဦးတင်ကျော်ခိုင်ကတော့ ..

"မင်း ဒဏ္ဍာရဲ့"

"ဗျာ"

"မင်းက ကိုယ့်သူငယ်ချင်း စိတ်ဒဏ်ရာရနေတာကို အားပေးကူညီဖော်မရဘဲ ဘာလို့ အနိုင်ကျင့်နေရတာလဲ။ မင်း အပြစ် မင်း သိလား"

"ဟုတ်ကဲ့...သိပါတယ် ဖေဖေ"

"သိရင် ဟိုဘက်လှည့်"

ဒဏ္ဍာ ဖေဖေ့ကိုတော့ ကြောက်ပါသည်။ ထို့ကြောင့် ဘစ်ဖက်လှည့်ပေးပြီး မျက်စိကို စုံမှိတ်ကာ အံကြိတ်ထားလိုက်မိတော့သည်။

"ကိုယ့်သူငယ်ချင်းကို အနိုင်ကျင့်တဲ့ကောင်...ကဲကွာ"

"ဖျန်း"

"ကဲကွာ"

"ဖျန်း"

တင်ပါးကို လက်ဝါးနှင့်ဆော်တာမို့ တော်သေးတာပေါ့။ ဘုတ်နဲ့သာဆို အီစလံဝေမှာလေ။ အခုတော့ စပ်ဖျဉ်းဖျဉ်းနဲ့ရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

ဒဏ္ဍာ ဘာမပြော ညာမပြောနှင့် နေညို့လက်ကို ဆွဲခေါ်လာခဲ့ရာ ခြံထဲသို့ပင် ရောက်လာခဲ့ပြီ။ စွယ်တော်ပင်အောက်ကို ရောက်မှ နေညိုက သူ့လက်ကိုရုန်းကာ…

"ဘာလဲကွ…ဘာလဲ။ မင်းဟာက ဘာမပြောညာမပြော နဲ့ ဘယ်ကိုလဲ…ဒဏ္ဍာရ"

"ဟာ…တော်း၊ ကိုယ့်ခြံနဲ့ ခြံချင်းကပ်မှာ လူသစ်တွေ ပြောင်းလာတာတောင် မသိဘူးလား။ ဟိုဘက်ခြံမှာနေတဲ့ ငါက သိပြီး ခြံချင်းကပ်နေတဲ့ မင်းက မသိဘူးဆိုတော့ မဟုတ်သေးပါ ဘူးကွာ"

"ဟ…ငါက စပ်စပ်စုစု သူများအကြောင်း လိုက်ပြီး စုံစမ်းနေတာမှ မဟုတ်တာ၊ ဘယ်သိမလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…နေညို…မင်း စကားကို ဘင်ခြင်ပြောနော် ဟော့ကောင်။ မင်းပြောပုံက ငါကပဲ သူများအကြောင်း လိုက်ပြီး စပ်စုနေသလိုပဲ"

"ဟုတ်နေသလိုပဲလေ"

"ဟော့ကောင်…မင်း"

ဒဏ္ဍာက နေညိုကို လက်သီးနှင့်ရွယ်ကာ…

"ငါ ထိုးမှာနော်"

နေညို ခံရတာ အံတိုနေပြီဆိုသောသဘောနှင့် သူ့ပါးစပ်ကို ဖြဲကာ အံဘက်သို့ လက်ညှိုးထိုးပြလေသည်။ ရန်သူတွေလို အလွန်အကျွံသာ မထိုးတာ၊ ဒဏ္ဍာ စိတ်မထင်ရင် မထင်သလို မနာမကျင် ထိုးတာတော့ အထိုးခံရတာ ရိုးနေပါပြီ။

"မင်းနော်…မင်း"

"ဟိုဘက်ခြံကို လူသစ်တွေ ပြောင်းလာတယ်ဆိုတော့ မင်းက ဘာလုပ်ချင်လို့လဲ…ဒဏ္ဍာ"

"ဘာမှမလုပ်ဘူး…သွားချောင်းကြည့်ရုံသက်သက်ပဲ။ လူသစ်တွေဆိုတော့ စိတ်ဝင်စားလို့"

"ဒါဆို ရှေ့ကကြွ"

"အဲဒီလိုလုပ်စမ်းပါကွ"

နှစ်ယောက်သား သွားချောင်းကြည့်တော့ ဘာမှမထူးခြား ပေ။ ရပ်ထားတဲ့ကားသာ မြင်ရပြီး သွားလာလှုပ်ရှားနေတဲ့လူတွေကို တစ်ယောက်မှ မမြင်ပေ။ ဒါကြောင့် နှစ်ယောက်သား ပြန်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခြံထဲမှာ ထိုင်မိကြသည်တွင်…

"ဒဏ္ဍာ"

"ပြော"

"မင်း…ဟိုတစ်ယောက်ကိုစွ ဘယ်လိုလုပ်မှာလဲ"

"ဘယ်တစ်ယောက်လဲ"

"သိရဲ့သားနဲ့ကွာ…မေဂန္ဓဝင်ကိုစွ"

ပြောသံက ခပ်ဆောင့်ဆောင့်ပါ။ မေဂန္ဓဝင်ဆိုတာက ဒဏ္ဍာရဲ့ရည်းစားလေ။ ဂန္ဓဝင်က ဒဏ္ဍာရဲ့ တတိယမြောက် ရည်းစားပါပဲ။ နေညိုက ဒဏ္ဍာ ရည်းစားထားတာကို မကြိုက်ပေ။ သူငယ်ချင်းတွေ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် နေစေချင်တာပါ။

ဒဏ္ဍာ ရည်းစားများရတာလည်း…

နေညိုကြောင့်ပဲဆိုပါတော့။ နေညိုက သဘောမတူဘူး ပြောတာနှင့် ဒဏ္ဍာက ရည်းစားကို ဖြတ်ပစ်တတ်သူပါ။ နေညို အပေါ် ဒဏ္ဍာ အနိုင်ယူတာတွေရှိပေမယ့် ဘယ်သူနဲ့ပဲယှဉ်ယှဉ် နေညိုကို ဦးစားပေးတာကိုတော့ နေညို ကျေနပ်ပါသည်လေ။

"နေညို"

"ဘာလဲ"

"မင်းကြောင့် ငါတော့ ငှက်ပျောပင်စိုက်ရတော့မယ်နဲ့ တူပါတယ်။ မင်း သဘောတူတဲ့မိန်းကလေး လောကမှာ ရှိရော ရှိဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး…ဘယ်သူနဲ့မှ သဘောမတူတား။ စိတ်ချ… မင်း
အတွက် ငါကိုယ်တိုင် ငှက်ပျောပင် စိုက်ပေးမယ်"

"မင်း ဝင့်လည်မယ်…နေညို။ မင်းကရော မိန်းမ မယူ
တော့ဘူးလား။ မင်းအလှည့်ကျမှ တွေ့မယ်"

ဒဏ္ဍာပြောတော့ နေညိုက ရယ်လေသည်။ နေညိုက အခု
ချိန်ထိ ဘယ်ကောင်မလေးကိုမှ စိတ်မဝင်စားပေ။ နေညိုကို စိတ်
ဝင်စားတဲ့ ကောင်မလေးတွေကတော့ အများသားပါပဲ။ နေညိုက
ဒဏ္ဍာဆိုတဲ့ သူငယ်ချင်းကို ဂရုစိုက်ဖို့ ဒဏ္ဍာအတွက် ဖြည့်ဆည်း
ပေးဖို့ကလွဲရင်…

အခြားအကြောင်းအရာတွေကို သိပ်ပြီးစိတ်ဝင်စားသူ
မဟုတ်ပေ။

"ငါလား"

"ဟုတ်တယ်လေ…မင်းလည်း နှလုံးသားနဲ့တည်ဆောက်
ထားတဲ့ကောင်ပဲဟာ။ အချိန်တန်ရင် မင်း မိန်းမ မယူဘဲနေမှာ
လား"

"ငါ မိန်းမ မယူဘူး"

"ဟာ…မင်းက မိန်းမ မယူဘဲ ယောကျ်ားယူမှာလား။
ဟုတ်လား…ဟေ့ကောင်။ မင်းက ယောကျ်ားယူမှာလား…ဟား
ဟား…ဟား…။ အေး…မိန်းမ မယူရင် ယောကျ်ားပဲယူ။ ဒီနေ့
ကစပြီး မင်း မာမီတွေဆီမှာ အလှပြင်တာ သင်တန်းသွားတက်။
ပြီးရင် အခြောက်ပဲလုပ်တော့"



www.burmeseclassic.com

www.burmeseclassic.com


"လုပ်သင့်ရင် လုပ်ရမှာပဲကွ"

"ဘာ"

"စီးပွားရေးအရလေ"

"ဟား…ဟား…ဟား..ဟား"

ဒဏ္ဍာက အော်ရယ်လေတော့သည်။ နေညီ့ပုံစံက မိန်းမချော ချောနေတာလေ။ သူ့မျိုးကြားရင်တော့ တကယ်ခြောက်နေတယ်ထင်မလား မသိပါဘူး။ ကိုရီးယားချောလေးဆိုပြီး မိန်းကလေးတော်တော်များများရဲ့ စိတ်ဝင်စားခြင်းကိုခံရတာ နေညီပါ။

သူ့ကို စိတ်ဝင်စားကြတဲ့ မိန်းကလေးတွေကြားရင်တော့ ရင်ထုကုန်ကြမလား မသိပေ။

"မင်းရယ်လို့ ဝပြီလား ဒဏ္ဍာ"

"မင်း ဘာပြောမလို့လဲ…ပြောလေကွာ"

"မင်း ရည်းစားမထားပါနဲ့လားကွာ"

"ဟော့ကောင်…ငါ့ကို မင်း လိုင်းထဲဆွဲမထည့်နဲ့နော်။ မင်းခြောက်ချင်စိတ်ပေါက်ရင် ကိုယ့်ဘာသာ အေးအေးဆေးဆေးခြောက်။ သူခိုးသေဖော် လာမညှိနဲ့။ ငါက မျိုးဆက်အတုံးမခံနိုင်ဘူး။ မိန်းမယူမှာ"

"မျိုးဆက်…ဟုတ်လား"

"ဟုတ်တယ်လေ…ငါ့မိဘတွေ မွေးထားတာ ငါတစ်ယောက်တည်းရယ်။ ငါမှ မိန်းမ မယူရင် မျိုးဆက်တုံးသွားမှာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com


"တုံးလို့ ကိုယ့်မျိုးဆက် မကျန်ခဲ့တော့ ကိုယ်သေရင်တောင် ဘယ်သူ့အတွက်မှ စိတ်ပူစရာ မလိုဘူးလေကွာ။ ပိုပြီးတောင် ကောင်းသေး။ အသေဖြောင့်တော့ ကောင်းရာမွန်ရာ မြန်မြန် ရောက်တာပေါ့"

"ဟား…တော်ပြီ ဟေ့ကောင်။ ဒီကိစ္စ ဆက်ပြောရင် ခင်းနဲ့ငါ ဖဆပလ ဖြစ်တော့မယ်။ အေး…အခု ကတော့ အဓဂ္ဂဝင်ကို ငါ ဖြတ်မယ်။ အချိန်တန်လို့ အိမ်ထောင်ပြုရင်တော့ ခင်း မတားနဲ့တော့။ ငါ မျိုးဆက်အတုံး မခံနိုင်ဘူး"

ဒဏ္ဍာ ရယ်ရယ်မောမောနှင့် ပြောလိုက်သည်။ ဟုတ်တယ် လေ…နေညိုလုပ်ပုံက ရယ်စရာပဲဟာ။ အခုပြောနေတဲ့စကားတွေ ကို သူများကြားရင် နေညိုက အပုန်းမဗို့လို့ ဒဏ္ဍာကို တစ်ဖက် သတ်ကြိုက်ပြီး တားမြစ်ပိတ်ပင်သလို ထင်ကြမယ်လေ။

တကယ်က…

နေညိုသည် မေတ္တာငတ်လို့ သူငယ်ချင်းကို အနှစ်နာခံပြီး ချစ်နေသူပါ။ ဒဏ္ဍာဆီကရတဲ့ မေတ္တာတရားကို ဆုံးရှုံးသွားမှာ ကြောက်နေတာမျိုးလေ။

ဒါကို အတ္တကြီးတယ်လို့ ခေါ်ရမလား။



www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၄)

"ဘာ…လမ်းခွဲကြရအောင်…ဟုတ်လား မောင်။ လမ်းခွဲဖို့ပြောရအောင် ဂန္ဓဝင် မောင် မကြိုက်တာ ဘာ...ပ်မိလို့လဲ။ ဂန္ဓဝင်မှာ ဘာအပြစ်ရှိလို့လဲ မောင်။ အကြောင်းပြချက်မရှိဘဲနဲ့တော့ ဂန္ဓဝင်ကို လမ်းခွဲဖို့စကား မပြောပါနဲ့"

ဒဏ္ဍာ ကန်ရေပြင်ကို ငေးနေရင်းမှ သက်ပြင်းချလိုက်မိသည်။ ဂန္ဓဝင်ကို သူ အားနာပါသည်။ လမ်းခွဲစကား မပြောချင်ပါဘူး။ တစ်ဖက်က တကယ်ချစ်ရင် ဘယ်လောက်ခံစားရမလဲဆိုတာ တွေးကြည့်ပြီး ကိုယ်ချင်းစာပါသည်လေ။

ကိုယ်ချင်းစာသော်ငြားလည်း…

မတတ်နိုင်ဘူးလေ။ အချစ်ဆုံးသူငယ်ချင်း သခေ့ာမက တဲ့အလုပ်ဆို သူမှ ရှေ့ဆက်မလုပ်ချင်တာ။ နေညို ကိုသို့ကို စိတ်


www.burmeseclassic.com

www.burmeseclassic.com


မှာ…နေညို စိတ်ညစ်မှာကို ဒဏ္ဍာ မလိုချင်ပေ။ ကိုယ် အနိုင် ကျင့်သမျှ ခံနေတဲ့ သူငယ်ချင်းကို မိန်းမတစ်ယောက်နဲ့ယှဉ်ပြီး မဆုံးရှုံးချင်ပေ။

ချစ်သူဆိုတာ အစားထိုးလို့ရပေမယ့် သူငယ်ချင်းကောင်း ဆိုတာ အစားထိုးလို့ မရဘဲလေ။

"မောင်…အကြောင်းပြချက် မပေးနိုင်ဘူး ဂန္ဓဝင်။ မဖြစ် နိုင်လို့ လမ်းခွဲကြတယ်လို့ပဲ သတ်မှတ်လိုက်ပါ"

"မောင်"

"မင်းမှာ အပြစ်မရှိပါဘူး။ အပြစ်ရှိသူက မောင်ပါ"

"အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့…မောင်။ မောင် ဘာ အပြစ်လုပ်ထားလဲ။ ဘာအပြစ်ပဲလုပ်ထားလုပ်ထား ဂန္ဓဝင် မောင့် ကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ ခွင့်လွှတ်နိုင်တယ် မောင်"

ဒဏ္ဍာ ခေါင်းကို ခါယမ်းလိုက်မိသည်။ အကြောင်းရင်းကို သိလို့ သူများတွေ ဘယ်လိုပဲ ဝေဖန်သုံးသပ်ပါစေ ဒဏ္ဍာ နေညို ထက် ဘယ်သူ့ကိုမှ ပိုပြီးဦးစားမပေးနိုင်ပေ။ နေညိုထက် ချစ်သူ ဆိုတာကို ပိုမချစ်နိုင်ပေ။ နေညို့အပေါ် အနိုင်ကျင့်ခဲ့တာတွေ ရှိပေမယ့်…

တကယ်တမ်းမှာ…

နေညို့ကို ဒဏ္ဍာ မရက်စက်နိုင်ဘူးလေ။ တစ်ယောက်နဲ့ တစ်ယောက် မခေါ်မပြောဘဲမှ မနေနိုင်ကြဘဲဟာ။

"မင်းရဲ့အချစ်ကို ကိုယ် အသိအမှတ်ပြုတယ် ဂန္ဓဝင်။


www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြေလည်း မပေးချင်ဘူး။ ကိုယ် လမ်းခွဲမယ်ဆိုမှတော့ ကိုယ့်ဘက်မှာ အကြောင်းပြချက်ရှိလို့ပေါ့။ ဒါပေမဲ့ အဲဒီအကြောင်းပြချက်ကို မင်း သိခွင့်မရှိဘူး"

ဂန္ဓဝင် မျက်မှောင်လေးကြုတ်သွားကာ…

"ဘာလဲ…နေညို့ကြောင့်လား…မောင်။ သူက ဂန္ဓဝင်နဲ့လည်း ဖြတ်ခိုင်းပြန်ပြီလား။ သူက ဘာလဲ…မောင်တို့နှစ်ယောက်က ယောကျ်ားချင်း"

"မင်း စကားကို ရှေ့မဆက်နဲ့ ဂန္ဓဝင်။ မင်း ပါးစပ်ကို အခု ပိတ်လိုက်တော့"

"ပြောရမှာပဲ…မောင်။ မောင်က ဘာလို့ သူ့စကားကို နားထောင်နေရတာလဲ။ မောင့်နှလုံးသားရေးကိစ္စ မောင်ပဲ ဆုံးဖြတ်ရမှာ။ သူ ဘာမှ ချုပ်ကိုင်ချယ်လှယ်ခွင့် မရှိဘူး။ သူက မောင့်ရဲ့အုပ်ထိန်းသူ မဟုတ်သလို မောင့်ရဲ့ဇနီးမယား မဟုတ်ဘူးလေ။ သူ ဝင်ပြီးစွက်ဖက်ခွင့် မရှိဘူး"

"ဂန္ဓဝင်"

ဒဏ္ဍာ ဂန္ဓဝင်ကို အော်ပစ်လိုက်မိသည်။ နေညို့ရှေ့မှာသာ နေညို့ကို ရွဲ့ပြီး ရည်းစားဘက်က ရပ်တည်သလို ဖြစ်ချင်ဖြစ်မယ်။ နေညို့ကွယ်ရာမှာတော့ နေညို့ကိုထိရင် ဆတ်ဆတ်ထိမခံပေ။ နေညို့ကို သူများမုန်းမှာမျိုးလည်း မဖြစ်စေချင်ပါဘူး။

ဒါကြောင့်…

"မင်း ဘယ်သူ့ကိုမှ ပုတ်ခတ်စရာမလိုဘူး ဂန္ဓဝင်…



www.burmeseclassic.com

www.burmeseclassic.com



ခင်းထင်သလို ငါ နေညို့စကားကို နားထောင်တာလည်း မဟုတ်ဘူး။ ငါ့စိတ်နဲ့ ငါ့ကိုယ်ကို ငါပဲပိုင်တယ်။ ငါက သူများပြောတိုင်း ခေါင်းညိတ်လက်ခံတတ်တဲ့ကောင် မဟုတ်ဘူး"

"ဒါဆို"

"ဟုတ်တယ်…မင်းနဲ့ လမ်းခွဲဖို့ဆုံးဖြတ်တာ ငါ့သဘောနဲ့ ငါပဲ။ ဘယ်သူ့ပယောဂမှ မပါဘူး။ မဆိုင်တဲ့သူကို ဆွဲမထည့်နဲ့"

စိတ်မရှည်တဲ့လေသံနဲ့ ခပ်မာမာပြောနေတဲ့ ဒဏ္ဍာကို ဂန္ဓဝင် မယုံနိုင်သလို ခပ်ငေးငေးပဲ ကြည့်နေလေသည်။ ဒဏ္ဍာ အရင်က ရည်းစားတွေထားခဲ့ဖူးတာ ဂန္ဓဝင် သိပါသည်။ သိသိနဲ့ ကို ချစ်မိတာက နှလုံးသားရဲ့အလိုဆန္ဒကို မတားဆီးနိုင်ခဲ့လို့ပေါ့။

ဂန္ဓဝင်ကို ကိုယ်တကယ်ချစ်တာပါတဲ့။ ယုံခဲ့မိသည်လေ။ ချစ်တဲ့စိတ်ကြောင့် စုံလုံးကန်းခဲ့တဲ့ မျက်စိက အပြစ်ဟူသမျှ မမြင်နိုင်အောင် အချစ်က ဖုံးကွယ်ခဲ့သည်ပေါ့။

"ဂန္ဓဝင်နဲ့ လမ်းခွဲချင်တာ ဘာကြောင့်လဲ မောင်။ သေချာတဲ့ အကြောင်းပြချက်တစ်ခုပေးပါ"

ဒဏ္ဍာ မျက်မှန်ကိုချွတ်ပြီး ဂန္ဓဝင်နဲ့ မျက်နှာချင်းဆိုင်လိုက်သည်။ ပြီးတော့ ဂန္ဓဝင်ကို ခပ်စူးစူးကြည့်ပြီး…

"မင်းကို စိတ်မပါတော့လို့…ရှင်းလား"

"ဟင်"

"မင်း…ငါ့အကြောင်းကို သိပါတယ်။ အချစ်နဲ့ပတ်သက်ပြီး ငါက လှေနံဓားထစ် ချစ်တတ်တဲ့ကောင် မဟုတ်ဘူး။ ဘွဲ့ရ



www.burmeseclassic.com

www.burmeseclassic.com


တာကြာလာရင် ရိုးတယ်။ စကားပြောရတာတောင် ပျင်းလာတတ်တာ"

"အဲဒါ…ရှင် နှမချင်း ကိုယ်ချင်းမစာတတ်တာပဲ မင်းဒဏ္ဍာရီ"

"နှမချင်း စာနာပေးရအောင် ငါ့မှာ နှမမှ မရှိတာ"

"ရှင် စကားကို တော်တော်လွယ်လွယ် ပြောတတ်ပါလား။ အဲဒီလို ပေါ့ပျက်ပျက်ပြောတိုင်း လက်ခံရအောင် ကျွန်မက ပေါ့ပျက်ပျက် မိန်းမတစ်ယောက်မဟုတ်ဘူး ကိုမင်းဒဏ္ဍာရီ"

"ဘယ်အရာမဆို ကာယကံရှင်တွေရဲ့ သတ်မှတ်ချက်အပေါ်မှာ မူတည်တယ်…ဂန္ဓဝင်။ ကိုယ် မကောင်းတာလုပ်ခဲ့လို့ လက်ညှိုးထောင်ပြီး ဝန်ခံတဲ့သူက အရှုံးသားလား။ ဘာပဲဖြစ်ဖြစ်ပါ…မင်းက ပေါ့ပျက်ပျက် မဟုတ်တာ…ဟုတ်တာ ငါ စိတ်မဝင်စားဘူး။ ငါ မင်းကို စိတ်မဝင်စားတော့တာပဲ ငါ သိတယ်"

"တောက်"

ဂန္ဓဝင် တက်ခေါက်ပြီး လက်ကို ကျစ်နေအောင် ဆုပ်ထားလိုက်မိသည်။ လက်ဖဝါးထဲမှာ ဖန်ခွက်တစ်လုံးကိုသာ ဆုပ်ကိုင်ထားမိရင်း ခွပ်ကနဲ ကွဲပြီး ညက်ညက်ကြေမလား မပြောတတ်တော့ပါဘူး။

"ရှင်…ရှင် စိတ်မပါတိုင်း မိန်းကလေးတစ်ယောက်ကို ဖြတ်ချင်တိုင်းဖြတ်လို့ ရမယ်ထင်နေလား ကိုမင်းဒဏ္ဍာရီ"

"ဟာ…ငါမှ မင်းကို စိတ်မပါတော့တာ"


www.burmeseclassic.com

www.burmeseclassic.com


ဂန္ဓဝင် မဲ့ပြုံးပြုံးလိုက်ပြီး…

"ရှင်…ထားခဲ့တိုင်း နေရစ်ခဲ့မယ့် မိန်းမထဲမှာ ကျွန်မ မပါဘူး ကိုမင်းဒဏ္ဍာရီ။ ကျွန်မက ရေမြွေတော့ ရေမြွေပါ။ ဒါပေမဲ့ အဆိပ်ရှိကြောင်း ရှင် တစ်နေ့ သိစေရမယ်"

"လုပ်လေ…မင်း အစွမ်းရှိသလောက် လုပ်ပေါ့။ မင်း ပြောချင်တာကုန်ပြီလား"

"ရှိသေးတယ်"

"ဒါဆိုပြော…မင်းမှာ နောက်ထပ် ငါနဲ့ စကားပြောခွင့် မရှိတော့ဘူး"

ဂန္ဓဝင် သူ့ကို ခပ်စူးစူး ကြည့်လေသည်။ ထိုအကြည့်စူးစူးကြောင့် ပြတ်ထွက်စေ၊ ပေါက်ထွက်စေလို့များ ကျိန်စာတိုက်ရင် ခင်းဒဏ္ဍာရီဆိုတဲ့ကောင် အစအနတောင် ရှာလို့တွေ့ပါ့မလား မသိ ပါဘူး။

"ရှင်…ကျွန်မဝင့်တွေ မလည်ပါစေနဲ့"

ဒဏ္ဍာ မျက်မှန်ကိုပြန်တပ်ပြီး ဂန္ဓဝင်ရှေ့ကနေ ထွက်လာခဲ့ တော့သည်။ အပြစ်မရှိသူကို ဘလိုင်းကြီး လမ်းခွဲစကားပြောရ တာ စိတ်တော့မကောင်းပါဘူး။ ဂန္ဓဝင်အတွက်သာ စိတ်မကောင်း ဖြစ်တာ။ ကိုယ့်ရင်ထဲမှာတော့ မရှုမလှ ခံစားရတာမျိုး မဖြစ်ပေ။

ကားဆီသို့ လှမ်းလာတဲ့ခြေလှမ်းတွေက သွက်လက်မြန်ဆန် ၏။ ခုလောက်ဆို နေညို စောင့်နေရောပေါ့။ ဒဏ္ဍာ ကားမောင်း ရင်းမှ လမ်းခွဲခဲ့ပြီးသော ရည်းစားဟောင်းတွေအကြောင်း တွေးမိ


www.burmeseclassic.com

www.burmeseclassic.com


ရင်း ပြုံးမိပါသည်။ ဒီလိုပဲ လမ်းခွဲမယ်ဆိုတိုင်း ပက်ပက်စက်စက် ပြောသွားတတ်ကြတာလေ။ ပြောကြပါစေပေါ့။

အဲဒီလို အပြောခံလိုက်ရရင် ကိုယ့်အပြစ်ကျေပြီလို့ သတ်မှတ်ခြင်းနဲ့ စိတ်ထဲမှာ လေးလေးနက်နက် ခံစားရတာ မရှိပေ။

နေညို့ဆီကိုရောက်တော့…

"ဘယ်လိုလဲ…အဆင်ပြေခဲ့လား"

ဒဏ္ဍာ လက်မ ထောင်ပြလိုက်ပြီး…

"မင်းဒဏ္ဍာရီပဲလေ"

"ပါးရိုက်မခံရဘူးမဟုတ်လား"

"အေးဆေးပါ…အေး…ငါ မင်းဖြစ်စေချင်သလို ဖြစ်အောင်လုပ်ခဲ့ပြီးပြီနော်။ ကိုယ့်အလှည့်ကျ မန္တစတမ်းပဲ"

"OK… မင်းက သေဆိုရင်တောင် ငါ သေပေးမယ်"

"အဟား"

ဒဏ္ဍာ ရယ်လိုက်ပြီး ကားကို မှီရပ်လိုက်ကာ…

"တကယ်ကြီးလား"

"မင်း ခိုင်းကြည့်လိုက်လေ"

"ဒါဆို ထိုင်ထ အခါတစ်ရာလုပ်"

"ဟာ…လမ်းလယ်ခေါင်ကြီးမှာ"

နေညို ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ပြီး ပြောလိုက်လေတော့…


www.burmeseclassic.com

www.burmeseclassic.com



"ဟ… သေဆိုရင်တောင် သေပေးမယ်ဆို…မင်းပဲ ပြောတာ"

"လုပ်မယ်ကွာ"

နေညို လက်နှစ်ဖက်နှင့် နားရွက်ကိုဆွဲပြီး ထထိုင်လုပ်လေတော့သည်။ ဒါ သေခိုင်းတာမှ မဟုတ်ဘဲလေ။

"တစ်"

"………"

"နှစ်"

"………"

"သုံး"



www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၅)

"ရိုက်လေ…ဟော့ကောင် ရိုက်၊ အဲဒီလိုပုံတွေကို အမိအရ ရိုက်ကွ"

"ရိုက်နေတယ်လေကွာ"

မြတ်အောင်နဲ့နေလင်းထွန်း သူများကို ခတ်ပုံခိုးရိုက်နေ တာပါ။ သူတို့ ခတ်ပုံခိုးရိုက်နေတဲ့သူများဆိုတာက မင်းဒဏ္ဍာရီ နဲ့နေညိုချိန်ပါ။ မြတ်အောင်က သူလည်း ဖုန်းတစ်လုံးနဲ့ အလုပ် ရှုပ်နေသလို နေလင်းထွန်းကိုလည်း ပါးစပ်က တဗျစ်တောက် တောက် ပြောနေသေးသည်လေ။

ရောက်နေတာက အင်းယားကန်ဘောင်မှာဆိုတော့ ဒီပုံတွေ Facebook ပေါ် တင်လိုက်လို့ကတော့ နာမည်ကြီးသွားမလားပါပဲ

နေညိုက ဒဏ္ဍာ ပခုံးကိုမှီလို့၊ ဒဏ္ဍာက နေညိုပခုံးကို ဖက်ထားသည်လေ။ နေညိုက မိန်းမချော ချော့တဲ့အထဲ ဆံပင်


www.burmeseclassic.com

www.burmeseclassic.com



က မပေ့ာ်ဂနီရောင်ကိုဆိုးထားပြီး မျက်နှာတစ်ခြမ်းအုပ်လုအောင် ခပ်ရှည်ရှည်ပါ။ မသိရင် အတွဲလို့ ထင်ကြမလားပဲပေါ့။

"ဟိုနေ့က ထိုင်ထအခါတစ်ရာလုပ်ရ...ဘ သေလုရောပဲ။ အိမ်ရောက်တော့ ပေ့ကားတောင် မတက်ချင်တော့ဘူး"

"ကိုယ့်အလှည့်ကျ မနွဲ့စတမ်းလေကွာ...မင်းထိုက်နဲ့ ခင်းကံပဲ"

"ဘာမှ မကန့်ပါဘူး။ အားနွဲ့သူမို့ပါ ရှင်ရယ်"

"ဝေါ့...ထွီ"

နေညိုက နွဲ့ဟန်ပြတော့ ဒဏ္ဍာက ရွံ့သလို တံတွေးထွေး လေသည်။ ပြီးတော့ နေညို့ပခုံးကိုလည်း တွန်းပစ်လိုက်သေးရဲ့။

"လာခြောက်ပြမနေနဲ့။ ငါ အခြောက်မတွေဆို အသေမုန်း ဘာ မင်း သိတယ်နော်...ဟော့ကောင်။ လက်သီးနဲ့ထိုးလိုက်လို့ သွားသုံးဆယ့်နှစ်ကွပ်တာ အကုန်ကျွတ်ကျသွားမယ်၊ ဘာမှတ်လဲ"

"ဟင့်...လုပ်ရဘူးလေ...အချင်းချင်းတွေကို"

"ဟော့ကောင်...မင်းနော် နာတော့မယ်"

ဒဏ္ဍာ လက်သီးနှင့်ရွယ်တော့ နေညိုက ရယ်လေသည်။

"နဂိုကတည်းက ရုပ်က အခြောက်ရုပ်ပေါက်နေရတဲ့အထဲ ...ပြနေသေးတယ်။ မင်း ငါ့ထက် အရုပ်ရှည်နေလို့သာပေါ့။ ...တ်ရင် တွဲမသွားရဲဘူး"

"ဟ...အမေမွေးကတည်းက သူ့ဘာသာသူ ချောတာ။ ...က ဘယ်လိုလုပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်နေ့ မချောအောင် ငါ လုပ်ပေးမယ်"

"ဘယ်လိုလုပ်မှာလဲ"

"စောင့်ကြည့်"

"မင်း မဟုတ်က ဟုတ်ကတော့ မလုပ်နဲ့ကွာ…ဒဏ္ဍာ"

"လုပ်တော့ ဘာဖြစ်လဲ"

"လုပ်ကွာ"

ဒဏ္ဍာ ပြုံးစိစိနှင့် နေညို့ဆံပင်တွေကို ကိုင်ကြည့်မိသည်။ ပြီးတော့ ပါးပြင်ကို ကိုင်ကြည့်၊ မေးစေ့ကို ကိုင်ကြည့်၊ နှုတ်ခမ်းသားလေးကို ကိုင်ကြည့်လုပ်နေတာ အကောင်းတော့မဟုတ်ပေ။ ဒီမျက်နှာချောချောကို ရုပ်ဆိုးအောင် ဘယ်လိုလုပ်ရကောင်းမလဲလို့ စဉ်းစားနေတာပါ။

ဒါကို…

အမိအရ ဓာတ်ပုံရိုက်ထားတဲ့လူတွေက သိပ်ချစ်ကြတဲ့ ချစ်သူစုံတွဲဆိုပြီး Facebook မှာ တင်လိုက်လေသောအခါ…

"ဟယ်…သူတို့က အဲဒီလိုကြီးလား။ မထင်ရက်စရာပဲ ဟယ်"

"မထင်ရက်စရာလားဟ…ငါက အစကတည်းက ထင်တာ။ သူတို့နှစ်ယောက် ချစ်ပုံကိုကြည့်လေ…သူငယ်ချင်း ဆိုတာထက်ကို ပိုနေသလိုပဲ။ ယောကျ်ားချင်းဆိုပြီးသာ မထင် လိုက်ရတာ။ ထင်တော့ထင်သားပဲ။ နေညို့ပုံကို ကြည့်ပါလား။ တော်ရုံလှတဲ့ မိန်းကလေးတွေ သူ့အလှကို မမီဘူးလို့ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်”

“နမြောလိုက်တာဟယ်…ဟင့်”

“ဘယ်သူ့ကိုလဲ”

“နေညို့ကို နမြောတာပေါ့လို့”

“ငါက ဒဏ္ဍာရီကို နမြောတာ”

နေညိုနဲ့ဒဏ္ဍာပုံတွေက Facebook မှာ ပျံ့သွားပြီး သူတို့နဲ့ တစ်ကျောင်းတည်းတက်တဲ့ မိန်းကလေး၊ ယောကျ်ားတွေရဲ့ပါးစပ် ဖျားမှာ သူတို့နှစ်ယောက်အကြောင်းက ရေပန်းစားသွားလေတော့ သည်။ သို့လော…သို့လော ဝေဖန်သံတွေကလည်း အမျိုးမျိုးပါပဲ။

“လက်စသတ်တော့ ဒီကောင်က အပုန်းကိုးကွ။ အဲဒါ ကြောင့် ဘယ်အချိန်ပဲကြည့်ကြည့် မိန်းကလေးတစ်ယောက်လို မျက်နှာက လှပချောမွေ့နေတာ။ မိန်းကလေးတွေလို ပြုပြင် ခြယ်သတာတွေရှိမှာပေါ့”

“ခြယ်တာသတာတော့ မရှိလောက်ပါဘူးကွ”

“ပြောလို့ရမလားကွ။ မသိမသာ မိတ်ကပ်တို့ဘာတို့ ပါးပါးလိမ်းထားသလားမှ မသိတာ”

“မင်းဒဏ္ဍာရီဆိုတဲ့ကောင်ကလည်းကွာ…ကိုယ့်သူငယ် ချင်း အရင်းခေါက်ခေါက်ကြီးတောင် အလွတ်မပေးဘူး”

“ပေးမလားကွ…မင်းဒဏ္ဍာရီဆိုတဲ့ကောင်က နှာဘူးပဲ ဟာ”

ထိုသို့…ထိုသို့ အမျိုးမျိုး ပြောဆိုဝေဖန်နေကြတာကို



www.burmeseclassic.com

www.burmeseclassic.com



ဒဏ္ဍာနဲ့နေညိုကတော့ မသိသေးပေ။ မသိဆို…နှစ်ယောက်စလုံး က Facebook သုံးတာ နည်းသည်လေ။ အိပ်ချိန်တစ်ချိန်ကလွဲရင် ကျန်တဲ့အချိန်မှာ အတူတူနေတာများတော့ စကားနိုင်လု၊ ရယ်စရာ ပြော၊ စိတ်မထင်ရင် ရန်ထဖြစ်နဲ့ပဲ အချိန်ကုန်တာများသည် ဆိုတော့ သူတို့ မသိကြသေး။ ဆန်းတော့မဆန်းပါဘူး။

"နေညို…အဲလို အပုန်းလေးမှန်းသိရင်လေ…အဟိ"

"ဘာဖြစ်လဲ"

"စောစောကသိရင် ငါ ယူလိုက်ပါတယ်။ အဟဲ… တော်တော်လှတာကွ"

"နှာဘူး‥အခြောက်တောင် အလွတ်မပေးချင်ပါလား။ မင်း မျိုးဆက်တုံးမှာပေါ့ ငတုံးရ"

"တုံးစမ်းပါစေကွာ…အခုရရင် အခုတောင်ယူချင်တာ"

"ဟေ့ကောင်"

"အမ်"

ဟေ့ကောင်ဆိုပြီး နောက်ကနေ အင်္ကျီကုတ်ကိုဆွဲလို့ လှည့် ကြည့်လိုက်တော့ နေညိုပါ။

"ခွပ်"

"အ"

"ခွပ်"

"အ"

"ဟာ…နေညို မလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



နေညို့ကို ဝိုင်းဆွဲကြလေသည်။ တစ်ယောက်က နေညို့ကို ဝင်ထိုးမယ်လုပ်တော့ ဟိုလူ့ဆွဲ၊ ဒီလူ့ဆွဲနဲ့ ရုတ်ရုတ်သဲသဲပါပဲ။ အစအဆုံးကြားတာ မဟုတ်ပေမယ့် နေညို ကြားသင့်သလောက် ကြားပါသည်။ သူ့ကို အခြောက်လို့ပြောပြီး လှောင်နေကြတာ မဟုတ်လား။ ဒါကြောင့် စိတ်မထိန်းနိုင်ဘဲ ဒေါသကြောင့် ခုလို လုပ်မိတာပါ။

"နေညို...စိတ်ထိန်း...သူငယ်ချင်း...စိတ်ထိန်း"

"ငါ့ကွယ်ရာမှာ ငါ့ကို လှောင်နေတာကွ။ မင်းတို့ မှတ်ထား။ ငါ မခြောက်ကြောင်း အခု လက်တွေ့ပြလိုက်တာ"

"အေး...မင်းကသာ မခြောက်ဘူးပြောနေတာ။ မင်းနဲ့ ဒဏ္ဍာ ဘာလိုလိုသတင်းကတော့ ပျံ့နေပြီ"

"ဘာ"

မိုးသူအောင်က နေညို့ပခုံးကိုဖက်၍ ဖွဖွပုတ်ကာ...

"Facebook ဖွင့်ကြည့်လိုက်...သူငယ်ချင်း"

ပြောပြီး မိုးသူအောင်က သူငယ်ချင်းတွေကိုခေါ်ပြီး ထွက်သွားလေတော့သည်။ နေညို မိုးသူအောင်ပြောတာနှင့် Facebook ကို ဖွင့်ကြည့်လိုက်လေသောအခါ...

"ဟာ"

သူနဲ့ဒဏ္ဍာ အင်းယားကန်ကိုသွားတဲ့နေ့က ပုံတွေပါ။ share ထားလိုက်ကြတာများ မပြောချင်တော့ပါဘူး။ မူရင်းတင်တဲ့ account ပိုင်ရှင်ကို နေညို ရှာရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့…

ဒဏ္ဍာက ဖျားချင်သလို ဖြစ်နေလို့ဆိုပြီး ကျောင်းမတက်တော့ တစ်ကိုယ်တည်း ဖြေရှင်းရတော့မည်သာ။ နေညို လှေကားကိုတက်ဖို့ခြေအလှမ်း လှေကားကနေ ပြေးဆင်းလာသူနှင့်…

“အင့်”

“အို”

“ဟာ”

ကောင်မလေး ပြုတ်ကျသွားမှာစိုးလို့ နေညို လက်မောင်းကို ကပျာကယာ လှမ်းဆွဲလိုက်ရသည်။ ပါးစပ်ကလည်း…

“ဘယ်လိုဖြစ်လာတာလဲ”

“ဆောရီး…ဆောရီးပါရှင်၊ တောင်းပန်ပါတယ်…ဟင်”

တောင်းပန်နေတဲ့ ချာတိတ်မက နေညို့မျက်နှာကို ကြည့်မိလေတော့ အံ့သြသလိုဖြစ်သွားပြီး လက်ညှိုးတထိုးထိုးဖြစ်ကာ…

“ရှင်…ရှင်”

“ဘာလဲ…ရှင်ခိုင်းရအောင် ငါ မသေဘူး”

“မဟုတ်ပါဘူး…ရှင်က နေညိုချိန် မဟုတ်လားလို့ ပြောတာပါ”

နေညို မျက်မှောင်ကြုတ်သွားပြီး…

“မင်းက ငါ့ကို သိနေတာလား”

“ဒီလောက် Facebook မှာ နာမည်ကြီးနေတာကို မသိဘဲနေပါ့မလား”



www.burmeseclassic.com

www.burmeseclassic.com


"ဟာ…ငါ မင်းတို့ထင်သလို အခြောက် မဟုတ်ဘူးနော်။ တောက်…ပြောရင်းက ဒေါသထွက်တယ်။ ဘယ်ကောင်က account တုန့် လက်ကမြင်းပြီး တင်တယ်မသိဘူး။ တင်တဲ့ကောင် သိလို့ကတော့"

နေညို ပြောပြီးထွက်လာခဲ့တော့သည်။ လူတွေများ မလွယ်ပါလား။ ကိုယ့်ထမင်းကိုယ်စားပြီး ကိုယ့်အမေကို သူများဆဲအောင် လုပ်နေကြတာ။ တွေ့လို့ကတော့ မလွယ်ဘူးပဲ။



www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၆)

"ဟား...ဟား...ဟား...ဟား"

နေညို ဒေါသဖြစ်ဖြစ်နှင့် ပြောပြနေတာကိုပဲ ဒဏ္ဍာက အားရပါးရ ရယ်လေသည်။ ရုတ်တရက်ဆို ဒေါသဖြစ်ချင်စရာ ပေမယ့် သေသေချာချာ တွေးကြည့်ရင် ကိုယ်တွေ အနေအထိုင် မတတ်ခဲ့တာပဲလေ။ လူတွေက သတင်းဆိုရင် အမှားအမှန် မခွဲခြားဘဲ ဖွဖို့လောက်ပဲ သိကြတာမဟုတ်လား။

နေညိုအနေနဲ့ကတော့ ဒေါသဖြစ်စရာပဲပေါ့။ သူ့ကို ဘုန်းကညာတစ်ပါး ဖြစ်သွားစေတာကိုးလေ။

"မင်းက ဘာရယ်တာလဲ။ ငါ ဒေါသထွက်နေတာနော် ဟေ့ကောင်"

"ဟား...ရယ်မှာပေါ့။ အဲဒါ မင်း အနေအထိုင်မတတ်လို့ ဖြစ်တာလေ"



www.burmeseclassic.com

www.burmeseclassic.com


"မင်း ငါ့ကိုချည်းပဲ အပြစ်မပြောနဲ့။ မင်းကရော ငါ့ကို ဟိုကိုင်ဒီကိုင်နဲ့"

"ဟော့ကောင်…ဟော့ကောင်…ငါ့ကို အမှုကြီးအောင် မလုပ်နဲ့။ ငါကိုင်တာ မင်းရဲ့မျက်နှာပေါ်က အစိတ်အပိုင်း။ စကားပြောပုံက မသိရင် ငါကပဲ ဘာတွေကိုင်မှန်းမသိ"

"မင်းကလည်း"

နေညို့မျက်နှာက ရှက်သွေးဖြာသွားတဲ့အရိပ်တွေ လွှမ်းခြုံသွားပြီး မခို့တရို့ပုံစံ ပေါက်သွားလေသည်။

"တွေ့လား"

"ဘာလဲကွ"

"အခု…မင်းပုံစံက ဘာပုံပေါက်သွားလဲဆိုတာ ရှေ့မှာ မှန်ထောင်ပြချင်သေးတယ်။ ယောကျ်ားဖြစ်ပြီး ရှက်သွေးဖြာသွားတဲ့မျက်နှာက မိန်းကလေးအတိုင်းပဲ"

"တော်ကွာ"

တော်ကွာဆိုပြီး နေညို သူ့မျက်နှာကို လက်နှင့်ပြန်စမ်းမိလေသည်။ ဒဏ္ဍာက အခြောက်တွေဆို အသေမုန်းတာလေ။ ကိုယ်က ဒဏ္ဍာချစ်တာကိုပဲ ခံချင်တဲ့သူမဟုတ်လား။

"ဖြစ်နိုင်ရင် ငါက မိန်းကလေးဖြစ်ချင်တာ"

"ဘာ"

ဒဏ္ဍာ အရယ်မျက်နှာက တည်သွားလေသည်။

"မင်းက ဘာလို့ မိန်းကလေးဖြစ်ချင်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com


"ငါက မင်းအချစ်ကို ငါတစ်ယောက်တည်းပဲ ပိုင်ချင်တာ။ အခု မင်းက ဟိုကောင်မလေးချစ်လိုက်၊ ဒီကောင်မလေးချစ်လိုက်နဲ့"

"ဖိုခတတ်နဲ့မခတတ် ဆန့်ကျင်ဘက်ချစ်ကြတာ သဘာဝပဲဟာ"

"အဲဒါကြောင့် ပြောတာပေါ့။ ငါသာ မိန်းကလေးဆိုရင် မင်း ငါ့ကိုပဲ ချစ်မှာ။ ငါ စိတ်မညစ်ရတော့ဘူးပေါ့"

"ရူးပါ့ကွာ"

"ဟုတ်တယ်...ငါက အချစ်ရူး။ မေတ္တာတရားငတ်နေတဲ့ ငါ့ဘဝမှာ အနံ့တီလေးကလွဲရင် မင်းက ငါ့ရဲ့အချစ်ဆုံး"

"လုပ်ပြန်ပြီကွာ...အမူတော့ ကြီးကျော့မှာပဲ"

"ရှူး...ရှူး"

"........"

"ဟိတ်...ဒီမှာ"

"ဟင်"

နောက်ကခေါ်သံကြောင့် နှစ်ယောက်စလုံး လှည့်ကြည့်လိုက်ကြတော့ ဟိုဘက်ခြံကနေ ဒီဘက်ခြံက နေညိုတို့ကိုကြည့်ပြီးခေါ်နေတာ ကောင်မလေးတစ်ယောက်ပါ။ နေညို ဒီကောင်မလေးမျက်နှာကို မြင်ဖူးတယ်ဆိုပြီး စဉ်းစားကြည့်မိ၏။

ခဏအတွင်းမှာ မှတ်မိသွားကာ...

"သြော်...သူက ဟိုဘက်ခြံကကိုး"


www.burmeseclassic.com

www.burmeseclassic.com


နေညို ထသွားလေတော့ ဒဏ္ဍာပါ လိုက်လာကာ...

"မင်းနဲ့ သိနေတာလား...နေညို၊ ဟိုဘက်ခြံကလား"

"မသိပါဘူး...စပ်စပ်စုစု"

"သိများသိသလားလို့ပါ"

နေညို ဒဏ္ဍာလိုက်လာတာကို သိပ်မကြိုက်ချင်ပေမယ့် နောက်လှည့်ပြန်ဖို့အထိ သရုပ်မပျက်ချင်ပေ။ ခြံစည်းရိုးအနားကို ရောက်လေတော့...

"ကဲ...ပြော...အမိ...ဘာကိစ္စ"

"နေညိုချိန် မဟုတ်လားဟင်"

"ဟုတ်တယ်လေ...ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး...နေညိုချိန်နဲ့ တို့က အိမ်နီးချင်းတွေလေ။ တို့က ပြောင်းလာတာ မကြာသေးတော့ အသိမိတ်ဆွေမရှိဘူး။ ပတ်ဝန်းကျင်က အစိမ်းသက်သက်လိုဖြစ်နေတာ"

"အဲဒီတော့"

"အဲဒီတော့ နေညိုချိန်တို့နဲ့ သူငယ်ချင်းဖြစ်ချင်လို့ပါ"

"ဟာ...ရပါတယ်။ သူငယ်ချင်းဖြစ်ချင်တာပဲ...ရတာပေါ့။ သူငယ်ချင်းတိုးတာ ကောင်းတာပဲဥစ္စာ။ ရန်သူတိုးတာမှ မဟုတ်တာ"

ပျာပျာသလဲ ဝင်ပြောလိုက်သူက ဒဏ္ဍာပါ။ နေညို သဘောမကျဘူးဆိုတာသိလို့ တမင်ရွှဲပြီး ပြောလိုက်တာလေ။ တကယ်တမ်းမှာလည်း သူပြောတာ အမှန်ပဲမဟုတ်လား။


www.burmeseclassic.com

www.burmeseclassic.com


မိတ်ဆွေတိုးတာ၊ ရန်သူတိုးတာမှ မဟုတ်ဘဲ။ ဝမ်းသာစရာပဲလေ။

"ဒါဆို ခင်ကြမယ်နော်··တို့နာမည်က နွေဆည်းဆာပါ"

"တို့နာမည်က မင်းဒဏ္ဍာရီပါ"

"ဒဏ္ဍာတို့နှစ်ယောက်စလုံးကို ဆည်းဆာက သိပါတယ်။ Facebook မှာ တွေ့လိုက်တာလေ။ ကျောင်းမှာ နာမည်ကြီးပေါ့"

"ဟား···လာပြန်ပြီ ဒီကိစ္စ။ မကောင်းသတင်းနဲ့ နာမည်ကြီးသွားတာလေ။ အဲဒါ··· ဒီကောင် အနေအထိုင်မတတ်လို့ပေါ့"

ဒဏ္ဍာက ပြောပြီး နေညို့ခေါင်းကို ဖိလှုပ်လေသည်။ သူတို့နှစ်ယောက်ရဲ့ချစ်ခင်မှုကို အားကျနေသူက ဆည်းဆာပါ။ ဆည်းဆာက အထီးကျန်နေသူလို့ ဆိုရပေမည်။ အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက်ရှိပေမယ့် နိုင်ငံခြားမှာပါ။

မြန်မာပြည်မှာက···

ဆည်းဆာနဲ့မေမေ နှစ်ယောက်တည်းပဲဆိုပါတော့။ ဖေဖေက ဆည်းဆာ ရှစ်တန်းနှစ်မှာကတည်းက ဆုံးသွားတာလေ။ မေမေနဲ့ဆည်းဆာ နှစ်ယောက်တည်းရှိတဲ့အနက် မေမေက အလုပ်ကိစ္စနှင့် အပြင်ထွက်တာများနေတော့ အိမ်မှာဆို ဆည်းဆာ တစ်ယောက်တည်း အထီးကျန်နေရသည်သာ။

ကျောင်းမှာဆိုရင်တော့ သူငယ်ချင်းတွေနဲ့ စိတ်ပျော်လက်ပျော်ပဲ လွတ်လွတ်လပ်လပ် နေပစ်လိုက်သည်လေ။

"ငါ့ကိုချည်းပဲ မပြောနဲ့လေ···မင်းရော အနေအထိုင်


www.burmeseclassic.com

www.burmeseclassic.com


တတ်ခဲ့လို့လား"

"မင်းပဲ ငါ့ပခုံးကို လာမှီတာလေ…အဲဒီနေ့က"

"တော်ကွာ…ခုတ်ပုံနှိုးရိုက်တဲ့ကောင်တွေကိုပဲ ငါ ဒေါသထွက်တယ်။ အားအားယားယား သူများအကြောင်း သွားပုပ်လေလွင့်လုပ်တာ"

"ကဲ…တော်ကြပါတော့။ အဲဒီကိစ္စ ထားလိုက်ကြတော့။ ကိုယ်မဟုတ်ရင် ပြီးတာပဲဟာ"

ဆည်းဆာပြောတော့ နေညိုက မကြည်ကြည့်နှင့် ကြည့်လေသည်။ ဆည်းဆာက မလှမပ သာမန် ရုပ်ရည်ပိုင်ရှင် မိန်းကလေးဆိုရင် စိတ်ပူစရာ မလိုပါဘူး။ အခု ဆည်းဆာက…

အလွန်ချစ်ဖို့ကောင်းတဲ့ ကောင်မလေးတစ်ယောက်ပါ။ အသားအရည်က ဝင်းဝါစိုပြေနေပြီး နုနုဖတ်ဖတ်နှင့် ပါးလေးတွေက ပြည့်ပြည့်ဖောင်းဖောင်း၊ မျက်လုံးလေးတစ်စုံက ရွှန်းလဲ့တောက်ပနေပြီး ကော့ခြင်းပွခြင်းကင်းတဲ့ နှာတံလုံးစင်းစင်းလေးနှင့် နှုတ်ခမ်းလေးက မပွင့်တပွင့် နှင်းဆီငုံလေးလိုပါ။

"ဟုတ်တယ်… အဲဒီကိစ္စ ထားလိုက်တော့။ မင်းသောကျိုးပီသကြောင်း သက်သေပြနိုင်ရင် ပြီးတာပဲ"

"ဟိုဟာလေ"

"အင်း…ပြောလေ…နွေဆည်းဆာ"

"ဆည်းဆာလို့ပဲ ခေါ်ပါ…ဒဏ္ဍာရဲ့။ သူငယ်ချင်းဖြစ်တဲ့ အထိမ်းအမှတ်နဲ့ ဆည်းဆာ တစ်ခုခု လိုက်ကျွေးမယ်လေ…


www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလဲ”

“တကယ်လား”

“တကယ်ပေါ့”

“OK ...ဒါဆို သွားကြတာပေါ့”

နေညို ...ဒဏ္ဍာကိုကြည့်ပြီး မျက်စောင်းထိုးလိုက်လေလျှင်

“မျက်စောင်းမထိုးနဲ့ ...မိန်းမနဲ့တူတယ်”

ဘာမှမပြောတော့ပေမယ့် နေညို သိပ်မကြည်တာကို ဒဏ္ဍာ သိပါသည်။ ဒါကြောင့် ရွဲ့ချင်တာလေ။ ဒဏ္ဍာ ဘယ်မိန်းကလေးနဲ့မှ မပတ်သက်ရဲအောင် ချုပ်ချယ်သလိုဖြစ်နေတဲ့ နေညို့စိတ်ကို ကသိကအောက်ဖြစ်စေအောင်လုပ်ပြီး စချင်သည်။

ကြာတော့ အမြင်တောင်ကတ်ချင်လာပြီ။ ကိုယ့်အပေါ် သူချစ်တဲ့အချစ်ကို သူများတွေမပြောနဲ့ ...ကြာတော့ ကိုယ်တောင် သံသယဝင်ချင်လာသလိုပါပဲ။

“နေညို”

“ပြော”

“လိုက်မယ်မဟုတ်လား ...နေညို၊ တစ်ခုခုသွားစားရအောင်နော်”

ကိုယ်က မလိုက်ဘူးပြောလည်း ထားခဲ့ရုံပဲရှိမှာပါ။ ဒဏ္ဍာက လိုက်မယ်ဆိုပြီး သွားဖို့တောင် ပြောနေပြီလေ။ မလိုက်ချင်ပေမယ့် ဒဏ္ဍာနဲ့ဆည်းဆာ နှစ်ယောက်တည်းသွားရင် စိတ်မချပါဘူး။

ဒါကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com


"လိုက်မယ်"

"အဟွန်း...မလိုက်လည်း ထားခဲ့ရုံပေါ့"

"ဟော့ကောင်"

"လိုက်မယ်ဆိုတော့ ပြီးတာပဲလေ"

ဆည်းဆာကတော့ သူငယ်ချင်းနှစ်ယောက်ရလို့ ပျော်သွားသည်လေ။ ဒီနေ့ကစပြီး အထီးမကျန်တော့ဘူးပေါ့။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

နေညိုရဲ့မျက်နှာချောချောလေးကို ဒဏ္ဍာနဲ့ဆည်းဆာ အားကျိုးမာန်တက် ဖျက်ဆီးနေပါပြီ။ ဒီနေ့ ယောက်ျားပီသတဲ့ဖို ပေါက်အောင်တဲ့။ သူတို့နှစ်ယောက်ကြားမှာ နေညိုက အရုပ် တစ်ရုပ်ပါပဲ။ ကြိုက်သလို ဆေးခြယ်ကြပေတော့ ငြိမ်နေပေးရုံမှ လွဲ၍ ငြင်းဆန်ဖို့အင်အား မရှိဘူးလေ။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးအတုတွေတပ်…ပြီးတော့…

သွားတုကြီးက တပ်လိုက်သေး… မျက်နှာကိုလည်း ညိုအောင်ဆိုပြီး ဘာတွေလိမ်းပေးမှန်း မသိပေ။

"မော့…မျက်နှာနည်းနည်းမော့… ပြီးတော့မယ်"

ဆည်းဆာက နေညို့မျက်နှာကို မေးစေ့ကနေ ကိုင်ပြီး ဆွဲမော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့မယ်…ပြီးတော့မယ်နဲ့ အခုထိ မပြီးသေးဘူး။ ဒီထက် ယောက်ျားပီသစေချင်ရင် ကျားမျက်နှာဖုံးသာ စွပ်ပေးကြတော့ဟာ"

"မတူဘူးလေကွာ"

"ပြီးတော့မယ်…တကယ်ပြီးတော့မှာပါ နေညိုရဲ့။ ရှေ့ဆံပင်တုစွပ်လိုက်"

"ဟာမ်…ဆံပင်တုက စွပ်ရဦးမှာလား"

"စွပ်ရမှာပေါ့ကွ…မင်းဆံပင်က ဒီလောက်ပျော့ဖတ်ပြီး မိန်းမဆန်နေတာကို။ အစကတည်းက အဲဒီဆံပင်တွေ မပေါင်းပါနဲ့ပြောတာ စကားနားမထောင်ဘူး။ ပြောတော့သာ မင်းက မခံနိုင်တာ။ လှချင်လိုက်တာက စက်စက်ယို။ မိန်းကလေးအတိုင်းပဲ"

"အေး…မင်းပဲပြောတော့။ တောက်…ကွာ…သွားတုကြီးက တပ်ရသေး။ စကားပြောရတာ ပါးစပ်နဲ့လျှာ လမိုင်းမကပ်လိုက်တာ"

"ခစ်…ခစ်"

"ဘာရယ်တာလဲ"

ဆည်းဆာရယ်တော့ နေညိုက ဟောက်လေသည်။ ဟောက်လည်း ဆည်းဆာက မကြောက်ပါဘူး။ ရယ်မြဲရယ်ဆဲပဲလေ။ နေညိုက ဒဏ္ဍာကို ကြောက်တယ်လေ။ ဒဏ္ဍာက ဆည်းဆာဘက်မှာ ရှိနေတာမို့ မကြောက်ပါဘူး။

"ကဲ…ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဘက်လှည့်စမ်း"

ဒဏ္ဍာက နေညို့မျက်နှာကို သူ့ဘက်သို့ ဆွဲလှည့်ကြည့်ကာ

"နှုတ်ခမ်းမွေး ပြုတ်ကျနေဦးမယ်။ သတိထား…ပြီးရင် သွားမယ်။ ဓာတ်ပုံရိုက်ပေးမယ်"

"ဘာလုပ်မို့လဲ"

"မင်း ယောကျ်ားပီသကြောင်းကို Facebook တင်ပြီး ကြော်ငြာမယ်လေကွာ။ ဆည်းဆာနဲ့ အတူတူရိုက်။ နေညိုချိန် အရှင်လတ်လတ်ကနေ ဘဝပြောင်းသွားကြောင်း"

"ဟာ…ဟော့ကောင်"

"ဟင်"

နေညို…ဆည်းဆာကို ကမန်းကတန်း ကြည့်လိုက်တော့ ဆည်းဆာကလည်း သူ့ကိုကြည့်ပြီး မျက်နှာပျက်သွားလေသည်။ ဓာတ်ပုံအတူရိုက်ပြီး Facebook တင်မယ်ဆိုတော့ ယောကျ်ားလေးနဲ့မိန်းကလေး သူများတွေ ဘယ်လိုထင်ကြမလဲ။ ဒါကို ဒဏ္ဍာ မတွေးမိဘဲ နေပါ့မလား။

"ဘာဖြစ်တာလဲ"

"မင်း စဉ်းစားကြည့်လေ။ သူနဲ့ငါ ဓာတ်ပုံတွဲရိုက်တော့ သူများတွေက ဘယ်လိုထင်ကြမလဲ"

"အမယ်…နင်က နာအုံထင်နေတာလား…နေညို။ နင်က ယောကျ်ားလေး၊ ငါက မိန်းကလေး။ နာချင်းနာ ငါကနာရမှာ ဟဲ့"

www.burmeseclassic.com

www.burmeseclassic.com


"အေးလေ...ငါကလည်း နင့်အတွက်ပဲ ပြောနေတာပါ"

"နေစမ်းပါဦး... မင်းတို့နှစ်ယောက်က ဘာတွေကို တစ်လွဲတွေးနေတာလဲ။ ငါပြောချင်တာက မင်းတို့နှစ်ယောက် ခတ်ပုံတွဲရိုက်ပြီး နွေဆည်းဆာက ရုပ်ဖျက်ပညာတော်လို့ နေညိုချိန် ယောကျ်ားပီသတဲ့ပုံ ပေါက်သွားပြီလို့ စာရေးတင်မှာ။ ပြီးတော့ သူငယ်ချင်းတွေဆိုတာလည်း ရေးဦးမှာ။ ဘယ်သူက ဘာများနာစရာရှိလို့လဲ"

"ဘယ်သိမလဲ၊ နင်က စကားကို ရှေ့မဆက် နောက် မဆက်ပြောတာကိုး"

ဆည်းဆာက နှုတ်ခမ်းလေးစူကာပြောလေတော့ ဒဏ္ဍာ ဒေးကနဲ ဖြစ်သွားလေသည်။ ဒီကောင်မလေး တော်တော် ချစ်ဖို့ ကောင်းတာပဲလို့ တွေးမိပြီး ရင်ထဲမှာ တစ်မျိုးဖြစ်သွားပေမယ့် အကြည့်ကို လွှဲဖယ်လိုက်ပြီး...

"ကဲ...ပြီးရင် သွားကြမယ်"

"သွားက ပြုတ်မကျလောက်ပါဘူး။ သေသေချာချာလုပ် နော် နေညို...သတိထား"

"ဟာ...ဆည်းဆာ နင် ဘာတွေပြောနေတာလဲ။ ငါက နေညို သွားတုပြုတ်ကျမှာစိုးလို့ ပြောတာမဟုတ်ဘူးဟ။ ယရစ် ကြနဲ့ သွားကြမယ်လို့ ပြောတာ"

"သိသားပဲ...တမင်ပြောတာ"

ဆည်းဆာက မျက်စောင်းထိုးပြီး ထွက်သွားလေတော့...



www.burmeseclassic.com

www.burmeseclassic.com


"ဟော့ကောင်"

"ဟာင်"

ဒဏ္ဍာက ဆည်းဆာကို လိုက်ငေးပြီး ပြုံးနေသဖြင့် နေညို စိတ်တိုစွာနှင့် ဒဏ္ဍာပခုံးကို လက်သီးနှင့် မနာအောင် ဖွဖွထိုး၍ ခေါ်လိုက်တာဖြစ်သည်။

"ဘာလဲ…နာခေါင်းက ပူလာပြီလား"

"ပူတယ်ဆို…မင်းက ကြည်ဖြူမှာလား"

"အဟွန်း"

နေညို ခနဲ့ပြုံး ပြုံးပြီး ထွက်လာခဲ့တော့သည်။ ဒဏ္ဍာ မေးခွန်းအတွက် သူ့မှာ အဖြေမှမရှိဘဲလေ။ ဒဏ္ဍာက နောက်မှ လိုက်လာရင်း…

"တကယ် တွေးကြည့်ရင် ငါ့စိတ်နဲ့ ငါ့ကိုယ် ငါပဲ ပိုင်တယ်။ ဘာပဲဖြစ်ဖြစ် မင်းကြည်ဖြူဖို့၊ မကြည်ဖြူဖို့ ခွင့်တောင်း နေစရာမှ မလိုတာ။ မင်း ငါ့ကို မချုပ်ချယ်ချင်နဲ့တော့ နေညို၊ မင်းကြောင့် ငါ မျက်နှာများတဲ့ကောင် ဖြစ်ခဲ့ရတာ။ ဒီတစ်ခါ တော့ မင်းကို ငါ ငဲ့ကွက်နေမှာ မဟုတ်တော့ဘူး။ မင်း စိတ် ခံစားမှုကို ဦးစားမပေးပါနဲ့"

ဒဏ္ဍာ အပြတ်ပဲပြောလိုက်တော့ နေညို ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။ ဟုတ်တယ်လေ…နေညိုက စိတ်ခံစားမှု ကို ဦးစားပေးတာ။ မေတ္တာငတ်နေတယ်ဆိုပြီး အထီးကျန်တယ်လို့ ခံစားနေသရွေ့ ပျော်ရွှင်မှုဆိုတာကို ဘယ်လိုလုပ်ပြီး ရနိုင်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးမှာ…

နေတတ်ရင် ကျေနပ်စရာတွေချည်းပါပဲ။ အပျော်ဆိုတာ ကိုယ်က ဖန်တီးယူလို့ရနေတာပဲ။ ဒါကို မဖန်တီးဘဲ ကိုယ့်စိတ်ကိုယ် ဘောင်ခတ်ထားတော့ သူ့အတွက် အထင်တွေ၊ အမြင်တွေဟာ ကျဉ်းမြောင်းနေတာပေါ့။ အထီးကျန်တယ်ဆိုတာ စိတ်ကို ဘောင်ကျဉ်းကျဉ်းလေးထဲမှာ ထားလို့ပဲပေါ့။

"ငါက စိတ်ခံစားမှုကို ဦးစားပေးမိနေတာလား"

"မင်းမှာ ခေါင်းပါတယ်။ ခေါင်းထဲမှာ ဦးနှောက်လည်း ရှိတယ်။ သေသေချာချာ ပြန်စဉ်းစား"

နေညို ရင်ထဲမှာ ပူလောင်လောင်ကြီး ဖြစ်သွားလေတော့သည်။ ဒဏ္ဍာ့စကားက သူ့အပေါ် ငြိုငြင်နေတဲ့သဘောပါပဲ။ တစ်ခါတလေ ခံစားမှုဆိုတာ ဖွင့်ပြောပြတာထက် မျိုသိပ်ထားတာက ပိုကောင်းပါတယ်လေ။

"မင်းသဘောပါ။ ဒီနေ့ကစပြီး မင်းနဲ့ပတ်သက်ပြီး ငါ ဘာမှ ဝင်ပြီးမစွက်ဖက်တော့ဘူး ဒဏ္ဍာ။ ငါ နေတတ်အောင် နေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၈)

"နေညို...ယောက်ျားစစ်စစ်ပါခင်ဗျ"

"အမ်"

"ကျွန်တော့်ဘေးက နေညိုချိန်ပါခင်ဗျာ။ ယောက်ျားပီသ ကြောင်းကို ဟောဒီလို သက်သေပြတာပါ။ သူငယ်ချင်းအပေါင်း တို့...နေညိုချိန်ကို ရှေ့ကပဲကြည့်ကြည့်၊ နောက်ကပဲကြည့်ကြည့် ဘေးကပဲကြည့်ကြည့် ကြည့်ချင်သလိုကြည့်၍ ဝေဖန်အကဲခတ် နိုင်ပါကြောင်း ကြေညာမောင်းခတ်လိုက်ပါသည်ခင်ဗျား"

"ကျွတ်"

ဒဏ္ဍာက လျှောက်အော်နေသဖြင့် နေညို မျက်နှာ ဘယ်ထားရမှန်း မသိတော့ပေ။ ဒဏ္ဍာကို မလွန်ဆန်နိုင်လို့သာ ဒီပုံစံလုပ်တာကို လက်ခံတာ။ သေချင်စော်နံနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com


"ဟယ်...သူက တကယ်နေညှိုလား"

"ဘယ်လိုတွေ လုပ်ပေးထားကြတာလဲဟယ်...ဒီလောက် ရှုပ်ဆိုးအောင်။ ပင်ကိုရုပ်ကလေး နှမြောစရာ"

"ယောက်ျားပီသကြောင်းပြတာ...ဒီလိုလုပ်ဖို့ လိုလို့လား ဒဏ္ဍာရဲ့။ သွားတုကြီးက မဆီမဆိုင် တပ်ရသေးတယ်"

"ဒဏ္ဍာ တမင်အနိုင်ကျင့်တာပဲ ဖြစ်မှာပါဟာ"

"ဟုတ်မှာပါ...သူက ငယ်နိုင်ပဲဥစ္စာ"

ကောင်မလေးအချို့က မကျေနပ်သလို ဒဏ္ဍာကိုပဲ အပြစ် တင်ကြလေသည်။ ဒဏ္ဍာက အပြုံးမပျက်နှင့်ပဲ...

"ဘာဖြစ်လဲ...အနိုင်ကျင့်တော့ရော နင်တို့နဲ့ ဘာဆိုင်လို့ လဲ။ ကာယကံရှင် ကျေနပ်ရင် ပြီးတာပဲ"

"ကာယကံရှင်က နင့်သူငယ်ချင်းမို့ ကျေနပ်တာပြီးပါ တယ်။ ဘေးကမြင်နေရတဲ့လူတွေ စိတ်မချမ်းသာလို့ ပြောမိတာ ပါ။ မပြောတော့ပါဘူး...သွားမယ်"

"သွားကြ"

"ဒဏ္ဍာကလည်း"

ဆည်းဆာက အားနာသလို ကောင်မလေးတွေကို လိုက် ကြည့်ရင်း ဒဏ္ဍာကို ခေါ်မိလေသည်။

"ဒဏ္ဍာကလည်း မလုပ်နဲ့...နောက်နေ့ နင့်အလှည့်ပဲ သိလား"

"ဟင်...ဘာအလှည့်လဲ"


www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့ခင်ရင် ငါ့ အနိုင်ကျင့်တာခံရမယ်။ မခံနိုင်ရင် မခင်နဲ့"

ဆည်းဆာ ဒဏ္ဍာကို ငေးကြည့်မိနေတုန်းမှာပဲ…

"ဟူး…ငါ မနေတတ်တော့ဘူးကွာ။ သွားတုကြီးတော့ ချွတ်ပါရစေ။ သွားတုနဲ့ ဘာမှဆိုင်တာလည်း မဟုတ်ဘဲနဲ့"

"ချွတ်ကွာ"

နေညို သွားတုကြီးကို ချွတ်လိုက်လေသည်။ ခုမှပဲ စိတ်ထဲမှာ နည်းနည်းပေါ့သွားသလိုပါပဲ။

"ဒဏ္ဍာကလည်း ဆည်းဆာမှာ ခင်စရာဆိုလို့ ဒဏ္ဍာနဲ့ နေညိုပဲ ရှိတာကို…အနိုင်ကျင့်လည်း ခံရတော့မှာပဲပေါ့"

"ပြီးတာပဲ"

"မင်း ဆည်းဆာကိုရော ဘယ်လိုအနိုင်ငယ်ကျင့်ဦးမှာလဲ"

"အရှုံးမနဲ့တူအောင် လုပ်ခိုင်းမလို့"

"ဟာ…ဒဏ္ဍာနော်။ ပေါက်ကရ မလုပ်ခိုင်းနဲ့"

"ဝမ်းသာလိုက်တာ"

"ဘာဝမ်းသာတာလဲ…နေညိုစုတ်။ ဒဏ္ဍာစုတ်…ကဲ"

ဆည်းဆာက နေညိုကိုရော ဒဏ္ဍာကိုရော ထုလေလျှင် နှစ်ယောက်စလုံး လက်ကာကာ ရှောင်တိမ်းရင်း ရယ်နေကြချိန်မှာ…

"သိပ်ပျော်နေကြတယ်ထင်တယ်"

အသံနှင့်ထပ်တူ ကိုယ့်အနားမှာ ရပ်လာသည်မို့ လာရပ်သူ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်လိုက်တော့ ဂန္ဓဝင်ပါ။ ဂန္ဓဝင်အကြည့်တွေက စူးရဲပြီး နှုတ်ခမ်းက မဲ့ပြုံးပြုံးလျက်ပါ။ ဆည်းဆာကို ငဲ့ကြည့်လိုက်ပုံက တော့ သရော်သလို၊ လှောင်သလို…တစ်နေ့ နှင်လည်းဆိုသည့် အဓိပ္ပာယ်ကို ဖော်ဆောင်နေသည်လေ။

ဒဏ္ဍာ ဂရုမစိုက်ပါဘူး။

ဖြတ်ပြီးရည်းစားကို လွမ်းရိုးထုံးစံ မရှိတတ်သလို ဂရုစိုက် ရိုးထုံးစံလည်း မရှိပေ။

"ယူ…နာမည်ဘယ်လိုခေါ်လဲ"

"ဆည်းဆာကို မေးတာလား…မသိဘူး"

"ယူ့ကိုကြည့်နေမှတော့ ယူ့ကိုမေးတာပဲပေါ့။ မင်းဒဏ္ဍာရီ နဲ့နေညိုချိန်က တို့သိပြီးသားပဲဟာ"

"ကျွန်မနာမည် နွေဆည်းဆာပါ"

"ဩော်…နေညိုနဲ့ဆည်းဆာက အခေါ်ကွာပေမယ့် အချိန် ကာလကတော့ အတူတူပဲနော်။ ဂန္ဓဝင် ကြားဖူးလိုက်တယ်။ နေညိုဆည်းဆာချိန်က နေညို့အတွက် ကံဆိုးခြင်းတွေကို သယ်ဆောင်လာတဲ့အချိန်တဲ့"

"ဂန္ဓဝင်"

ဒဏ္ဍာ အော်ပစ်လိုက်မိသည်။ ဂန္ဓဝင်က မဲ့ပြုံးပြုံးလျက်ပါ ပဲ။ ဒဏ္ဍာ နေညို့ကို စိုးရိမ်စွာ ကြည့်လိုက်တော့ ထင်တဲ့အတိုင်း ပါပဲ။ နေညို နှုတ်ခမ်းကို ဖိကိုက်ပြီး မျက်ရည်တွေ ဝဲနေသည် လေ။ ဒီအကြောင်းတွေကို အတတ်နိုင်ဆုံး မပြောမိအောင်နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြသည်မဟုတ်လား။

အတိတ်အကြောင်းကို ပြန်အစဖော်မိတိုင်း ညဘက်ဆို အိပ်မက်ဆိုးတွေမက်ပြီး ထအော်တတ်တဲ့ နေညို။

"ဒဏ္ဍာအတွက်ကတော့ အဲဒီအချိန်တွေဟာ သူ့အတွက် ပါရမီဖြည့်ဘက်ဖြစ်နေတော့ ကံကောင်းတဲ့အချိန် ဖြစ်နေမှာပေါ့"

"ဂန္ဓဝင်…မင်း ဒီနေရာကနေ အမြန်ဆုံး ထွက်သွားရင် ကောင်းလိမ့်မယ်ထင်တယ်"

ဂန္ဓဝင် ဆတ်ကနဲ ဒဏ္ဍာဘက်သို့ လှည့်လိုက်ပြီး…

"အခုတော့ နှင်ပြီပေါ့လေ။ သွားမှာပါ…စိတ်ချ။ ဒါပေမဲ့ နင်သိအောင် ငါ တစ်ခုတော့ ပြောခဲ့မယ်"

"ဘာလဲ"

"နင့်ကို တကယ်ချစ်တဲ့ မိန်းကလေးတွေ…့ နင် ရက်စက်သမျှ တန်ပြန်သက်ရောက်မှုအနေနဲ့ နင်ချစ်တဲ့သူတစ်ယောက်နဲ့ ထာဝရကွဲကွာပါစေ။ ထာဝရထားရစ်ခဲ့ပါစေ။ အဲဒါ ငါ့ကျိန်စာပဲ မင်းဒဏ္ဍာရီ"

"ဟာကွာ…တောက်"

ဒဏ္ဍာ တော်တော်စိတ်တိုသွားရသည်။ ဂရုမစိုက်ဘူးဆိုရင် သွားပါတော့လား။ ဘာလို့ အခုမှ ခံပြင်းပြနေရတာလဲ။ နောက်ထပ် ဘာတွေဆက်ပြောဦးမှာလဲ။ ဆည်းဆာရှေ့မှာ အရင်တုန်းက အကြောင်းတွေပြောမှာကို ဒဏ္ဍာ မလိုလားပေ။

ကိုယ်က…



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တာကို နောက်ပြန်လှန်ရှိုးထုံးစံမှ မရှိတာ။ အချစ်မစစ်လို့ လွယ်လွယ်ကူကူ ဖြတ်နိုင်ခဲ့တာကို နားမလည်ဘူးလား။ ဒဏ္ဍာ နောက်ထပ် မစစ်တဲ့အချစ်ကို ဘယ်သူ့မှ မပေးဖို့လည်း ဆုံးဖြတ်ထားပြီးပြီလေ။

"ဒီမှာ…နွေဆည်းဆာ"

"ရှင်"

"မင်းက မင်းဒဏ္ဍာရီရဲ့ ဘယ်နှယောက်မြောက် ချစ်သူ ဖြစ်ဦးမလဲ မသိဘူး။ ဖြစ်ခဲ့ရင် သတိထားနော်။ ကြိုတင်ပြင်ဆင်မှုလေးတော့ ရှိသင့်တယ်…သိလား"

"ဂန္ဓဝင်…မင်း သွားတော့နော်။ ငါ့ဒေါသတွေ မပေါက်ကွဲခင် မင်း ထွက်သွားတော့။ အေး…မင်းလည်း မှတ်သွား။ မင်းဒဏ္ဍာရီဆိုတဲ့ကောင်…နောက်ထပ် အတုအယောင်အချစ်တွေ ဘယ်သူ့ကိုမှ မပေးတော့ဘူး"

"ပြောတာလည်း မင်းပါပဲ"

"စောင့်ကြည့်ပေါ့ကွာ"

ဂန္ဓဝင် ရင်ထဲမှာ ဆစ်ကနဲ နာကျင်သွားလေသည်။ ကိုယ်ကတော့ ယုံကြည်မှုတွေနဲ့ တကယ်ချစ်ခဲ့တာ။ သူကတော့ အချစ်အတုတွေပေးခဲ့တယ်ဆိုတဲ့သဘောလား။ ကိုယ့်အချစ်နဲ့ မထိုက်တန်ထိုက်တာ။ သူ့အကြောင်းသိသိနဲ့ စကားလုံးလှလှလေးတွေကို ယုံကြည်ခဲ့မိတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း မကျေနပ်ပေ။

"စိတ်ချ…စောင့်ကြည့်နေမယ် မင်းဒဏ္ဍာရီ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အကောင်းစောင့်ကြည့်နေမယ်လို့တော့ ရှင် မထင်နဲ့။ ရှင်လည်း ကျွန်မ ဘယ်လိုလက်တုံ့ပြန်မယ်ဆိုတာကို စောင့်ကြည့်ပေါ့"

"မင်းက ဘာလုပ်မှာလဲ။ လုပ်လေ…ခြောက်တိုင်းကြောက်တတ်တဲ့အထဲမှာ ငါ မပါဘူး"

"ဒဏ္ဍာ"

နေညိုခေါင်သံက တိုပြတ်ပြတ်ပါ။ ဒဏ္ဍာ လှည့်ကြည့်လိုက်တော့…

"တော်လောက်ပြီ…သူများတွေ ကြည့်နေကြတာ ရှက်ဖို့ကောင်းတယ်"

"ဟုတ်တယ်…ဒဏ္ဍာ…တို့သွားရအောင်"

ဒဏ္ဍာ ခေါင်းညိတ်လိုက်ပြီး…

"ဒီမှာ ဂန္ဓဝင်"

"…………"

"မင်း ငါ့အပေါ် အငြိုးထားမယ်ဆိုထားပါ။ ဒါပေမဲ့"

"ဘာဖြစ်လဲ"

"စူဠသုဘဒ္ဒါရဲ့ ဘဝဇာတ်သိမ်း မလှပဘူးဆိုတာတော့ မင်း သိမှာပါ"

"အဟွန်း"

"ငါက ဆဒ္ဒန်ဆင်မင်း မဟုတ်ဘူး"

"သိပါတယ်…ကျွန်မလည်း စူဠသုဘဒ္ဒါ မဟုတ်ပါဘူး…မင်းဒဏ္ဍာရီ။ ကျွန်မက သူ့ထက်ပိုပြီး အငြိုးကြီးတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ပစ်မှတ်က ရှင် မဟုတ်ဘူး။ ရှင့်ကို ပစ်တာထက် ပိုပြီး ကျောင်စေရမယ့် ပစ်မှတ်”

“ဟင်”

“မင်း”

“ဒါပါပဲ”

ပြောပြီးတာနှင့် ဂန္ဓဝင် ထွက်သွားလေတော့သည်။ ဒဏ္ဍာ ရာတော့ ကျွန်ခဲ့ရတာ မခံချိမခံသာနဲ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၉)

ဒီနေ့…

ဆည်းဆာအလှည့်ပေါ့။ အရှုံးမနဲ့တူအောင် လုပ်ရမယ်ဆိုလို့ သနပ်ခါးပါးကွက်ၾကွက်ပြီး နှုတ်ခမ်းနီရဲရဲကို ဆိုးထားသည်။ ပြီးတော့ ခေါင်းမှာ ပန်းတွေ ပန်ထားတာ တလုတ်စကားပွင့်တွေ ပါ။ တစ်ခေါင်းလုံး ပန်းတွေဝေလို့။ ရှပ်အင်္ကျီကို ထပ်ဝတ်ထားပုံ က ဗီဒီယိုထဲက မင်းသမီး အရှုံးခန်းသရုပ်ဆောင်ထားသလိုပါပဲ။

"ဒဏ္ဍာ…ကျောင်းကိုတော့ ငါ ဒီပုံစံနဲ့ မသွားဘူးနော်။ အိမ်မှာပဲ နင် ခိုင်းချင်တာခိုင်း"

"ဟာ…မရဘူး၊ ဒီပုံစံနဲ့ပဲ နင် ကျောင်းသွားရမယ်"

"အဲဒီလိုကြီးတော့ မလုပ်ပါနဲ့ ဒဏ္ဍာရယ်။ ငါ ရှက်စိုးပါ ရဲ့။ ငါက မိန်းကလေးလေးဟာယ်…နေရာတကာ မသင့်တော်ဘူး ဟဲ့"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ…ဒဏ္ဍာရ၊ မင်းဘက်က ဈေးနည်းနည်း လျှော့လိုက်ဦး"

"ဟား…အရေးထဲ အရှုံးဈေးဆစ်နေသေးတယ်"

"မဆစ်လို့ မရဘူးလေ…နင်ခိုင်းတာ မများစေနဲ့ပေါ့"

"ကဲ…ဟုတ်ပါပြီ၊ ဒါဆို လမ်းထိပ်အထိတော့ သွားရမယ်"

"လမ်းထိပ်"

"အင်း"

"ဒါဆို…သွားကြစို့"

"ဟဲ…ဟဲ…ငါ အရှုံးထိန်းအဖြစ် ဆည်းဆာနောက်ကိုတော့ မလိုက်ရပါဘူးနော်"

"လိုက်ရမှာ…စိတ်ချ"

"အမ်"

ပြောလိုက်မိတာပဲ မှားလေခြင်းပေါ့။ နေညို…နှုတ်ခမ်းလေးမဲ့သွားပြီး ခေါင်းကုတ်မိလေတော့သည်။ ကိုယ်ပြောလိုက်တာပဲ အစဖော်ပေးသလိုဖြစ်သွားတာ မဟုတ်လား။

"ဟုတ်တယ်…နေညို၊ နင် ငါ့နောက်က လိုက်ခဲ့။ ငါက အရှုံးနဲ့တူအောင် လုပ်ရမှာဆိုတော့ ငါ လုပ်သမျှ နင်လိုက်ပြီး ခြေရှုပ်"

"ဟာ…နင်ကပါ ငါ့ကို ဆေးထိုးမယ်ပေါ့လေ…ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"သေရောပဲ"

နေညို…ကိုယ့်နဖူးကိုယ် လက်ဝါးနှင့် ရိုက်မိလေတော့သည်။ အာချောင်ချင်တဲ့ပါးစပ် ဘယ့်နှယ်ရှိသေးလဲလို့ ကိုယ့်ပါးစပ်ကိုယ်သာ အပြစ်တင်မိတော့၏။ တကယ်က စလိုက်တာလေ။ အခု သူတို့က အတည်လုပ်ခိုင်းတော့…

"မှားပါတယ်…အာချောင်မိတာကိုက ငါ မှားတာ"

"ခစ်…ခစ်"

"မရယ်နဲ့…ချွန်တွန်းမ"

"အမယ်…ငါက ဆေးထိုးခံရတာလေ။ ငါ့ကျ နင်တို့အရူးလုပ်ခိုင်းတာ။ နင် အရူးထိန်းတော့လုပ်ပေါ့"

"ဒတ္တာ ခိုင်းတာလေ…သူထိန်းလိမ့်မယ်"

"ဟာ…မရဘူးလေ။ ငါက ဂိုဏ်းချုပ်ပဲဟာ။ မင်းတို့ငါ ခိုင်းတာလုပ်ရမှာ"

"ဘာလဲ…အရူးဂိုဏ်းချုပ်လား"

"အေးပေါ့…ဟာ…မဟုတ်ဘူး။ ငါက အကောင်း"

"ဟင်"

ဒေါ်သဲအိစိုး နေညိုတို့အိမ်ဘက်သို့ ကူးလာခဲ့ရာ သမီးဖြစ်သူ၏ပုံစံကို မြင်လိုက်ရတော့ အံ့ဩသွားရသည်။ မနက်ဖြန်ကျ အိမ်မှာ အုန်းနို့ခေါက်ဆွဲ စုပြီးချက်စားမယ်လို့ လှမ်းပြောမလို့လာခဲ့တာလေ။ ဒီရောက်တော့ သမီးပုံစံကို မြင်လိုက်ရတာ စိတ်



www.burmeseclassic.com

www.burmeseclassic.com


မချမ်းသာစရာပါပဲ။

ပုံပျက်ပန်းပျက်ဖြစ်နေတဲ့ သမီးကိုကြည့်ပြီး ဒေါ်သဖြစ်သွားမိတာ အမှန်ပါ။

"သမီး"

"............"

"သမီး...ဆည်းဆာ"

"ဟင်...မေမေ"

"အဲဒါက ဘယ်လိုဖြစ်ရတာလဲ။ ကြည့်စမ်းပါဦး။ ပုံစံက သရုပ်ပျက်လိုက်တာ"

"ဟိုလေ...မေမေ...ဟိုဟာ"

ဆည်းဆာ ဘယ်လိုညာရမှန်းမသိသဖြင့် ရယ်ကျဲကျဲနှင့် ခေါင်းကို ကုတ်လေလျှင်...

"ခေါင်းကုတ်မနေနဲ့...လာစမ်း...ဒီကို"

ဆည်းဆာ နေညိုနဲ့ဒဏ္ဍာကို လှည့်ကြည့်လေတော့ နေညိုကသာ မျက်နှာပျက်နေတာပါ။ ဒဏ္ဍာကတော့ အပြုံးမပျက်ပါဘူး။

"နင့်ကို ဘယ်သူက အဲဒီလိုလုပ်ခိုင်းတာလဲ။ ပြောစမ်း သမီး"

"သမီး...သမီးတို့ ကစားနေကြတာပါ မေမေရဲ့"

"ဘာ"

ဒေါ်သဲအိစိုး ခပ်တင်းတင်းမျက်နှာနှင့် ဒဏ္ဍာကို ကြည့်


www.burmeseclassic.com

www.burmeseclassic.com


လိုက်သည်။ ဒင်းရဲ့လက်ချက်ပဲနေမှာပေါ့။ လို့ ပြောပြလို့ ဒီ ကောင်လေးစရိုက်ကို သူမ သိထားသည်လေ။ ဂျစ်ကန်ကန်လေး တဲ့။ နေညိုအပေါ်မှာ အမြဲတမ်း အနိုင်ကျင့်တယ်တဲ့လေ။

အခုလည်း…,

သူ့စနက်မီးပဲ ဖြစ်မှာပေါ့။ နေညိုက ခပ်အေးအေးနေတတ် တာ သူမ သိနေတာပဲလေ။ ဒီလို ကြဲကြဲဖန်ဖန်ခိုင်းမှာ မဟုတ်ပါ ဘူး။

"ဟုတ်တယ်…အန်တီ၊ ကျွန်တော်တို့ ကစားနေကြတာ ပါ။ မဲနှိုက်ပြီး မဲပေါက်ရာလုပ်ရတာပါ"

နေညိုက ဝင်ပြောလေတော့…

"ကစား…ကစား"

နေညိုကို အားနာတာကြောင့် ဒေါ်သဲအိစိုး စိတ်လျှော့ပြီး ထွက်လာခဲ့တော့သည်။ ပြီးတော့ အခြားလူတွေမြင်တာမှ မဟုတ် တာလို့ စိတ်ကို ဖြေလျှော့လိုက်တာလေ။

"ကဲ…ကဲ…ပွဲစမယ်"

"ဟင်"

"တို့က ဘာလုပ်ရမှာလဲ"

"ဆည်းဆာက ရှေ့ကပြေး၊ နေညိုက နောက်ကနေလိုက် မီအောင်မလိုက်ရဘူးနော်။ မမီတမီ လိုက်ရမယ်"

"အွန်"

"ဆည်းဆာက လမ်းမှာ စားစရာတစ်ခုခု ရောင်းတာ


www.burmeseclassic.com

www.burmeseclassic.com



တွေ့ရင် လုစား။ နေညို ဖြေရှင်းလိမ့်မယ်"

"ဒဏ္ဍာ"

ဆည်းဆာ စိတ်တိုစွာ အော်မိတော့သည်။ အရှုံးပုံစံလည်း လုပ်ရသေး၊ စားစရာလည်း လုစားရဦးမယ်။ အခန့်မသင့်လို့ ပြဿနာတက်ရင် ဒုက္ခ။

"နင်…နိုင်းတာတွေ များလာပြီနော်"

"ဒါဆို နင်က မလုပ်ဘူးလား"

ဆည်းဆာ နှုတ်ခမ်းလေး စူထော်သွားလေသည်။ ဘယ်တတ်နိုင်မှာလဲ။ ကိုယ်က ခင်မိနေတော့ သူတို့ စိတ်မပြိုငြင်အောင် လုပ်ရတော့မှာပဲပေါ့။

"ကဲ…ကြာတယ်ဟာ။ နင့်အမေ ဘွားတော် ပြန်ထွက်လာလို့ အစီအစဉ်တွေ ပျက်ကုန်ဦးမယ်။ လုပ်မှာလား…မလုပ်ဘူးလား။ ဒါပဲပြော"

"လုပ်မယ်…လုပ်မယ်"

"အဲဒါကြောင့် ချစ်ရတာ"

"ဟင်"

ဒဏ္ဍာက ပြောပြောဆိုဆိုနှင့် ဆည်းဆာရဲ့ပါးပြင်ဖောင်းဖောင်းလေးကို ဆွဲလိမ်ပစ်လေတော့ နေညို့စိတ်ထဲမှာ ဟာကနဲ ဖြစ်သွားလေသည်။ အဲဒါကြောင့် ချစ်ရတာတဲ့။ ရင်ထဲကနေ တစ်ခုခုကို ဆွဲထုတ်ခံရသလို ခံစားလိုက်ရ၏။

"နေညို…သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com


ဆည်းဆာ ရှေ့မှ ဘောက်ဆတ်ဆတ်နှင့် ထွက်သွားလေ တော့ နေညှို လိုက်ခဲ့ရတော့သည်သာ။ ဆည်းဆာပြေးတော့ သူက လိုက်ရသည်လေ။

"ဟော့…ငါက ဗိုလ်အောင်ဒင်၊ နင်က ဒါကို မမြင်။ ငါ့ အသည်းကို ခလုတ်တိုက်သွားတယ် မိန်းကလေးရယ် မင်း မိုက် တယ်။ ငါက ဗိုလ်အောင်ဒင် နင်က ဒါကို မမြင်။ ဖရဲသီးကို ခလုတ်တိုက်သွားတယ်…မိန်းကလေးရယ် တစ်စိတ်လောက် ကျွေးစမ်းကွယ်"

ပေါက်ကရဆိုပြီး ဆည်းဆာက ခုန်ဆွခုန်ဆွလုပ်၍ ပြေး လေသည်။ နေညိုက နောက်ကနေလိုက်ပေါ့။

"ဟော့…ငါက ဗိုလ်အောင်ဒင်၊ နင်က ဒါကို မမြင်… တယ်…တယ်…တယ်…တယ်"

"ဟယ်…စိတ်မနှံ့ရှာဘူးထင်တယ်။ ငယ်ငယ်ချောချော လေးနဲ့ သနားပါတယ်"

"အေး…ဟုတ်တယ်။ ဟော…ဟိုမှာ နောက်က ပြေး လိုက်လာတဲ့ ကောင်လေးကလည်း ချောချောလေးဟဲ့။ ကောင်မ လေးနဲ့ ဘာတော်လဲ မသိဘူး"

"အေး…ဟုတ်တယ်။ ကောင်လေးကလည်း ချောတယ် နော်။ မောင်နှမလား မသိဘူး"

ဖြတ်သွားဖြတ်လာတွေက အမျိုးမျိုးဝေဖန်ကြပေမယ့် နေညို တို့ကတော့ ဂရုမစိုက်ပေ။ ရုပ်တည်နှင့် ဗရုတ်သုတ်ခ်ကျပုံက…


www.burmeseclassic.com

www.burmeseclassic.com


"ဟော့…ညီမလေး…မပြေးနဲ့လေ"

"ဟဲ့…ဘာဖြစ်တာလဲ"

အမျိုးသမီးတစ်ယောက်က မေးလေလျှင်…

"ကျွန်တော့်ညီမလေးပါဗျာ…စိတ်သိပ်မနှံ့ဘူးဗျ။ အဲဒါ ထွက်ပြေးလို့ လိုက်ခေါ်တာပါ"

"ဟယ်…ဖြစ်မှဖြစ်ရလေ"

နေညို ပြေးရင်းလွှားရင်းပဲ ဖြေခဲ့ရတာပါ။ ဆည်းဆာက တော့…

"ဖရဲသီးချိုချိုလေး ရမယ်နော်…ဖရဲသီးချိုချိုလေး"

"ဟယ်…"

ဆည်းဆာ ခြေလှမ်းတွေ ရပ်တန့်သွားလေတော့သည်။ နောက်ကို တစ်ချက်ပြန်ငဲ့ကြည့်ပြီး…

"ဖရဲသီးတစ်စိတ်လောက်"

"ဖရဲသီးချိုချိုလေး"

"ဖရဲသီးတစ်စိတ်လောက်"

ဖရဲသီးသည်မက ခြေလှမ်းတွေ ရပ်တန့်သွားပြီး ဆည်းဆာ ကို အံ့ဩသလို ကြည့်နေစဉ်…

"ဟီ…ဟီ"

အရပ်ပုတဲ့ ဖရဲသီးသည်မရဲ့ခေါင်းပေါ်မှာ ရွက်ထားတဲ့ ဗန်းထဲကနေ ဖရဲသီးတစ်စိတ်ကို ဆည်းဆာ လှမ်းယူလိုက်သည်။ ပြီးတော့ ပြေးပြီလေ။ နေညို ရှင်းလိမ့်မယ်ပေါ့။


www.burmeseclassic.com

www.burmeseclassic.com



"ဟယ်...လုသွားပြီ။ ငါ့ဖရဲသီး လုပြေးပြီ"

"ညီမလေး...မပြေးနဲ့"

"ဟဲ့...ငါ့ဟာ လုသွားပြီ"

"ဟာ...အစ်မကလည်း ဘာဟာလဲ။ မသိရင် ဘာကြီးမှန်းမသိဘူး"

"ဖရဲသီးကို ပြောတာဟဲ့...ဖရဲသီး"

"ဒီမှာ ပိုက်ဆံယူထားလိုက်...ရော့"

နေညို တစ်ထောင်တန်ကို ပေးလိုက်လေတော့...

"ငါ့မှာ ပြန်အမ်းစရာ အကြွေတောင်ရှိရဲ့လား မသိဘူး"

"အမ်းမနေနဲ့တော့ဗျာ...ယူထားလိုက်"

"ကျေးဇူးပါဟယ်"

နေညို ဆည်းဆာနောက်သို့ ဆက်လိုက်ခဲ့ရပြန်တော့သည်။ ဆည်းဆာကို အရှုးထင်ကြပြီး ကိုယ့်ကိုတော့ ဘယ်လိုထင်ကြမည် မသိပေ။ ဖုန်းကို လက်တစ်ဖက်က ကိုင်ပြီး ထောင်ထားရသေးသည်လေ။ ကိုယ်တွေ ဘယ်နေရာရောက်နေတယ်...

ဘာတွေပြောနေတယ်...

ဘယ်လိုတွေ ဖြစ်နေတယ်ဆိုတာ တိုက်ရိုက်ကြည့်လို့ရအောင် Live လွှင့်ရမယ်ဆိုလို့ Facebook မှာ account သစ်တွေဖောက်ပြီး သုံးယောက်တည်း ချိတ်ပြီးလုပ်ကြတာပါ။

ခုလောက်ဆို...

ဒဏ္ဍာကတော့ သူတို့အဖြစ်ကိုကြည့်ပြီး ခွိုးနေလောက်ရော



www.burmeseclassic.com

www.burmeseclassic.com


ပေါ့။ သူတောင်းစား…သူများတွေကို ကြဲကြဲဖန်ဖန် နှိပ်စက်တာ။

"နေညို"

"ဟင်"

"နေညို…ငါ မောနေပြီ။ တော်ပြီဟာ…မပြေးတော့ဘူး"

နေညို စောစောက ဖုန်းကိုကြည့်နေမိတာ။ ဆည်းဆာခေါ်လို့ ဆည်းဆာကို လှမ်းကြည့်လိုက်တော့ လမ်းမကြီးကိုကူးပြီး ဟိုဘက်ကို ရောက်နေပြီလေ။ မောနေပြီဆိုပြီး ဘာလို့ လမ်းကို ကူးသွားသေးလဲ။ တော်တော်လျှာရှည်တဲ့ ကောင်မလေးပါပဲ။

"မောနေရင် ပြန်လာခဲ့တော့လေ။ မပြေးနဲ့တော့ ပြန်လာခဲ့"

"ဒဏ္ဍာက ပြောနေဦးမယ်"

"ပြော…ပြောဟာ…ပြန်လာခဲ့တော့"

"ဒါဆို ငါ ပြန်လာပြီနော်"

"ပြန်လာခဲ့"

နေညိုက ပြန်လာခဲ့ဆိုတာနှင့် ဆည်းဆာက ဝမ်းသာအားရ ပုံစံနှင့် လမ်းဖြတ်ကူးလေသည်။ နေညို့ရင်ထဲမှာ ထိတ်ကနဲပါပဲ။ အရှိန်နဲ့မောင်းလာတဲ့ကားက ဆည်းဆာကို…

"မကူးနဲ့"

"………"

"ဆည်းဆာ"

"အား"


www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာ ကားကို ချာကနဲ လှည့်ကြည့်မိပြီး ကိုယ့်ကိုယ်ကိုယ် သွားပြီလို့သာ သတ်မှတ်လိုက်တော့သည်။ ထို့ကြောင့် မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး အော်လိုက်မိတာပါ။

"ကျွှိ"

"အား"

"ဆည်းဆာ"

နေညှိုလည်း ဆည်းဆာလို့ အသံကုန်အော်ခေါ်ပြီး မျက်လုံးကို စုံမှိတ်ချလိုက်တော့သည်။

ပြီးတော့...

ရင်ခုန်သံတွေ မြန်လာခြင်းရဲ့နောက်မှာ ဒူးတွေ ညွတ်ကျပြီး အရာအားလုံး အမှောင်အတိ ဖြစ်သွားလေဘော့၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ဆည်းဆာက ဘာမှမဖြစ်ပေ။ ကားက ဘရိတ်ဖမ်းလိုက်လို့ ဆည်းဆာ ဘာမှမဖြစ်ဘဲ ရှော့ခ်ဖြစ်သွားသူက နေညိုပါ။ ဖြစ်သွားတဲ့ကိစ္စအတွက် ဆည်းဆာမေမေက ဒေါသထွက်သည်ပေါ့။ ဘာကယ်တမ်း ကားတိုက်ခံရမလိုဖြစ်တာက ဆည်းဆာလေ။

ဒေါသဖြစ်မယ်ဆို ဖြစ်စရာပဲပေါ့။

စတယ်နောက်တယ်ဆိုတာ အတိုင်းအတာရှိသင့်တာပေါ့။ ခါခင်လဲ့ကြည်ကတော့ ဒေါသဖြစ်ချင်ပေမယ့် စိတ်ကိုထိန်းပါသည်လေ။ နေညိုက ဒဏ္ဍာကို အထိမှမခံဘဲ မဟုတ်လား။

"အန်တီလဲ့…နေညိုရော အိပ်နေတာလား"

"ဟုတ်တယ် ဒဏ္ဍာ…သူ အိပ်နေတယ်"

"ကျွန်တော် သူ့ဆီသွားလိုက်ဦးမယ်…အန်တီလဲ့"

"ဒဏ္ဍာ"



www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ခင်လဲ့ကြည် မြန်ဆန်စွာပဲ ဒဏ္ဍာရှေ့ကနေ ပိတ်ရပ်လိုက်သည်။ ပြီးတော့ ခေါင်းခါလိုက်ပြီး…

"အန်တီလဲ့ တောင်းပန်ပါတယ် ဒဏ္ဍာ။ အခုချိန်မှာ သားနေညိုနဲ့ မတွေ့ပါနဲ့။ မင်း နေညိုနဲ့တွေ့လို့ မဖြစ်ဘူး"

ဒဏ္ဍာ မျက်မှောင်ကြုတ်သွားပြီး…

"ဘာဖြစ်လို့လဲ အန်တီလဲ့"

"သူ့ခံစားချက်ကို မင်း သိပါတယ်။ သူ့မိဘတွေ အက်ဆီးဒင့်ဖြစ်ပြီးကတည်းက နေညို စိတ်ဒဏ်ရာရခဲ့တာ။ အက်ဆီးဒင့်ဆိုတာနဲ့ သူက ကြောက်ပြီး စိတ်တွေ မတည်ငြိမ်တော့ဘူးလေ။ အခုအချိန်မှာ သူ့ကို အန်တီလဲ့ ဘယ်သူနဲ့မှ တွေ့ခွင့်မပေးနိုင်ဘူး ဒဏ္ဍာ။ သူ အနားယူပါစေ"

"ဟား"

ဒဏ္ဍာ စိတ်ပျက်စွာနှင့် ဆံပင်တွေကို လက်ချောင်းများနှင့် ထိုးမွှပစ်လိုက်သည်။ သူ အဲဒီလောက်တောင် အပြစ်ကြီးသွားပြီလား။ နောက်ဆို ဆင်ခြင်မှထင်ပါရဲ့။

"ကျွန်တော် တောင်းပန်ပါတယ် အန်တီလဲ့။ ကျွန်တော့်ရဲ့ အစအနောက်သန်မှုအတွက် ဒီလောက်တောင် ဖြစ်သွားရတယ်လို့ဗျာ"

"ရပါတယ်…ဖြစ်ပြီးသွားတာက ပြန်ပြင်လို့မှ မရတော့တာ။ နောက်မဖြစ်အောင်ပဲ ဆင်ခြင်ပေါ့ကွယ်"

"အန်တီလဲ့"

www.burmeseclassic.com



"ပြောလေ"

"နေညိုက စိတ်ခံစားမှုကို အရမ်းဦးစားပေးတာပဲဗျာ။ ယောက်ျားဖြစ်ပြီး စိတ်မတင်းနိုင်တာ ခက်တာ"

ဒေါ်ခင်လှဲ့ကြည်ရဲ့အပြုံးက နွမ်းယဲ့ယဲ့ရယ်ပါ။

"ဟုတ်တယ် ဒဏ္ဍာ…နေညိုက ငယ်ငယ်ကတည်းက စိတ်ထားနူးညံ့တယ်။ ခံစားလွယ်တယ်။ အဲဒါကြောင့် စိတ်ဒဏ်ရာရတာပေါ့။ အဲဒီစိတ်ဒဏ်ရာတွေကြောင့်ပဲ"

ဒေါ်ခင်လှဲ့ကြည် စကားမဆက်နိုင်ဘဲ မျက်ရည်တွေ ကျလာလေတော့သည်။ သူမမှာ ဆက်ပြောဖို့ အင်အားမှမရှိတော့ ပလေ။

"ဟူး"

ဒဏ္ဍာ လေကိုမှုတ်ထုတ်ပြီး ခေါင်းငိုက်စိုက်နှင့် ဆိုဖာပေါ် မှာ ထိုင်ချလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

"နေညို"

"နေညိုရေ…နေညို"

"နေညို"

"နေညိုရေ"

ဒဏ္ဍာနဲ့ဆည်းဆာ တစ်ညိုညိုနဲ့ ခေါ်နေပေမယ့် တစ်အိမ်လုံး တိတ်ဆိတ်ပြီး ဘာတုံ့ပြန်သံမှ မကြားရပေ။ ခါတိုင်းဆို နေညို့ကို ချက်ချင်း မတွေ့ရင်တော့ အန်တီလဲ့ ထွက်လာစမြဲပဲလေ။ အခု အန်တီလဲ့လည်း ထွက်မလာပေ။

"နေညို"

"ဘယ်တွေသွားနေကြပါလိမ့်"

"ဘယ်သူတွေလဲဟေ့"

အသံနှင့်ထပ်တူ ခပ်ဝဝ အသားညိုညို အသက်ငါးဆယ်ကျော်ခန့် အမျိုးသားတစ်ဦး မီးဖိုချောင်ဘက်မှ ထွက်လာလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ နောက်ထပ် လျှောက်လာနေတာက အသားဖြူဖြူ၊ ဝဝပုပု အမျိုးသမီးကြီးတစ်ဦးပါ။

"ဦးလေးတို့က ဘယ်သူတွေလဲ။ ဧည့်သည်တွေလား။ နေညိုတို့ရော ဘယ်သွားကြလဲဗျာ။ အန်တီလှဲ့ရော...နေညိုရော တစ်ယောက်မှ မတွေ့ဘူး"

"မလှဲ့တို့တူဝရီး မနေ့က၊ကတည်းက နိုင်ငံခြားကို ထွက်သွားကြတယ်ကွဲ့။ ဘယ်နိုင်ငံလဲဆိုတာတော့ ဦးလေးတို့လည်း မသိဘူး။ နိုင်ငံခြားဆိုတာပဲ သိတယ်"

"ဗျာ"

"ရှင်"

ဒဏ္ဍာနဲ့ဆည်းဆာ အကြည့်ချင်းဆုံသွားကြလေသည်။ သူတို့ကို ဘာမှပြောမသွားနိုင်လောက်အောင် နေညို စိတ်နာသွားသလား။ ဒါမှမဟုတ် ပြောချိန်မရတာလား။ ဘာကိစ္စများ အရေးကြီးလို့ပါလိမ့်။ တကယ်ဆို ဆည်းဆာကိုမပြောတောင် ဒဏ္ဍာကိုတော့ ပြောသွားသင့်ပါသည်လေ။

ဘာကြောင့်လဲ...

ဒဏ္ဍာ စဉ်းစားလို့ မရပေ။

"ဦးလေးတို့လင်မယားက သူတို့ပြန်မလာခင်အထိ ဒီအိမ်မှာ နေပေးရမှာ။ ဘယ်လောက်ကြမယ်ဆိုတာတော့ တိတိကျကျ မပြောသွားဘူး။ မလှဲ့က ဦးလေးတို့ကို ကူညီနေတဲ့ ကျေးဇူးရှင်တွေ။ အဲဒါကြောင့် သူက လာနေပေးပါဆိုလို့ လာနေရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ…နေညိုတို့က နိုင်ငံခြားကို ဘာသွားလုပ်တာလဲ ဟင်…ဦးလေး။ ဆည်းဆာက ဟိုဘက်ခြံကပါရှင့်။ နေညိုရဲ့ သူငယ်ချင်းတွေပါ"

"နေညိုကို ဆေးကုရအောင်လို့ ပြောတာပဲ သမီးရဲ့"

"ဟူး"

ဒဏ္ဍာ လေမှုတ်ထုတ်ရတာလည်း ရှိသမျှလေကုန်ပြီလား မသိပေ။ နေညိုက နိုင်ငံခြားအထိ ဆေးသွားကုရလောက်အောင် ဖြစ်နေပြီလား။

"ဒေါ်လေးတို့လည်း ဘာမှ ဂဃနဏ မသိပါဘူးကွယ်။ မလဲ့က လာနေပေးပါဆိုလို့သာ လာနေပေးရတာလေ"

"ဟုတ်ကဲ့ပါ အန်တီ…ပြောပြတာအတွက် ကျေးဇူးပါ နော်။ ဆည်းဆာတို့ကို ပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီ…သမီး"

နေညိုတို့အိမ်ကနေ ပြန်ခဲ့ကြပြီး ဆည်းဆာနဲ့ဒဏ္ဍာ စကား မပြောဖြစ်ကြပေ။ နေညို့အတွက် စိတ်မကောင်းဖြစ်နေတာလေ။ နေညိုမှာ ဘာရောဂါရှိလဲ မသိပေမယ့် ဆေးကုသွားရတယ်ဆို ကတည်းက ဘယ်လိုလုပ်ပြီး စိတ်ကောင်းနိုင်မှာတဲ့လဲ။

ဒဏ္ဍာ…

မျက်ခုံးနှစ်ဖက် ကျုံ့၍ စဉ်းစားနေမိသည်။ နေညိုမှာ ရောဂါတစ်ခုရှိတယ်ဆိုရင် ဘာရောဂါလဲ။ ငယ်ငယ်လေးကတည်း က ရင်းနှီးချစ်ခင်လာခဲ့တဲ့သူ ဘာလို့မသိရတာလဲ။ အခု



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကာငင်ကာ ထဖြစ်တာတော့ မဟုတ်နိုင်ပေ။

ရှောခ်ဖြစ်ရုံနဲ့…

ဒီလောက်အထိဖြစ်ဖို့မှ မလိုတာ။

"ဒဏ္ဍာ"

"…………"

"ဒဏ္ဍာ"

အင်…ဟင်"

"အရင်ကတည်းက နေညှိုမှာ ရောဂါတစ်ခုခု ရှိနေလား သိဘူးနော်။ နင် မသိဘူးလား"

"ခဏခဏ နေမကောင်းဖြစ်တာတော့ သိတယ်။ ဒါပေမဲ့ ဘာရောဂါဆိုတာတော့ ငါ မသိဘူး။ ဆည်းဆာ…နေညှို နေမကောင်းဖြစ်တိုင်း အန်တီလှဲ့က နေညှိုကို ဘယ်သူနဲ့မှ တွေ့ခွင့် ပေးတော့ဘူးဟ။ ငါတောင် တစ်ခါတစ်ခါ နေညှိုနဲ့ တစ်လ လောက် မတွေ့ရတဲ့အခါတွေ ရှိတယ်"

"ဟင်…ဟုတ်လား"

"ဟုတ်တယ်…အဲဒီလိုရက်တွေမှာဆို ငါ နေညှိုကို သတိ ရလို့ အန်တီလှဲ့ဆီမှာ တွေ့ခွင့်တောင်းတိုင်း အန်တီလှဲ့က အော်လွှတ်တော့တာပဲ"

ဆည်းဆာ ခပ်တွေတွေလေး ဖြစ်သွားလေသည်။ တစ်ခုခု ကို စဉ်းစားနေတာလေ။ ဒါပေမဲ့ အဖြေထွက်မလာပါဘူး။ ရှေ့ဆို ဆိုတာက ဇဗ-ပါးသာ ပြောတာ။ တကယ်က အမျိုးအစား



www.burmeseclassic.com

www.burmeseclassic.com



အများကြီးပဲဥစ္စာ။

"သူတို့က အဲလိုကြီးလား။ စဉ်းစားရခက်တယ်နော် ဒဏ္ဍာ"

"ကဲပါ…ခေါင်းရှုပ်ခံပြီး စဉ်းစားမနေနဲ့…ထားလိုက်တော့။ ပြန်လာရင် အဖြေမှန်သိရမှာပဲ။ သူ မရှိတဲ့အချိန်မှာ နေတတ်အောင် နေရမှာပဲပေါ့"

"အင်းပါ"

"ဆည်းဆာ"

"ဟင်"

"နင့်ကို ငါ မေးစရာရှိတယ်"

"မေးလေ…ဘာမေးမှာလဲ"

ဒဏ္ဍာ ဆည်းဆာရဲ့ မျက်နှာပြည့်ပြည့်ဖောင်းဖောင်းလေးကို စေ့စေ့ကြည့်လေသည်။ ဆည်းဆာက ပြန်ကြည့်ပြီး ခဏမှာပဲ ခေါင်းလေးငုံ့သွားကာ…

"နင်ကလည်း ကြည့်နေပုံက မတွေ့ဖူး…မမြင်ဖူးတဲ့လူ ကျနေတာပဲ"

"မြင်ဖူးပေမယ့် မတူဘူးလေဟာ"

"ဘာမတူတာလဲ…ဒီလူက ဒီလူပဲဟာ။ ဦးချိုအပို ထွက်မလာဘူး"

"ဦးချိုထွက်မလာပေမယ့် တစ်နေရာရာမှာ အသား ထွက်လာနိုင်တယ်လေဟာ…ဥပမာ နှလုံးသားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဆည်းဆာ သူ့မျက်နှာကို မော့ကြည့်မလို့လုပ်ပြီးမှ မကြည့်ဖြစ်ပေ။ ဒဏ္ဍာစကားက ဘာစကားပါလိမ့်။ ဂျိုးသားတာလား.. ရိုးရိုးသားသားလား...ဆည်းဆာ မဝေခွဲတတ်ပေ။ ဆည်းဆာကို ကြိုက်တဲ့သူတွေပေါ်ပေမယ့် ကိုယ်က ပြန်မကြိုက်တော့ ဘယ်လို ချဉ်းကပ်ကြလဲ၊ ဘယ်လိုတွေ စကားစခဲ့ကြလဲဆိုတာ အမှတ်တမဲ့ တွေပါပဲ။

"ဆည်းဆာ"

"ပြော"

"နှင် နေညိုနဲ့ငါ့ကို ဘယ်သူ့ ပိုခင်လဲ"

"အတူတူပဲပေါ့"

"အခု ငါ့ကို ပိုပေးပါလား"

"ဘယ်လို"

ဒီတစ်ခါတော့ ဆည်းဆာ သူ့မျက်နှာကို မော့ကြည့်ဖြစ်သွားသည်။ ဆည်းဆာကို ဒဏ္ဍာ ရည်းစားစကား ပြောနေတာလားလို့လေ။ ဟင့်အင်း...မဟုတ်သေးပါဘူး။ သူ့စကားက ရည်းစားစကားအရာမှ မမြောက်သေးတာလေ။

ချစ်တယ်ပြောတာမှ မဟုတ်တာ။

ပြောလာခဲ့ရင် ဆည်းဆာ ဘယ်လိုဖြေရမလဲ။ အခုချိန်မှာတော့ ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိသေးပေ။ သူ့ဘက်ကလည်း ဘာမှန်းမှ မသိသေးဘဲဟာကို။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…နင်ကလည်း ငါ မြန်မာလို ပြောနေတာ။ နားမလည်ဘူးလား။ ငါ့ကို ပိုပေးလို့ပြောတာ"

"ဟဲ့…ခင်ဖင်မှုမှာ အပိုအလို မရှိဘူးလေ ဒဏ္ဍာရဲ့။ ခင်တာချင်း အတူတူပဲဟာ။ ပိုတာလိုတာတွေ တွက်နေလို့ ရမလား"

"ငါပြောတာကဟာ"

ဒဏ္ဍာ စကားကို ဖြတ်ထားလေသည်။ ပြီးမှ ဆည်းဆာဘက်သို့ နည်းနည်းတိုးကာ…

"ခင်တာထက် ပိုပေးလို့"

"နင့်စကားက ဘာကြီးလဲ။ ငါ နားမလည်ဘူး"

"ဟား…ငတုံးမ။ ဒါတောင် မသိဘူး။ တည့်တည့်ပြောမှ ရတော့မယ်"

ပြောပြီး ဒဏ္ဍာက ဆည်းဆာခေါင်းကို လက်ညှိုးနှင့် ထောက်ပြီး တွန်းလိုက်လေသည်။

"နင့်ကို ငါ ချစ်တယ်။ ငါ့ကို နင်ပြန်ချစ်…ဒါပဲ"

"ဟယ်…ဓားပြတိုက်နေတာလား"

"ဟုတ်တယ်…ဗိုလ်အောင်ဒင်လေ…ဟဲ…ဟဲ"

"တော်တော်ပြန်ချစ်ချင်စရာ ကောင်းတဲ့ရုပ်ပဲ။ အချိုး မပြောဘူး"

ဆည်းဆာ မျက်စောင်းထိုးပစ်လိုက်သည်။ မကြည့် အမြင်ကတတ်လို့ ထိုးတဲ့မျက်စောင်းမျိုး မဟုတ်ဘူးဆိုတော့



www.burmeseclassic.com

www.burmeseclassic.com


"ဒါဆို မချစ်ဘူးလား…ရှင်းရှင်းပြော။ ဝေ့လည်ကြောင်ပတ် မလုပ်နဲ့"

"အမယ်"

"မချစ်ဘူးပေါ့"

"ချက်ချင်းတော့ ရမလားဟဲ့…စဉ်းစားဦးမယ်"

"နင်တို့မိန်းကလေးတွေက ပြောလိုက်ရင် အဲဒီလိုပဲ။ စဉ်းစား…စဉ်းစား၊ ကြာတော့ မကြာစေနဲ့"

တကယ့်ကို အနုကြမ်းစီးနေတဲ့အဝိုင်းပါလား။ ဆည်းဆာတော်တော်ကိုပဲ အမြင်ကတ်မိတာ အမှန်ပါ။ သူ့လို ရည်းစားစကားပြောနည်းမျိုး ဒီတစ်ခါပဲ တွေ့ဖူးပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၁၂)

ဒီတစ်ခါတော့...

နေညို မရှိပေမယ့် သိပ်ပြီးလွမ်းတယ်ရယ် မဟုတ်တော့ပေ။ ဆည်းဆာရှိနေတော့လေ။ ဆည်းဆာက ဒဏ္ဍာကို အလိုလိုက်သည်မဟုတ်လား။ နေညိုလိုပါပဲ။ ဒဏ္ဍာက ဒါဆိုဒါပဲဖြစ်စေခဲ့သည်လေ။ အနိုင်ကျင့်တာ မဟုတ်ပေမယ့် အနိုင်ကျင့်သလိုဖြစ်ခဲ့ရင်တော့ ချစ်လို့ ဆိုးတာနဲ့တာလို့ပဲ ဖြေရတော့မည်ပေါ့။

"ဆည်းဆာ"

"ပြော"

"ငါ ပျင်းတယ်ဟာ...အပျင်းပြေ ကွမ်းယာစားချင်တယ် အဲဒါ လမ်းထိပ်မှာ ကွမ်းယာသွားဝယ်ပေး"

"ဟင်"

"သွားဝယ်ပေးဟာ...နော်"


www.burmeseclassic.com

www.burmeseclassic.com


"ဒဏ္ဍာ"

"ဝယ်မပေးချင်ဘူးလား"

"နင်ကလည်း ကွမ်းယာမစားစမ်းပါနဲ့ဟာ။ ကွမ်းယာစားရင် သွားတွေ ဝါကုန်မှာပေါ့။ ကွမ်းယာစားရင် အပျင်းပြေမှာတဲ့လား"

"အင်း"

"အင်း...ဘာအင်းလဲ"

"အင်းဆိုမှ ဘာအင်းလဲ။ တောင်သမန်အင်း..ဖိုးစံမဲ့ရဲ့ အင်း။ အင်းလေး၊ အင်းတော်ကြီး၊ ကြာပွင့်တဲ့အင်း၊ ငါးဖမ်းတဲ့ အင်း"

"ငါက အကောင်းပြောတာကို။ အဲဒီအင်းတွေ နင် ရောက်ဖူးလို့လား"

"နင် တော်တော်လျှာရှည်ပါလား နွေဆည်းဆာ။ ဝယ်ပေးမှာလား...မဝယ်ပေးဘူးလား၊ ဒါပဲပြော"

ဒဏ္ဍာအသံက မာဆတ်ဆတ်မို့ ဆည်းဆာ နှုတ်ခမ်းလေး စူထော်သွားလေသည်။ ပြောတော့လည်း ဆည်းဆာကို ချစ်တယ်တဲ့။ ချစ်တယ်ဆိုပြီး သူက အလိုလိုက်တာ အလျှော့ပေးတာ ဘာရှိလို့လဲ။ ဆည်းဆာကပဲ အလိုလိုက် အလျှော့ပေးနေရတာ။ မဟုတ်တော့ မဟုတ်သေးဘူးထင်ပါရဲ့။

ချစ်တယ်လို့ အဖြေမပေးရသေးပေမယ့် သူ့ကို မခေါ် မပြောဘဲ မနေနိုင်တာ။ သူ စိတ်ငြိုငြင်မှာစိုးတာ အချင်ပို့ခေါ်



www.burmeseclassic.com

www.burmeseclassic.com



မလား။ စိတ်ကောက်ချင်ပေမယ့် မကောက်ရဲတဲ့အဖြစ်ရယ်ပါ။

"ဝယ်ပေးမယ်…ဝယ်ပေးမယ်"

ဆည်းဆာ ခေါင့်ခေါင့်အောင့်အောင့်ပဲ ပြန်ပြောလိုက်မိလေသည်။

"အဲဒီလိုလုပ်စမ်းပါ…ဝယ်စရာ နှင့်မှာ ပိုက်ဆံရှိလား"

"ရှိတယ်"

ဒဏ္ဍာ ပြုံးလိုက်ပြီး…

"အဲဒီပုံလေးကိုက ချစ်ဖို့ကောင်းတာ"

"ဟွန်း"

ဆည်းဆာ ဒဏ္ဍာကို မျက်စောင်းထိုးပြီး ထွက်လာခဲ့တော့သည်။။ မေမေသာသိရင် မလွယ်ဘူးပဲ။ မေမေက ဆည်းဆာနဲ့ ဒဏ္ဍာ ရင်းရင်းနှီးနှီးနေတာကို မကြိုက်ဘူးလေ။ စိတ်ပေါင်းကိုယ်ခွာနေပါတဲ့။ ဘာသံညာသံ မကြားချင်ဘူးတဲ့လေ။

မေမေသာ အန်တီလဲ့လို သဘောထားကြီးနိုင်ရင် အကောင်းသား။ အန်တီလဲ့က နေညို့အပေါ် ဒဏ္ဍာ ဂျိုကျခိုးနေတာတွေကို မကြိုက်ပေမယ့် မကြိုက်ဘူးလို့ မပြောဘဲ မျိုသိပ်နိုင်သူပါ။ တစ်ခါတစ်ခါ မျက်နှာက ပြုံးနေပေမယ့် မလိုလားစွာ ပညာသားနဲ့ ပထုတ်တတ်တာ အန်တီလဲ့ပါ။

နေညို့ဆီသွားလိုက်ရင်…

"နေညို…ညက အိပ်မက်ဆိုးတွေမက်ပြီး တအော်တယ်လေ။ ဒီနေ့ သူ စိတ်ကြည်မှာမဟုတ်ဘူး…ဒဏ္ဍာ သူ အေးအေး


www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေးနေပါစေ" ဆိုတာမျိုး...

"နေညို နေမကောင်းလို့ အိပ်နေတယ်။ သူ နေကောင်းမှပဲ လာတွေ့ပါ့ကွယ်"

ဆိုတာမျိုးတွေနဲ့ ယဉ်ယဉ်ကျေးကျေး ရှောင်ကွင်းပြီး ပြောတတ်တာပါ။ မေမေကျတော့ မကြိုက်ရင် မကြိုက်တဲ့အတိုင်း ပြောပစ်တာလေ။

"သမီး"

"..........."

"ဟဲ့...သမီး...ဆည်းဆာ"

"ဟင်"

မေမေ့အကြောင်း တွေးနေရင်းပဲ မေမေက လှမ်းခေါ်လေသော့ ဆည်းဆာရဲ့ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။ နေညိုတို့ခြံရှေ့ကနေအဖြတ် နေညိုတို့ခြံထဲကနေ ထွက်လာတဲ့ မေမေ လှမ်းခေါ်လေသဖြင့် ဆည်းဆာ ကမန်းကတန်း လှည့်ကြည့်လိုက်မိတာပါ။

"မေမေ"

"ဒါက ဘယ်ကိုလဲ...သမီး"

"ဟို...ဟိုလေ"

"အထစ်ထစ် အငေါ့ငေါ့နဲ့ပါလား။ ဘာမဟုတ်တာလုပ်ချင်လို့လဲ...ပြောစမ်း"

"ဟာ...ဘာမှမလုပ်ပါဘူး မေမေရဲ့။ လမ်းထိပ်ခဏသွား



www.burmeseclassic.com

www.burmeseclassic.com



မလို့ပါ''

''လမ်းထိပ်ကို ဘာသွားလုပ်မှာလဲ''

''ကွမ်းယာဝယ်ပါ''

''ဘာ''

မေမေ့ရဲ့ ဘာဆိုတဲ့အသံကြောင့် ဆည်းဆာကိုယ်လေး တောင့်မတ်သွားလေသည်။ ညာတော့လည်းမကြိုက်။ အမှန်ပြော တော့လည်း မကြိုက်ပါလား။ အဲဒီတော့ မလိမ်တစ်ဝက် ညာတစ်ဝက် ပြောရတော့မှာလား မသိတော့ပေ။

''ကွမ်းယာဝယ်…ဟုတ်လား…သမီး''

''ဟုတ်တယ် မေမေ…သမီးပျင်းလို့ ကွမ်းယာစားကြည့် ချင်တာနဲ့ သွားဝယ်စားမလို့ပါ''

''ဟွန်း''

ဒေါ်သဲအိစိုး မဲ့ပြုံးပြုံးလိုက်မိသည်။ အကြောင်းပြချက်က ခိုင်လုံမှုမှ မရှိဘဲလေ။ ကိုယ့်သမီး ဘယ်တုန်းက ကွမ်းယာစားဖူး လို့လဲ။ ကွမ်းယာဆိုတာ အပျင်းပြေဝါးရတယ်လို့ ဘယ်လိုစိတ်ကူး မျိုးနဲ့ ပြောလိုက်တာလဲ။ မလိမ်တတ်ဘဲ ညာနေတော့ ပိရိမှုမှ မရှိတာ။ ယုံစရာလား။

''ကွမ်းယာစားရင် အပျင်းပြေတယ်လို့ သမီးကို ဘယ်သူ က လမ်းညွှန်လိုက်တာလဲ''

''ဘယ်သူကမှ လမ်းမညွှန်ပါဘူး…မေမေ''

''မေမေ့မျက်နှာကို သေသေချာချာကြည့်စမ်း''



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလေးငုံ့ထားရာမှ ဆည်းဆာ မေမေ့ကို မရဲတရဲ မော့ကြည့်လိုက်သည်။ မေမေ့မျက်ဝန်းက ဒေါသရောင်စွက်ဖက် နေတာ သိတာပေါ့။ ဒါပေမဲ့ ဒေါသကို ထိန်းထားပုံပါ။

"မညာတတ်ဘဲနဲ့ မညာနဲ့ သမီး။ မေမေ သိတယ်။ ကိုကောင် မင်းဒဏ္ဍာရီ ဝယ်ခိုင်းတာမဟုတ်လား"

"မဟုတ်ပါဘူး မေမေရဲ့"

"ဘာလို့ မဟုတ်ရမှာလဲ။ ဟုတ်ကိုဟုတ်တယ်။ မေမေ့ သမီး ဘယ်တုန်းက ကွမ်းယာဝယ်စားဖူးလဲ…ပြော။ ကွမ်းယာ စားရင် အပျင်းပြေတယ်လို့ ဘယ်သူက ပြောလဲ…ပြော။ သူများ ကွမ်းယာစားရင်တောင် သွားတွေရဲကုန်မယ်…မစားပါနဲ့ ပြောတတ်တာ ဘယ်သူလဲ…ပြော"

ဆည်းဆာ ခေါင်းကို ဇက်ကျိုးကျလုမတတ် ငုံ့ထားလိုက် တော့သည်။ မှန်ပါသည်။ ဖေဖေရှိတုန်းကဆို ဖေဖေ ကွမ်းယာ စားတိုင်း…

"ကွမ်းယာ မစားပါနဲ့ ဖေဖေရာ…သွားတွေရဲကုန်ပြီ။ ကွမ်းယာစားလို့ သွားရဲရင် ရှုံ့စရာကြီး"

လို့ ဆည်းဆာပဲ ပြောခဲ့တာပါ။

"သမီး"

"ရှင်"

"မေမေ့ကို မှန်မှန်ပြောစမ်း။ မင်းဒဏ္ဍာရီ ဝယ်ခိုင်းတာ မဟုတ်လား။ သမီးကို အနိုင်ကျင့်ခိုင်းတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…မဟုတ်ပါဘူး မေမေရဲ့…ဟိုလေ"

"ဟုတ်တယ်…ကျွန်တော် ဝယ်ခိုင်းလိုက်တာပါ"

"ဟင်"

ကြားကဖြတ်ပြီး ဝင်ဖြေလိုက်တာ ဒဏ္ဍာအသံမို့ ဆည်းဆာ လှည့်ကြည့်လိုက်မိသည်။ ဒဏ္ဍာက သူမတို့ဆီသို့ လျှောက်လာနေ သည်လေ။

ဒဏ္ဍာ…

မိန်းကလေးတစ်ယောက်ကို ကွမ်းယာဆိုင်လွှတ်ပြီး ကွမ်းယာဝယ်ခိုင်းတာ မသင့်တော်ဘူးထင်လို့ ဆည်းဆာနောက် ကို လိုက်လာခဲ့တာပါ။ ကိုယ့်ဘာသာပဲ ကိုယ်ဝယ်တော့မယ်ဆိုပြီး တော့လေ။

ဒေါ်သဲအိစိုးက ဒဏ္ဍာကို ခပ်စူးစူးကြည့်ပြး…

"မင်း နေညို့အပေါ် အနိုင်ယူတာတွေ များခဲ့သလို ငါ့ သမီးအပေါ် အနိုင်ကျင့်နေတာလည်း များနေပြီနော် ဒဏ္ဍာ။ မိခင် တစ်ယောက်အနေနဲ့ ငါ မကြိုက်ဘူး။ ဒါပေမဲ့ ငါ့သမီးလေးက အထီးကျန်နေလို့ ခင်တွယ်နေတာဆိုပြီး ဩော်…ဩော်နဲ့ ဘာမပြောဘဲ နေခဲ့တာ။ သည်းခံတယ်ဆိုတာ အတိုင်းအတာရှိ တယ်ကွ"

"ဟား…ပြဿနာပဲ"

"မေမေ"

ဆည်းဆာမိခင်၏လက်မောင်းကိုဖက်ပြီး ဆက်မပြောဖို့



www.burmeseclassic.com

www.burmeseclassic.com


အရိပ်အယောင်ပြပေမယ့် မရပေ။

"နင် ကွမ်းယာစားချင်တာ ကိုယ့်ဘာသာကိုယ် သွားဝယ်ပါလား။ ဘာလို့ ငါ့သမီးကို ခိုင်းရတာလဲ"

"ရှင်းရှင်းလေးပါ…ခိုင်းရလို့ခိုင်းတာ"

"ဘာ"

"ကျွန်တော်က ငယ်ငယ်ကတည်းက အကျင့်ပါနေတာ။ သူငယ်ချင်းတွေအပေါ်ဆို ဆိုးတတ်တာလေ။ စိတ်ရင်းတော့ကောင်းတယ်။ လိုအပ်ရင် ကူညီတယ်။ ဒါကိုမှ မကြိုက်ဘူးဆိုရင် အန်တီ့သမီးကို ပြောထားပေါ့။ မင်းဒဏ္ဍာရီလိုကောင်မျိုးကို မခင်နဲ့လို့"

"ကြည့်စမ်း"

ဒဏ္ဍာပြောပြီး ကွမ်းယာဆိုင်ဘက်သို့ ဦးတည်၍ ဆက်လျှောက်ခဲ့တော့သည်။

"ပြောသွားတာ ကြားလား။ နင် အဲဒီကောင်နဲ့ နောက်မပတ်သက်နဲ့"

ဆိုတဲ့စကားကိုတော့ ကြားလိုက်ရသေးသည်လေ။ ဒဏ္ဍာဘ ကိုယ့်ကို အမြင်မကြည်တဲ့သူဆိုရင် ထော်လော်ကန့်လန့်ချစ်ကန်ကန်ပြောရမှ ကျေနပ်သူပါ။

ဒါကြောင့် ဒီလိုတွေ ပြောခဲ့မိသည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၁၃)

ဒဏ္ဍာ နေညို့ကို လိုင်းပေါ်မှာများ တွေ့မလားလို့ Facebook ဖွင့်ကြည့်ရတာ ခဏခဏပါ။ ဖုန်းကလည်း ဆက်လို့မရ။ ဆင်းကတ်ပြောင်းထားတာ ထင်ပါရဲ့။ Facebook ဖွင့်ကြည့်တော့လည်း မတွေ့ပေ။ ဒီကောင် ဘာများဖြစ်နေသလဲ။ ရောဂါအခြေအနေက တော်တော်များဆိုးလို့လား။

သတိရမိတော့…

စိုးရိမ်စိတ်ကလေးကလည်း ပါလာပြီလေ။ သူ Facebook ဖွင့်ကြည့်တုန်းမှာပဲ ဆည်းဆာဖုန်းက ဝင်လာလေသည်။

"ဟယ်လို…ပြော ဆည်းဆာ"

"အခု နင် ဘာလုပ်နေလဲ ဒဏ္ဍာ"

"ထိုင်နေတာ"

"ဟုတ်ထား…ထိုင်ပြီး ဘာလုပ်နေတာလဲ"


www.burmeseclassic.com

www.burmeseclassic.com



"နေညို့ကို တွေ့မလားလို့ Facebook ဖွင့်ကြည့်နေတာ။ ဒီကောင် လုံးဝ ဖွင့်မကြည့်တာ။ ငါ စာပို့ထားတာတွေ ဒီအတိုင်း ပဲ"

"ဘာလဲ…နင် သူ့ကို လွမ်းနေတာလား"

"လွမ်းတာပေါ့ဟ…နေညိုက ငါ့အချစ်ဆုံးသူငယ်ချင်း ပဲဟာ"

"လွမ်းမနေနဲ့တော့။ နေညိုတို့ ပြန်လာတော့မှာ"

"ဟင်…ဟုတ်လား။ နင့်ကို ဘယ်သူပြောလဲ"

"အန်တီလဲ့က မေမေ့ဆီ Facebook ကနေ စာပို့ပြီး ပြောတာလေ။ ဒီလေးငါးရက်အတွင်း ပြန်လာမယ်တဲ့"

ဒဏ္ဍာ ဝမ်းသာသွားမိလေသည်။ ဟုတ်သားပဲ။ အန်တီလဲ့ ကိုလည်း Facebook သုံးတာပဲလေ။ ဒါပေမဲ့ လူကြီးတွေမို့ သူတို့ သူငယ်တွေက account add မထားပေ။ လူကြီးတွေက add ရင်လည်း လက်မခံဘူးလေ။

"ဟွန်း…သိပ်အကဲပိုတာပဲ…ကြည့်မရဘူး။ နေညိုသာ မိန်းကလေးဆိုရင် ဆည်းဆာဆိုတာ ဒဏ္ဍာရင်ထဲမှာ ရှိမှာမဟုတ် ဘာ သေချာတယ်"

"မဟုတ်ပါဘူးဟာ…သူ့ကိုချစ်တာနဲ့ နင့်ကိုချစ်တာ တူမှ တူတာ။ ဒါနဲ့ နင် ငါ့ကို အဖြေပေးတော့လေဟာ။ စဉ်းစားလို့ပဲ ပြီးနိုင်ဘူး"

"ပေမှာပါဟ"



www.burmeseclassic.com

www.burmeseclassic.com


"အင်း…အဲဒါဆိုပြော…ချစ်တယ်လို့"

ဆည်းဆာ ခစ်ကနဲ ရယ်လိုက်ကာ…

"အခုမပြောသေးပါဘူး"

"မရဘူးဟာ…အခုပြော"

"နင်ကလည်း လူချင်းတွေ့မှ ပြောမယ်လေဟာ။ နင်က ဖုန်းထဲကနေ ပြောတာကြားချင်လို့လား"

"အဟဲ…အဲဒါဆို လူချင်းတွေ့မှပြော။ နင် ထွက်လာခဲ့လေ။ ငါ စောင့်နေမယ်။ အပြင်သွားကြတာပေါ့"

"OK…စောင့်နေ။ ဒါဆို ငါ ဖုန်းချလိုက်တော့မယ်နော်"

"OK...OK"

ဆည်းဆာ ဖုန်းချသွားပြီးနောက် ဒဏ္ဍာလည်း အဝတ်လဲဖို့ ပြင်ဆင်လေတော့သည်။ ဆည်းဆာက အဖြေပေးမယ်ဆိုတော့ စောစောက စိတ်မကြည်လင်တာတွေ ပျောက်သွားပြီလေ။ ဒီ တစ်ခါတော့ ဒဏ္ဍာ ဆည်းဆာကို တကယ်ချစ်တာပါ။

ဘယ်သူပဲဖျက်ဖျက်…

မပျက်နိုင်တဲ့အချစ်မျိုးနဲ့ ချစ်ပေးမယ့် အလျှော့ပေးမှန်းသိလို့ အနိုင်ယူချင်တာက ဝါသနာလို့ပဲ ပြောရမလား။ အဝတ်လဲပြီး ဒဏ္ဍာ စောင့်နေစဉ် ဆည်းဆာဖုန်းက ဝင်လာပြန်ပြီး…

"ဟယ်လို…ပြော"

"ငါ့ကို နင် လာခေါ်လေ"

"ဟာ…ငါလာလို့ ဖြစ်ပါ့မလား။ နင့်အမေနဲ့ ငါနဲ့က


www.burmeseclassic.com

www.burmeseclassic.com



တည့်တာမဟုတ်ဘူးနော်"

"မေမေ အိမ်မှာမရှိဘူး…လာခေါ်…ဒါပဲ"

"ပြီးရောဟာ"

ဒဏ္ဍာ ကားမောင်းထွက်ခဲ့ပြီး ဆည်းဆာကို သွားခေါ်လိုက်သည်။ ပြီးတော့ အင်းယားဘက်သို့ မောင်းခဲ့တော့၏။

အင်းယားကိုရောက်တော့…

"နင့်ကို ငါ မေးစရာရှိတယ်…ဒဏ္ဍာ"

"မေးစေဗျား"

"နင် ငါ့ကို ဘယ်အထိ ရည်ရွယ်ပြီးချစ်တာလဲ"

"အင်"

ဒဏ္ဍာ ချက်ချင်းပြန်မဖြေဖြစ်ပေ။ ကိုယ့်စိတ်ကို သေသေချာချာ ပြန်ပြီးဆန်းစစ်နေတာလေ။ သေချာပြီဆိုမှ…

"နင့်ကို ငါ လက်ထပ်ဖို့အထိ ရည်ရွယ်ပြီး ချစ်တာပါ"

"တကယ်"

"အကယ်တစ်ထောင်ဟာ"

"ထားပါ"

"ဘာထားပါလဲ…ထားလို့မရဘူးလေ။ ချစ်တယ်လို့ပြော"

"နေဦးလေ…ဘယ်လိုဖြစ်နေတာလဲ။ ငါ့စကား မဆုံးသေးဘူး"

"ကဲ…ပြောဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာက ဒဏ္ဍာမျက်နှာကို စေ့စေ့ကြည့်ပြီး…

"နင်နဲ့မေမေက အဆင်မပြေဘူးဆိုတော့ ရှေ့ရေးအတွက် ဘယ်လိုလုပ်ကြမလဲ။ အဆင်ပြေပါ့မလား ဒဏ္ဍာ"

"နင်သာ ငါ့ကို ချစ်တယ်လို့ဖြေ…အဆင်ပြေအောင် ငါ ကြိုးစားမယ်။ အခုသာ မတည့်တာပါဟာ…နောက်တော့ အဟဲ"

"ဘာအဟဲလဲ…ရုပ်ကိုက မျက်နှာပိုးမသေဘူး"

"ဩော်…နင်ကလည်း အခုသာပါဟာ။ သူ့သမီးနဲ့ရင် သူ့သားမက်ဖြစ်ရင် နင့်အမေ ငါ့ကို အမက်လေး…အမက်လေး ခေါ်တာတောင် ပီမှာမဟုတ်ဘူး။ ဖူးဖူးမှုတ်ထားမှာပေါ့"

"ဟွန်း"

ဆည်းဆာ မျက်စောင်းထိုးလိုက်မိလေသည်။

"ငါလည်း အဆင်ပြေအောင်နေမှာပေါ့ဟ"

"တကယ်နော်"

"အေးဟာ"

ဆည်းဆာ နှုတ်ခမ်းလေးပြုံးသွားလေသည်။ မချစ်လျှင် မဖြစ်နိုင်ပေါင်းများစွာကို တွေးနိုင်ပေမယ့် တကယ်ချစ်ရင် ဖြစ်နိုင်ပေါင်းများစွာကိုပဲ စဉ်းစားကြတာ လူ့သဘာဝပဲလေ။ ချစ် ဆိုတဲ့ခေါင်းစဉ်အောက်မှာလည်း တကယ်မချစ်တဲ့သူက မဖြစ်နိုင် တဲ့အကြောင်းပြချက်တွေကိုသာ ပေးပြီး…

တကယ်ချစ်တဲ့သူက…



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တာတွေကိုပဲ ပြောနေမည်သာ။ တကယ်ချစ်တဲ့သူက ချစ်သူနဲ့ဝေးမှာကြောက်လို့ ဘာမဆိုဖြစ်အောင် လုပ်မယ်ဆိုတဲ့ ဆန္ဒရှိနေလို့လေ။ ဆည်းဆာလည်း ဖြစ်နိုင်တာတွေကိုသာ တွေးလျက်...

"အဲဒါဆို ငါ ဖြေမယ်"

"အင်း...ဖြေတော့...ချစ်တယ်လို့"

ဒဏ္ဍာက ဆည်းဆာနဲ့ မျက်နှာချင်းဆိုင်ပြီး ဆည်းဆာ မျက်နှာကို စေ့စေ့ကြည့်ပြီး ပြုံးနေသည်။ ဆည်းဆာက မျက်နှာလေးလွှဲပြီး ရယ်ကာ...

"အင်း"

"အင်း...ဘာအင်းလဲ"

"ချစ်တယ်လို့"

"ဟာ...ဖြေပုံကလည်း တိုးတိုးကြီး။ မရဘူးကွာ...ပြန်ဖြေ။ ကိုကို ချစ်တယ်လို့"

"ဒဏ္ဍာနော်...ရှက်ပါတယ်ဆို"

"ဘာရှက်စရာရှိလို့လဲ ဆည်းဆာရဲ့။ ဒီနေရာမှာ ဆည်းဆာနဲ့ကိုနဲ့ နှစ်ယောက်တည်းပဲဥစ္စာ။ ပြောပါကွာနော်"

ဆည်းဆာ ရှက်ရယ်လေးရယ်ပြီး ဆံနွယ်တွေကို လက်ညှိုးလေးနှင့် ပတ်လိုက်ဖြေလိုက် လုပ်နေမိသည်။ သဘာဝမို့ ရှက်စရာ မဟုတ်ပေမယ့် ရှက်နေမိတာ အမှန်ပါ။

"ဖြေဆိုကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြေမယ်"

"အင်း"

"ကို့ကို ချစ်တယ်"

"ဘယ်လောက်ချစ်"

"အရမ်းချစ်"

"တကယ်နော်"

"ဒါ ညာစရာလား"

"ဟား...ပျော်လိုက်တာကွာ"

ဒဏ္ဍာ ဆည်းဆာကိုယ်လေးကို သိမ်းဖက်ပစ်လိုက်သည်။ ဆည်းဆာက သူ့ရင်ဘတ်ကို တွန်းလိုက်ပြီး...

"ကိုနော်...မကဲနဲ့"

"ကဲတော့ဘာဖြစ်လဲ...ကိုယ့်ချစ်သူကို ချစ်လို့ပဲဟာ"

"အံပွန်း"

"အာဘွား"

"ဟင်"

ဆည်းဆာရဲ့ညာဘက်ပါးပြင်လေးဆီမှာ နွေးကနဲ ဖြစ်သွား လေသည်။ ပထမဦးဆုံး ကြွေခလာတဲ့ အနမ်းပွင့်မို့ ဆည်းဆာ ရင်ထဲမှာ ရင်ခုန်သံစည်းချက်တွေ မှုမမှန်တော့ပေ။ ဆည်းဆာ ဒဏ္ဍာရဲ့အချစ်ဦး မဟုတ်ပေမယ့် ဒဏ္ဍာက ဆည်းဆာရဲ့အချစ်ဦး ပါ။

"ကို"



www.burmeseclassic.com

www.burmeseclassic.com


"ချစ်"

"အရင်လူတွေတုန်းကလို ဆည်းဆာကို မထားခဲ့ရဘူး နော်။ ကို ထားခဲ့ရင် ဆည်းဆာ သေမှာ…သိလား"

"ချစ်ကလည်း…ကို…ချစ်ကို တကယ်ချစ်တာပါ။ ချစ်ကိုပဲ လက်ထပ်မှာ။ ယုံကြည်လိုက်နော်"

"ယုံလိုက်မယ်လေ…တောထဲမှာ"

"ဟာကွာ"

"ခစ်…ခစ်…ယုံတယ်လို့"

ဒုတိယအကြိမ် ပါးပြင်လေးဆီမှာ နွေးကနဲ ဖြစ်သွားလေသည်။ ဩော်…အချစ်ဦးမို့ ဆည်းဆာဘက်ကတော့ ရှုးရှူးမူးမူး ပါလေ။


www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

ဒဏ္ဍာ နေညိုတို့အိမ်ဘက်သို့ ငေးမောကြည့်နေမိသည်။ ဘယ်နေ့ပြန်လာမလဲ။ အမြန်ဆုံး ပြန်လာစေချင်ပြီလေ။ နေညို ဒဏ္ဍာ လွမ်းနေတာပါ။ အိမ်ကြီးကို ကြည့်နေရာကနေ အကြည့် ခြံထဲဆီသို့ ရောက်သွားလေသည်။

အပေါ်ထပ် ဝရန်တာကနေ ကြည့်နေတာဆိုတော့ ခြံထဲ အားလုံးလိုလို မြင်နေရသည်သာ။ လကလည်း သာနေလိုက်တာ ထိန်ထိန်ကျဲနေသလား မှတ်ရသည်။ မီးပျက်နေတော့ လမင်း အရောင်အဝါက ပို၍ပေါ်လွင်သလိုလေ။

"ဟင်"

ဒဏ္ဍာ ကြည့်နေရင်းမှ ဟင်ကနဲ ဖြစ်သွားလေသည်။ အမြင်အာရုံထဲကို တိုးဝင်လာတာက မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပန်းပင်တွေကြားမှာ လက်က ဇွေ့ယမ်းနေတာ။ ဘာလုပ်နေပါ လိမ့်။ ဟို…ဦးလေးကြီးနဲ့ အဒေါ်ကြီးရဲ့သမီးများလား။

စူးစမ်းရတာ ဝါသနာပါသူပီပီ…

ဒဏ္ဍာ ဝရန်တာကို ကျော့ခိုင်း၍ အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။ ပြီးတော့ နေညိုတို့ခြံဘက်သို့ ကူးခဲ့မိတော့၏။ စောစောက ကောင်မလေးကို မြင်မိတဲ့နေရာကို လာခဲ့လိုက်သည်လေ။

ဟော…

ဟိုမှာ ကောင်မလေး။ ဩော်…လက်က ဇွေ့ယမ်းနေတာ သက်ထဲမှာ ပဝါနဲ့ကိုး။

"ဟော့"

"ဟင်"

ဒဏ္ဍာ အသံပေးလိုက်တော့ ကောင်မလေးက လှည့်ကြည့်လေသည်။ လဘယ်လောက်ပဲသာသာ ညရဲ့သဘာဝကိုက ဘယ်အရာကိုမှ နေ့ဘက်လို ပြတ်ပြတ်သားသား မြင်ခွင့်မရှိဘူးလေ။ ဒါကြောင့် ကောင်မလေးရဲ့ရုပကာကို ဒဏ္ဍာ သေသေချာချာ မြင်ခွင့်မရပေ။

"မင်း ဘယ်သူလဲ။ ဘယ်ကလဲ…ဒီမှာ ဘာလုပ်နေတာလဲ"

"ဟင့်အင်း"

"ဒီအိမ်မှာနေတဲ့ ဦးလေးကြီးနဲ့ အဒေါ်ကြီးရဲ့သမီးလား"



www.burmeseclassic.com

www.burmeseclassic.com



"...........”

"ဟော့"

"...........”

"မေးနေတယ်… ဖြေလေကွာ"

"ဟင့်အင်း"

"ဟာကွာ…ခေါင်းပဲ ခါနေတော့တာပဲ။ မင်း ဘယ်သူ လဲ။ စကားမပြောတတ်ဘူးလား"

"ဟင့်အင်း…ဟင့်အင်း"

"ကျွတ်"

ကောင်မလေးက ခေါင်းကိုသာ တွင်တွင်ခါ၍ နောက်သို့ ဆုတ်သွားလေသည်။ ဒဏ္ဍာက တိုးလိုက်တော့ သူက နောက်ဆုတ် ပြီး ထွက်ပြေးဖို့ ကြိုးစားလေလျှင်…

"ဟိတ်"

"အာ"

"မပြေးနဲ့လေ"

ဒဏ္ဍာ ချာတိတ်မလက်ကို ဖမ်းဆွဲထားလိုက်သည်။ သူမ လက်ကိုရုန်းရင်း…

"ဖယ်ပါ"

"မင်း ဘယ်သူလဲဆိုတာ ပြောလေ"

"ဟင့်အင်း"

"မပြောရင် လွှတ်မပေးဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com


သူမက ခေါင်းသာခါပြီး လက်ကို ရုန်းနေသည်။ ဒဏ္ဍာ ဆည်းဆာကို ဖျက်ကနဲ သတိရပြီး ကောင်မလေးလက်ကို လွှတ်ပေးလိုက်မိတော့၏။

"ဟာ"

လွှတ်ပေးလိုက်တာနှင့် ကောင်မလေးက ထွက်ပြေးလေတော့သည်။ သွားပါစေတော့။ စူးစမ်းချင်စိတ်ကြောင့် ဒဏ္ဍာ ခုလိုလုပ်မိတာ ဆည်းဆာအပေါ် သစ္စာမရှိရာကျနေပြီလား။ ကိုယ့်ချစ်သူမဟုတ်တဲ့ မိန်းကလေးရဲ့လက်ကို ကိုင်မိတာလေ။

ခွင့်လွှတ်ပါ ဆည်းဆာ…

ကို…ဆည်းဆာအပေါ် ချစ်တဲ့အချစ်က နှောက်ထပ်ဆိုတာမရှိအောင် တည်တံ့ခိုင်မြဲတယ်ဆိုတာ ယုံပါ။ အခုက သိချင်စိတ်သက်သက်ကြီးပြီး ဖြစ်သွားတာပါ။


www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၁၅)

"ဝါး"

ဒဏ္ဍာ အိပ်ရာကထပြီး အပျင်းဆန့် ပါကနဲ့သမ်းကာ ထလာခဲ့တော့သည်။ ဖုန်းကို ယူကြည့်လိုက်တော့ ဆည်းဆာ ခေါ်ထားတဲ့ ဖုန်း call တွေက (၄)call တောင်ပါ။ တစ်ခုခုများ အရေးကြီးလို့ နံနက်စောစောစီးစီး ခေါ်သလားဟု...

ဒဏ္ဍာ...

ဆည်းဆာ့ဖုန်းကို ပြန်ခေါ်လိုက်သည်။

"ဟယ်လို"

"ချစ်...ကို့ဖုန်းကို ခေါ်ထားတာတွေ့လို့"

"အင်း...ဟုတ်တယ်၊ ခေါ်ထားတယ် ကို"

"ပြောစရာရှိလို့လား...ပြောလေ"


www.burmeseclassic.com

www.burmeseclassic.com



"ရေနည်ု…ပြန်ရောက်နေပြီတဲ့…ကို။ ဒီမနက် မေမေ ပြောပြောချင်း၊ပဲ ဆည်းဆာတို့ကို ဖုန်းဆက်တာ"

"ဟင်…ဟုတ်လား။ ဘယ်တုန်းက ပြန်ရောက်တာလဲ။ အချိန်ပြောတာခုဒိတော့ မနေ့က ပြန်ရောက်တာထင်တယ်"

"ဟုတ်တယ်…ကို၊ မနေ့က ပြန်ရောက်တာတဲ့"

"ဟာကွာ…ဒီကောင် နေနိုင်လိုက်တာ။ ကို့ကိုလည်း မှမပြောဘူး။ ဟူး…ကို့ကို စိတ်နာသွားပြီလား မသိပါဘူး။ ကြီးတော်က ဘယ်လိုဗျော်ဗွ နားသွင်းထားလဲ မသိဘူးကွာ…"

"အဲဒီလိုတော့ မဟုတ်လောက်ပါဘူး ကိုရဲ့။ ခရီးပန်းလာ ဖြစ်ချင်ဖြစ်မှာပါ"

"အဲဒါ နိုင်လုံတဲ့ အကြောင်းပြချက် မဟုတ်ဘူး… ည်းဆာ"

ဟုတ်တယ်လေ။ အရင်ကဆို ဘယ်ကိုပဲ ခရီးသွားသွား လာတာနဲ့ ဒဏ္ဍာဆီကို အပြေးရောက်လာတတ်သူပါ။ အခုကျ မနေ့က၊ကတည်းက ပြန်ရောက်နေတာတောင် အကြောင်း ဘာမကြားနဲ့ ဘာဖြစ်ရတာလဲ။

"ကဲပါ ကိုရယ်…ဘာပဲဖြစ်ဖြစ် အခုပြန်ရောက်နေပြီပဲ ကို သွားလိုက်ရင် ပြီးတာပဲမဟုတ်လား"

"မသွားဘူးကွာ…သူတောင် နေနိုင်သေးတာ။ ကိုလည်း နိုင်ရမှာပေါ့။ ဒါ ကို့ကို စိန်ခေါ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ကိုကလည်း အဲဒီလို မတွေးနဲ့လေ။ သူလည်း အကြောင်းတစ်ခုခုကြောင့် ဖြစ်မှာပေါ့။ ဖြည့်တွေးလိုက်စမ်းပါ"

"ဟူး"

"ဟူးမနေနဲ့…ဆည်းဆာ လာခဲ့မယ်။ ကိုလည်း လာခဲ့၊ နေညို့ဆီကို အတူတူ သွားကြတာပေါ့…နော်"

"…………"

"ကို"

"…………"

"ဆည်းဆာပြောတာ ကြားရဲ့လား"

"ကြားတယ်…ကို့ တော်တော်ကို တင်းနေတာ"

"တင်းတာကို လျှော့လိုက်။ ဆည်းဆာ လာခဲ့မယ်၊ ကိုလည်း လာခဲ့…နော်"

"ပြီးရော"

"ဒါဆို ဆည်းဆာ ဖုန်းချလိုက်တော့မယ်"

"OK"

ဇေယျာ သွားတိုက်၊ မျက်နှာသစ်ပြီး ဒီအတိုင်းပဲ ထွက်လာခဲ့တော့သည်။ ဆည်းဆာက သူ့အရင်ရောက်နေပြီး ခြံထဲကနေ စောင့်နေသည်လေ။ နောက် အိမ်ထဲကို အတူတူဝင်ခဲ့ကြပြီး…

"နေညို"

"…………"

"နေညို"



www.burmeseclassic.com

www.burmeseclassic.com



"…………"

"နေညို"

"အော်ကြီးဟာစ်ကျယ်နဲ့ ဘယ်လိုဖြစ်နေတာလဲကွ"

"နေညို"

နေညို အပေါ်ထပ်ကနေ ဆင်းလာရင်း ပြောလေတော့ ဒဏ္ဍာ နေညို့အနားသို့ လွှားကနဲ ရောက်သွားကာ…

"နေညို…မင်းက ဘာအထာလဲကွ…ပြောပါဦး"

"ဘာကိုလဲကွ"

"မင်း ပြန်ရောက်တာ ငါ့ကို ဘာလို့ ဖုန်းမဆက်တာလဲ။ ပြန်လာမယ့်အကြောင်းလည်း မပြောဘူး။ ဘာအထာလဲ…မင်း တော်တော်ပြောင်းလဲသွားတယ်နော်…ဟေ့ကောင်"

နေညိုက ရယ်လိုက်ပြီး…

"ဘာမှမပြောင်းလဲပါဘူးကွာ…ကြိုပြီးဖုန်းမဆက်တာ က မင်းတို့ကို အံ့သြသွားစေချင်လို့ပါ။ အခုလည်း တွေ့နေရတာ ပဲ မဟုတ်ဘူးလား"

နေညို ဒဏ္ဍာပခုံးကိုဖက်ပြီး ပြောလေသည်။ ပြီးတော့ ဆိုဖာပေါ်မှာ အသီးသီး ထိုင်လိုက်ကြတော့၏။ ဒဏ္ဍာ စိတ်လျှော့ လိုက်သည်။ တင်းနေလည်း မခေါ်ဘဲမှ မနေနိုင်ပဲလေ။

"ဟုတ်သားပဲ…ဒဏ္ဍာရဲ့။ အခု တွေ့နေရပြီပဲဟာ။ ပြော မနေနဲ့တော့လေ"

ဒဏ္ဍာ ညကတွေ့တဲ့ကောင်မလေးကို ဖျတ်ကနဲ သတိရ



www.burmeseclassic.com

www.burmeseclassic.com


သွားလေသည်။ နေညိုတို့ပြန်အလာမှာ ပါလာတာလား။ နေညိုတို့အမျိုး (သို့မဟုတ်) အသိမိတ်ဆွေတွေ ဘာတွေပေါ့။ သိချင်စိတ်က မျိုသိပ်လို့မရပေ။

ဒါကြောင့်...

"မင်းကို ငါ မေးစရာရှိတယ် နေညို"

"ဘာမေးမှာလဲ...မေးလေ"

"မင်းတို့နဲ့အတူ ညှို့သည့်မိန်းကလေးတစ်ယောက် ပါလာသလား"

"ပေါက်တီးပေါက်ရာကွာ...ဘယ်ကပါရမှာလဲ။ အန်တီလေးနဲ့ငါ နှစ်ယောက်တည်းပဲ ပြန်လာတာ။ ဘာဖြစ်လို့လဲ"

ဒဏ္ဍာ မျက်မှောင်ကြုတ်သွားလေသည်။ ဒါဆို ဟိုဦးလေးနဲ့ အဒေါ်ကြီးရဲ့သမီးများလား။

"ငါ ညက မင်းတို့ခြံထဲမှာ ကောင်မလေးတစ်ယောက်ကို တွေ့လိုက်လို့။ ငါ မင်း ဘယ်သူလဲလို့မေးတာ မဖြေဘဲ ထွက်ပြေးသွားတယ်ကွ"

"ဟုတ်လား"

"ကို...နော် ဘာတွေ ရှုပ်ရှုပ်ယှက်ယှက် လုပ်နေတာလဲ။ ဆည်းဆာရှိတယ်ဆိုတာ မေ့နေပြီလား"

"ဟာ...ချစ်ကလည်း မေ့စရာလား ကို့ချစ်သူကို။ အခုက သိချင်လို့ မေးကြည့်ရုံသက်သက်ပါ"

ဆည်းဆာက မျက်စောင်းထိုးလေသည်။ နေညိုကတော့


www.burmeseclassic.com

www.burmeseclassic.com



ချက်မှောင်ကြုတ်သွားပြီး ဆည်းဆာကို ကြည့်လိုက်၊ ဒဏ္ဍာကို ကြည့်လိုက်ပါ။ ပြီးမှ…

"မင်းတို့နှစ်ယောက်က ချစ်သူတွေ ဖြစ်နေကြပြီလား"

ဆည်းဆာက ခေါင်းလေးငုံ့ပြီး ရှက်ပြုံးပြုံးလေသည်။ ဒဏ္ဍာကပဲ…

"ဟုတ်တယ်ကွ…ဆည်းဆာနဲ့ငါ ချစ်သူတွေဖြစ်သွားကြပြီ။ ဒီတစ်ခါတော့ မင်းစကားကို ငါ နားမထောင်တော့ဘူး နော်…ဟေ့ကောင်။ ဆည်းဆာကို ငါ တကယ်ချစ်တာ။ သူ့ကိုပဲ သက်ထပ်မှာ"

နေညို မျက်နှာပျက်သွားပြီးမှ ချက်ချင်းပြန်ပြင်ပြီး အပြုံးကို ဖန်ဆင်းလိုက်သည်။ ပြီးတော့ ဆည်းဆာကို ငေးကြည့်နေမိသော့သည်လေ။

"နေညို"

"ဟင်"

"အဲဒီကောင်မလေးက ဘယ်သူလဲ။ ပြောပြဦးလေကွာ"

"မင်းက ဘာဖြစ်လို့ သိချင်နေတာလဲ။ ငါ မသိဘူးလေ။ ငါ်း တစ္ဆေအခြောက်ခံရလားမှ မသိတာ။ အရင်က အန်တီလေး သည်း ခြံထဲမှာ ညဘက် မိန်းကလေးတစ်ယောက်ကို တွေ့ဖူး ဘယ်လို့ ပြောတာပဲ"

ဒဏ္ဍာ ခေါင်းခါလိုက်မိသည်။ ဖြစ်မှမဖြစ်နိုင်တာ။ နာနာ ဘာဝတွေကို ဒဏ္ဍာ အယုံအကြည်မရှိပေ။ မကြုံဖူးလို့ဖြစ်ပဲ



www.burmeseclassic.com

www.burmeseclassic.com


ပြောပြောပေါ့။ ပြီးတော့ တစ္ဆေဆိုရင် လက်ကိုကိုင်လို့ရမှာတဲ့လား။

"မဖြစ်နိုင်ဘူး"

"ဖြစ်နိုင်တာ…မဖြစ်နိုင်တာ ငါ မသိဘူးလေ။ မင်းပြောတဲ့ကောင်မလေးကို မင်းတွေ့တာ ငါတွေ့တာမှ မဟုတ်တာ"

"မင်းပြောသလို တစ္ဆေမှ မဖြစ်နိုင်တာ"

လက်ကို ကိုင်လို့ရမှတော့ တစ္ဆေဖြစ်နိုင်ပါ့မလားဆိုတဲ့ စကားကိုတော့ မပြောဖြစ်တော့ပေ။ ဆည်းဆာရှေ့မှာ ပြောလို့ မဖြစ်ဘူးလေ။

"တစ္ဆေ မဖြစ်နိုင်ရင် ဥစ္စာစောင့်"

"မင်း…မဟုတ်တာတွေ လျှောက်မပြောနဲ့ နေညို။ ဒါနဲ့ မင်းတို့အိမ်စောင့်ထားခဲ့တဲ့ ဦးလေးကြီးနဲ့အန်တီကြီးရော…သူတို့မှာ သမီးရှိလား"

"ဟား…ဟုတ်သားပဲ။ ငါ မေ့နေတာကွ။ ဟုတ်တယ်…အဲဒီဦးလေးနဲ့အန်တီမှာ သမီး ရှိတယ်။ မင်းတွေ့တာ သူတို့သမီးပဲ ဖြစ်လိမ့်မယ်ထင်တယ်။ နံနက်အစောကြီးကတည်းက သူတို့ ပြန်သွားကြပြီကွ"

"ဩော်"

"ကို"

"ဟင်"


www.burmeseclassic.com

www.burmeseclassic.com


"အဲဒီတစ်ယောက်အကြောင်းကို ဘာလို့ ကိုက အဲဒီလောက် စိတ်ဝင်စားနေတာလဲ။ ဆည်းဆာ စိတ်တိုလာပြီနော်"

"ဟာ...မဟုတ်ပါဘူး ချစ်ရဲ့"

"မသိဘူးကွာ...ဆည်းဆာကို လာမခေါ်နဲ့တော့။ ဒါပဲ"

ဆည်းဆာက စိတ်ကောက်၍ ထသွားလေတော့သည်။

"ဟာ...စိတ်ကောက်သွားပြီ။ ငါ လိုက်ချော့လိုက်ဦးမယ် နေညိုရာ"

နေညို အပြုံးနှင့် ခေါင်းညိတ်ပြလိုက်သည်။ ရင်ထဲမှာတော့ စူးကနဲ နင့်ကနဲပါပဲ။

သူ နောက်ကျသွားခဲ့ပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ခေါင်းလဲ့ကြည် သူ့မရင်ခွင်မှာ မျက်နှာအပ်ပြီး မျက်ရည်တွေကျနေတဲ့ တူဖြစ်သူကို ကျောသပ်လိုက်၊ ခေါင်းပွတ်ပေးလိုက်နှင့် သက်ပြင်းသာချမိတယ်။ ဘယ်လိုနှစ်သိမ့်ပေးရမှန်း မသိပေ။ ချမ်းသာကြွယ်ဝမှုတွေက ဒီလိုနေရာမှာကျတော့ အသုံးမဝင်ပါလား။

ငွေနဲ့သာ ဝယ်လို့ရရင်…

ရှိသမျှစည်းစိမ် ပုံအောပေးပြီး တူဖြစ်သူအတွက် သူလိုချင်တဲ့ အချစ်ဆိုတာကို ဝယ်ပေးလိုက်ချင်ပါသည်။ ကိုယ့်တူ သိပ်ကံဆိုးရှာတာပဲလို့ ကံကိုလည်း အပြစ်ပုံမချချင်ပေ။

"သား"

"………"



www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့ သားရယ်...မျက်ရည်တွေ သုတ်လိုက်နော်။ ကိုယ့်အချစ်... ကိုယ့်မေတ္တာနဲ့ သူက မထိုက်တန်ဘူးလို့ပဲ သတ်မှတ်လိုက်ပါကွယ်"

နေညို ခေါင်းခါလိုက်ပြီး...

"သား သူ့ကို သိပ်ချစ်တာ အန်တီလေးရ။ သား မပွင့်လင်းခဲ့တာပါ။ သား ပွင့်လင်းခဲ့ရင်"

"သား"

ဒေါ်ခင်လှဲ့ကြည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေတော့သည်။ ထို့ကြောင့် နေညို့မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် ညှပ်ကိုင်ကာ မော့ယူလိုက်ပြီး...

"မဖြစ်ဘူးလေ...သား...သား...ပွင့်လင်းလို့မရဘူး"

"အန်တီလေး"

"သား"

"ဒါဆို သားက ဒီအတိုင်းပဲ ခံစားနေရတော့မှာလား။ သား သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြောပြခွင့်မရတော့ဘူးလား...ဟင်"

"ပြောပြလိုက်တာထက် မပြောပြဘဲ မျိုသိပ်နေတာက ပိုကောင်းတယ် သား။ သား ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ပါ။ ပြီးတော့ မဖြစ်နိုင်ဘူးဆိုတာကို နှလုံးသွင်းထားလိုက်ပါ သားရယ်။ အန်တီလေး သားကို တောင်းပန်ပါတယ်။ မဖြစ်နိုင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ခင်လဲ့ကြည် ပြောရင်း မျက်ရည်တွေ ကျလာလေတော့သည်။ ရက်စက်လိုက်တာ ကံကြမ္မာရယ်။ ဒီကလေးအတွက် ဘာကြောင့်များ သာယာချမ်းမြေ့တဲ့ဘဝကို မပေးနိုင်တာလဲ။ ဒီရောဂါမျိုးကိုမှ ဘာလို့ဖြစ်စေတာလဲ။

ဝေဒနာကို ကိုယ်စားခံပေးလို့ရရင်…

ကိုယ်သာ ခံစားလိုက်ချင်ပါသည်။ တူလေးကို မခံစားစေချင်ပါဘူး။ ဒီတူလေးက သူမရဲ့ဘဝ၊ သူမရဲ့အသက်ပဲလေ။ မိဘမဲ့ဖြစ်သွားရှာတဲ့ ဒီတူလေးကို ချစ်လွန်းလို့ ဒီတူလေးအတွက် ဖြည့်ဆည်းပေးချင်လို့ သူမ သိပ်ချစ်ရတဲ့ ချစ်သူကိုတောင် သူမ စွန့်လွှတ်ခဲ့တာပါလေ။

"သား"

"…………"

"မင်း ယောကျ်ားလေ။ စိတ်ကို တင်းစမ်းပါ‥သားရယ်"

"ဟင့်အင်း"

"အချစ်က ဘဝ မဟုတ်ဘူး…သား။ သားရဲ့ဘဝရှေ့ရေးအတွက် စိတ်တင်းထားစမ်းပါ။ သားကိုချစ်မယ့်သူ၊ ကြင်နာမယ့်သူ မရှိဘူးဆိုတဲ့စိတ်ကို ထုတ်ပစ်လိုက်။ အန်တီလေး ရှိတယ်။ သားကို အန်တီလေး အရမ်းချစ်တယ်။ သားအတွက်ဆိုရင် အသက်ပဲ ပေးရ…ပေးရ"

"သား မခံစားနိုင်လို့ပါ အန်တီလေးရာ"

"သားရယ်"


www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ခင်လှဲ့ကြည် ရှုးချင်စိတ်တောင် ပေါက်မိပါတော့သည်။ မဖြစ်နိုင်လွန်းလို့သာပေါ့။ ဖြစ်နိုင်တာဆိုရင် သူမအသက်ပဲ ပေးရပေးရ တူလေးရဲ့ဆန္ဒကို ဖြည့်ဆည်းပေးမိမှာပါ။

"အန်တီလေး"

"သား"

"သားလေ…သူ့ကို သားအနားမှာပဲ အမြဲရှိစေချင်တယ်။ သူ သားအနားမှာ အမြဲရှိနေအောင် ဘယ်လိုလုပ်ရမလဲ…ဟင်"

ဒေါ်ခင်လှဲ့ကြည် နေညို့ခေါင်းကို ရင်ခွင်ထဲမြှာ ဖိကပ်ထားပေးပြီး မျက်ရည်တွေသာ အဆက်မပြတ် ကျနေတော့သည်။

ဘယ်လိုဖြေသိမ့်ပေးရပါ့မလဲ။


www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၁၇)

နေညို ဆည်းဆာအတွက် ဝယ်လာတဲ့အင်္ကျီနှစ်ထည်ကို ယူပြီး ဆည်းဆာတို့အိမ်ဘက်သို့ ကူးလာခဲ့သည်။ ပြီးတော့ နှင်းဆီ ပင်ကနေ နှင်းဆီတစ်ပွင့် ခူးလာခဲ့သေးသည်လေ။ နှင်းဆီပန်းက ပန်းရောင်ဖျော့ဖျော့လေးပါ။ ဆည်းဆာမေမေက...

နေညိုကို မြင်တာနှင့် ထိုင်နေရာကနေ ထလာကာ...

"သား...နေညိုပါလား။ လာ...သား...လာ။ သမီးဆီ ကိုလာတာလား...ဟုတ်လား...သား"

"ဟုတ်တယ် အန်တီ...ဆည်းဆာရှိလား မသိဘူး"

"ရှိတယ်...သား...ရှိတယ်။ ခဏနော်...အန်တီ ခေါ် ပေးမယ်။ ထိုင်...သား...ထိုင်"


www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သဲအိစိုးတစ်ယောက် ဒဏ္ဍာကို ကြည့်မရသလောက် နေညှိုကိုကျတော့ ပွေ့တော့ချီတော့မတတ် လိုက်လျှောပျူငှာလွန်းလှသည်။ ဒဏ္ဍာက ကျွတ်ဆတ်ဆတ်၊ မာကျောကျော ဘုကန့်လန့်လေ။ ပြီးတော့ ဆည်းဆာနဲ့နေညှိုအပေါ် အနိုင်ကျင့်သူ။

ဒီလိုအမြင်နှင့်…

လုံးဝ ကြည့်လို့ မရပေ။ အမြင်မကြည်တော့ စကားအကောင်းလည်း မပြောဖြစ်ဘူးပေါ့။

"သမီးရေ…ဆည်းဆာ…သမီး"

"ရှင်…မေမေ"

"ဒီမှာ နေညှို ရောက်နေတယ်…သမီး။ သမီးသူငယ်ချင်းကို လာတွေ့ဦးလေ"

"ဟုတ်ကဲ့…မေမေ"

နေညှို အန်တီသဲအိနှင့်စကားပြောရင်း ဆည်းဆာကို စောင့်နေလိုက်သည်။ အန်တီသဲအိအတွက်လည်း အန်တီလေးက လက်ဆောင်ဝယ်လာကြောင်း ပြောပြသည်လေ။ အန်တီလေးက သူကိုယ်တိုင်ပေးမယ်ဆိုတဲ့အကြောင်းပေါ့။

ခဏကြာတော့…

ဆည်းဆာ မီးဖိုချောင်ဘက်ကနေ ထွက်လာကာ…

"နေညှို"

"ဘယ်လိုလဲဟ…မီးဖိုချောင်ဝင်ပြီး ကိုယ်တိုင်ချက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com


"မဟုတ်ပါဘူး…ဗိုက်ဆာလို့ အစာဖြည့်နေတာပါ"

"ဩော်"

"ကဲ…သားနဲ့သမီး စကားပြောကြဦးနော်။ အန်တီ လုပ်စရာလေးရှိသေးလို့"

"ဟုတ်ကဲ့ပါ…အန်တီ"

ဒေါ်သဲအိစိုး ထသွားလေတော့ နေညို သူ ယူလာတဲ့အိတ်ကို ယူလိုက်ပြီး…

"ရော့…ဆည်းဆာ…ဒါ နင့်အတွက် ဝယ်လာတာ"

"ဟား…အလိုက်သိလိုက်တဲ့ သူငယ်ချင်းလေး"

ဆည်းဆာက အိတ်ကို ဖွင့်ကြည့်လေလျှင်…

"ဘယ်လိုလဲ…ကြိုက်ရဲ့လား"

"ဩော်…နင်ကလည်း စေတနာနဲ့ လက်ဆောင်ပေးတာကို ကြိုက်ရမှာပေါ့"

"ဆည်းဆာ"

"ဟင်…ပြောလေ"

"နင့်ကို ငါ နောက်တစ်ခု ပေးစရာရှိသေးတယ်။ လက်ခံမှာလား"

"အင်"

ပထမတော့ ဆည်းဆာ မျက်မှောင်ကြုတ်သွားလေသည်။ နေညိုပုံစံက ထူးဆန်းနေသလားလို့လေ။ နောက်မှ ပြုံးလိုက်ပြီး…

"ဘာပေးမှာလဲ…ပေးလေ"


www.burmeseclassic.com

www.burmeseclassic.com



နေညို ဂျာကင်အိတ်ထဲမှာထည့်လာတဲ့ နှင်းဆီပွင့်ကို နှိုက်ယူလိုက်ပြီး…

"ရော့"

"ဟင်"

"ယူလေ"

ဆည်းဆာ တွေကာနဲ ဖြစ်သွားလေသည်။ နေညို့ကို ကြည့်လိုက်တော့ မျက်ဝန်းတွေက ရီဝေဝေပါ။ ဘာအဓိပ္ပာယ်လဲ။ နေညို မျက်ဝန်းရဲ့အဓိပ္ပာယ်ကို ဆည်းဆာ ဘာသာမပြန်တတ်ပေ။ ထို့ကြောင့် နေညို ကမ်းပေးတဲ့ပန်းကို မယူဖြစ်သေးပါဘူး။

ပေးတဲ့ပန်းက နှင်းဆီ…

အရောင်က ပန်းရောင်ဖျော့ဖျော့။ ဘာ့အတွက်ပေးတာလဲ။

"ယူလေ…ဆည်းဆာ"

"နင် ဘာအဓိပ္ပာယ်နဲ့ ပေးတာလဲ…နေညို"

"ပန်းပေးခြင်းရဲ့အဓိပ္ပာယ်ကို နင် တကယ်မသိဘူးလား"

ဆည်းဆာ ကိုယ်ထင်တာတွေးပြီး နှင်းဆီပန်းကို လှမ်းယူလိုက်သည်။ ပန်းပေးတာ အရှုံးပေးတဲ့သဘောပဲ မှတ်ယူပြီး ယူလိုက်တာပါ။

"နောက်ကျရင် တစ်ရှုတစ်ပွင့် ပေးမယ်"

"ဘယ်လို"

နေညိုက ပြုံးလေသည်။ ဆည်းဆာ နေညို့ကို နားမလည်နိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"နေညို…ငါက ဒဏ္ဍာနဲ့ ချစ်သူတွေနော်။ ငါ သူ့အပေါ် သစ္စာမဖောက်ဘူး"

ပထမ နားလည်လိုက်တဲ့ အဓိပ္ပာယ်က တစ်မျိုးပါ။ အခု တစ်မျိုးပြောင်းပြီး အဓိပ္ပာယ်ကောက်မိပြန်ပြီလေ။

"ငါ သိပါတယ်"

"သိရဲ့သားနဲ့ဟာ"

"ငါ့မှာ တိတ်တဆိတ် ချစ်ခွင့်…လွမ်းခွင့် မရှိဘူးလား ဆည်းဆာ"

"အခု…နင်က တိတ်တဆိတ် မဟုတ်ဘူးလေ"

ဆည်းဆာ မျက်နှာပျက်ပေမယ့် နေညိုက အပြုံးမပျက်ပေ။ အရင်ကတော့ ဆည်းဆာကို ဂရုမစိုက်၊ အရေးမလုပ်သလိုနဲ့ အခုမှ ဘာအရှုံးထတာလဲ။

"ဟုတ်ပါတယ်…တိတ်တဆိတ် မဟုတ်တာက နင့်ကို သိစေချင်လို့ပါ။ ပြီးတော့ ငါ ခံစားနေရတာ ငါပဲ သိတယ်။ ငါ နောက်ကျသွားတာ…နင့်ကို"

"တော်တော့ နေညို"

ဆည်းဆာ ထိုင်ရာကနေ ထရပ်လိုက်သည်။ ပြီးတော့ နေညို့ကို အထင်သေးတဲ့အကြည့်နှင့် ကြည့်လိုက်ပြီး နှုတ်ခမ်းလေးကို မသိမသာ မဲ့ကာ…

"နင်ပေးတဲ့လက်ဆောင်တွေ ပြန်ယူသွား…နေညို"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်လက်ဆောင်က မျှော်လင့်ချက်တစ်ခုနဲ့ ပေးတာလေ။ လက်ဆောင်ကြောင့် အားနာငဲ့ညှာရတာမျိုး မဖြစ်ချင်ဘူး"

"ဒါတွေ ပြန်ပေးလည်း ငါက နောက်မဆုတ်ဘူးဆိုရင် ရော"

"နေညို"

"လူပျို…အပျိုပဲဟာ။ ချစ်ခွင့်ရှိသလို သစ္စာဖောက်ခွင့် လည်း ရှိတယ်"

"ငါ ဒဏ္ဍာအပေါ် ဘယ်တော့မှ သစ္စာမဖောက်ဘူး။ အဲဒါ နင် မြဲမြဲမှတ်ထား"

ဆည်းဆာ ပြောပြီး အရင်ဆုံး နေညို့ရင်ဘတ်ကို ပန်းနှင့် ပစ်ပေါက်လိုက်လေသည်။ ပြီးမှ အင်္ကျီတွေ ထည့်ထားတဲ့အိတ်ကို နေညို့ဆီသို့ ပစ်ပေးလေသည်။

ဆည်းဆာက ပန်းနဲ့ပေါက်တာ…

နေညို့ရင်ဘတ်မှာတော့ ဓားနဲ့အထိုးခံရသလို နာကျင်သွား တာ အခြားဘယ်သူ သိနိုင်မှာလဲလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ဟာ…ချစ်သူတွေ ချိန်းတွေ့ပါတယ်ဆို မင်းက ဘာလိုက်လုပ်မှာလဲ။ မလိုက်ပါနဲ့ နေညိုရာ…အလကား အနှောင့်အယှက်ဖြစ်လို့"

"ဩော်…ခုတော့ မင်းက ဒီစကားပြောပြီပေါ့။ အရင်တုန်းက ကောင်မလေးတွေနဲ့ ချိန်းတွေ့ရင် အဖော်လိုက်ခဲ့ပါတဲ့။ အခုကျတော့ လိုက်မယ်ဆိုတာတောင် မလိုက်နဲ့တဲ့…ဟင့်"

နေညိုက မျက်စောင်းထိုးပြီး နှုတ်ခမ်းစူကာ 'ဟင့်' ကနဲ လုပ်လေလျှင်…

"ဓာတ်ပြမလာနဲ့… ငါ လက်သီးနဲ့ ထိုးလိုက်မယ်။ တော်တော်အခြောက် ဖြစ်ချင်နေလား"

"မဖြစ်ချင်ပါဘူးလို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို နှဲ့ပြမနေနဲ့။ အခုက ငါ ဆည်းဆာကို လက်ထပ်ဖို့အထိ ရည်ရွယ်ပြီးချစ်တာ။ မတူတာကို မတုနဲ့"

"မသိဘူး...မချစ်နဲ့"

"ချစ်မယ်ကွာ"

"ဟင့်"

"ဟော့ကောင်"

ဒဏ္ဍာ လက်သီးနှင့်ရွယ်တော့ နေညိုက လက်ကာပြီး ရယ်လေသည်။ ဒဏ္ဍာက ယောကျ်ားလေးတွေ အခြောက်လို မူနွဲ့ပြရင် သိပ်မုန်းတာလေ။ ဆယ်တန်းနှစ်က အခြောက်တွေ ခြံရှေ့က ဖြတ်သွားတာကို ဒဏ္ဍာ ခုတ်ခဲပိုင်းနှင့် လိုက်ပစ်ဖူးသည်လေ။ ခုတ်ခဲပိုင်း အမှန်ခံရတဲ့ အခြောက်မက အော်ငိုလို့ ဒဏ္ဍာ ဖေဖေနဲ့ မေမေ ထွက်တောင်းပန်ရတာပေါ့။

မုန့်ဖိုးဆိုပြီး...

လျှော်ကြေးသဘောမျိုးလည်း ပေးလိုက်ရသေးသည်။

"ငါက စတာပါ ဒဏ္ဍာရာ...မင်းတို့သွားရင်တော့ ငါ ဒိုက်မှာနေမယ်။ မင်းတို့နှစ်ယောက် ကြည်နူးနေတဲ့အချိန် ငါ မနှောင့်ယှက်ပါဘူးကွ။ ငါ့ဘာသာ တော်ရာအရပ်မှာနေမှာပါ"

"ပြီးရောကွာ...လိုက်ခဲ...အရှုပ်ထုပ်"

"ရှုပ်ရုံပါ...မထုပ်ပါဘူး"

ဒဏ္ဍာ ဖုန်းကိုထုတ်ပြီး ဆည်းဆာကို ဖုန်းဆက်လေတော့ နေညိုက ပါးစပ်ပိတ်ပြီး နားထောင်နေသည်။ ရှော့ပင်နှင့်ကြက်ကြ



www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့။ နောက်နေ့ သုံးယောက်အတူသွားကြတော့ နေညိုပါ လိုက်တာကို ဆည်းဆာက သဘောကျပုံမရပေ။

နေညိုကို စကားလည်းမပြော။

မျက်နှာက ခပ်တည်တည်ပါ။ ဒါကို ဒဏ္ဍာက ရိပ်မိပြီး မင်းတို့နှစ်ယောက် ဘာဖြစ်နေကြတာလဲတဲ့။ ဆည်းဆာက ခေါင်းခါပြီး…

"ဘာမှမဖြစ်ပါဘူး"

"ဘာမှသာ မဖြစ်တယ်…စကားလည်း မပြောကြဘူး။ မှန်မှန်ပြောစမ်း…စိတ်ကောက်နေကြတာလား"

"မကောက်ပါဘူးကွာ… ငါ့စိတ်က အော်ရီဂျင်နယ် အဖြော်င့်။ ဆည်းဆာစိတ်ကတော့ မသိဘူးပေါ့"

နေညိုက ဘာမှမဖြစ်သလိုနဲ့ စလိုက်ပေမယ့် ဆည်းဆာက နေညို့မျက်နှာကိုလည်း မကြည့်၊ စကားလည်း မပြောပေ။

"ကို"

"ပြောလေ ဆည်းဆာ"

"ဆည်းဆာ ဖိနပ်ဝယ်မလို့။ ကို ဆိုင်အပြင်မှာ ကျန်ခဲ့ရင် ကျန်ခဲ့လေ"

"ရပါတယ်…ကို လိုက်ခဲ့မှာပေါ့"

"ကို့သဘောပါ"

"နေညို…မင်းရော ကျန်ခဲ့မလား…လိုက်မလား"

"လိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား ဖိနပ်ဆိုင်ထဲသို့ ဝင်ခဲ့ကြသည်။ ဆည်းဆာ ဖိနပ်ရွေးနေတော့ နေညိုနဲ့ဒဏ္ဍာက ရပ်စောင့်နေရတာပေါ့။ ပြီးမှ ဟိုဖိနပ်ကိုင်ကြည့်၊ ဒီဖိနပ်ကိုင်ကြည့် ကိုင်ကြည့်နေရင်းကနေ အနက်ရောင်ပေါ်မှာ ကျောက်ပါင့်အဖြူလေးတွေပါသည့် ဖိနပ်တစ်ရပ်ကို နေညို ယူလိုက်ကာ…

"ဒီဖိနပ်ကလေး တော်တော်လှတယ်နော်။ ဆည်းဆာခြေထောက်နဲ့ အတော်ပဲနေမှာ"

ဒဏ္ဍာကပါ ကိုင်ကြည့်ပြီး…

"အင်း…လှတယ်။ မင်းက ရွေးတတ်သားပဲ"

"ဆည်းဆာကို ဒီဖိနပ် ကြိုက်လားလို့ မေးကြည့်ပါလား ဒဏ္ဍာ"

"အင်း"

ဒဏ္ဍာ ခေါင်းညိတ်လိုက်ပြီး နေညို့လက်ထဲက ဖိနပ်လေးကို ယူလိုက်သည်။ ပြီးတော့ ဆည်းဆာဘက်သို့ လှည့်ပြီး

"ဆည်းဆာ…ဒီဖိနပ်လေး အရမ်းလှတယ်။ ကြိုက်လားကြည့်ပါဦး"

ဆည်းဆာ ဒီဘက်လှည့်လာပြီး ဖိနပ်ကိုမြင်တော့ မျက်နှာလေး ဝင်းပသွားကာ…

"ဟယ်…လှလိုက်တာ။ ကြိုက်တယ်··ကို···ကိုက အရမ်းတော်တာပဲ။ ရွေးတတ်တယ်နော်"

"ယူမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ဒါပဲယူမယ်။ အစ်မ ဒီဖိနပ် ယူမယ်နော်"

ဆည်းဆာယူမယ်ဆိုတော့ ဆိုင်ရှင်က အိတ်နဲ့ထည့်ပေးလေသည်။ ဒဏ္ဍာ ပိုက်ဆံရှင်းမယ်လုပ်တော့ နေညိုက အရင်ထုတ်ရှင်းလေသဖြင့်…

"ငါ ရှင်းမယ်လေ"

"ရပါတယ်…ငါ ရှင်းတော့လည်း ပြီးသွားတာပဲ မဟုတ်ဘူးလား"

"မဟုတ်သေးဘူးလေ"

"တော်ကွာ…ဆက်မပြောနဲ့။ ပြောနေရမယ့်လူတွေကျနေတာပဲ"

"ပြီးရောကွာ"

ပိုက်ဆံလည်း ရှင်းပြီးပြီမို့ ဆိုင်ထဲမှ ထွက်လာခဲ့ကြတော့သည်။ ဝယ်ချင်တာတွေဝယ်ပြီး အောက်ထပ်ကို ပြန်ဆင်းကြတော့ ဓာတ်လှေကားထိပ်မှာ ဂန္ဓဝင်နဲ့ ဆုံလေသည်။ ဂန္ဓဝင်ကလည်း အဆင်းပဲမို့…

"ဩော်…ဘယ်သူတွေများလဲမှတ်တယ်…ဒဏ္ဍာတို့ကိုး"

"ဟုတ်တယ်လေ…အဲဒါ ဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး…အဆင်ပြေကြရဲ့လား ဆည်းဆာ"

ဆည်းဆာဘက်ကို လှည့်မေးလေသဖြင့် ဆည်းဆာက…

"အဆင်ပြေပါတယ်"

"ဝမ်းသာပါတယ် နွေဆည်းဆာ။ ဒဏ္ဍာ အကြာဆုံးတွဲတာ



www.burmeseclassic.com

www.burmeseclassic.com


နိုးကလေးဆိုတော့ မင်းအတွက် ဂုဏ်ယူပါတယ်။ လေးလည်း လေးစားပါတယ်"

"ကျွန်မတို့ လက်ထပ်ဖို့အထိ ရည်ရွယ်ပြီး ချစ်ကြတာပါ ဂန္ဓဝင်"

"ဪ...ဟုတ်လား"

"ဟုတ်တယ်လေ"

"ကောင်းပါတယ်...တွဲသောလက်တွေ မြဲပါစေလို့ တို့ ဆုတောင်းပေးပါတယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ... ဂန္ဓဝင်"

ဒဏ္ဍာ ပြောပြီး ဆည်းဆာလက်ကိုဆွဲ၍ လှေကားကနေ ဆင်းခဲ့သည့်တွင် ဂန္ဓဝင်က ဆည်းဆာနောက်မှာ ကပ်၍ပါလာသော၏။ လှေကားကအဆင်း လူကလည်းများသဖြင့် ရပ်မနေဘဲ တစ်ထစ်ချင်းနင်းပြီး ဆင်းသူကဆင်းပါ။

"အမေ့"

"ဟင်"

"ဆည်းဆာ"

ဆည်းဆာကို နောက်ကနေ တစ်ယောက်ယောက်က တွန်းလိုက်တာကြောင့် ဆည်းဆာ ပြုတ်ကျမလိုဖြစ်လေလျှင် ဒဏ္ဍာ ဆည်းဆာကို ကမန်းကတန်းပဲ ထိန်းလိုက်ရတော့၏။ ဆည်းဆာက ဒဏ္ဍာရင်ခွင်ထဲမှာ ဖြစ်သွားတာပေါ့လေ။

ဒဏ္ဍာ...


www.burmeseclassic.com

www.burmeseclassic.com


နောက်ကလူကို ပြန်ကြည့်မလို့ လုပ်စဉ်မှာပဲ လှေကား အဆုံးရောက်သဖြင့် ဆင်းလိုက်ရသည်။ ဆင်းပြီး ဂန္ဓဝင်ကို ခပ်ရှုးရှုး ကြည့်ငိုက်စဉ်မှာပဲ…

"ဂန္ဓဝင်…တောင်းပန်ပါတယ် ဒဏ္ဍာ။ တမင်လုပ်တာ မဟုတ်ပါဘူး။ တကယ်ပါ…နောက်ကနေ တွန်းလိုက်လို့ဖြစ်သွား တာပါ။ ဂန္ဓဝင်လည်း ပြုတ်ကျမလို့ ကံကောင်းလို့ပါ။ ကမ်း ကတန်းထိန်းရင်း ဆည်းဆာကို တွန်းသလိုဖြစ်သွားတာ။ ရှေ့မှာ ဆည်းဆာရှိမနေရင် ဂန္ဓဝင် ပြုတ်ကျမှာ…ဒဏ္ဍာ"

ဂန္ဓဝင်က ပျာပျာသလဲ တောင်းပန်ပေမယ့်…

"မင်းပြောတိုင်း ငါ ယုံမယ်ထင်လို့လား…ဂန္ဓဝင်။ မင်း တော်တော်ယုတ်မာတဲ့ မိန်းမပါလားကွ"

"မဟုတ်ဘူး…ဒဏ္ဍာ"

"တော်ပြီ…ဆက်မပြောနဲ့။ မင်းက မစားရတဲ့အမဲ သဲနဲ့ပက်ချင်တာ။ မင်း အဲဒီလိုလုပ်လို့ ဆည်းဆာ သေသွားရင် မင်းဆီကို ငါ ပြန်လာမယ်လို့ မင်း ထင်နေသလား"

"မဟုတ်ဘူးလို့ ပြောနေတယ်နော်"

"ဒဏ္ဍာ"

နေညို…ဒဏ္ဍာပခုံးကို ဖက်လိုက်ပြီး…

"စိတ်လျှော့ပါ ဒဏ္ဍာရာ…ဆည်းဆာလည်း ဘာမှ ဖြစ် သွားတာမှ မဟုတ်တာ။ မတော်တဆဆိုတာ ဟုတ်မှာပါ"

"မတော်တဆဆိုတာကို ငါ မယုံဘူး…နေညို"


www.burmeseclassic.com

www.burmeseclassic.com


"မင်းဒဏ္ဍာရီ"

ဂန္ဓဝင်အသံက မာသွားလေသည်။ ဒဏ္ဍာကို ကြည့်လိုက်တဲ့အကြည့်က စူးစူးရဲရဲပါ။ ဆည်းဆာဆို အဲဒီအကြည့် ကိုယ်ဆီရောက်လာမှာ ကြောက်သွားသည်အထိပါ။

ဂန္ဓဝင်...

မဟုတ်ပါဘူးလို့ပြောပြီး တောင်းပန်နေတာကို လက်မခံခဲ့တော့ မတောင်းပန်တော့ဘူးလေ။

ဒါကြောင့်...

"ဟုတ်တယ်...ငါ နွေဆည်းဆာကို တမင်တွန်းချလိုက်တာ။ နောက် သတိထားပေါ့။ နွေဆည်းဆာကို ငါ အမျိုးမျိုးသကြောင်းကြံပြမယ်"

"ဘာ"

ပြောပြီး ဂန္ဓဝင် လှည့်ထွက်သွားလေတော့သည်။ ဒဏ္ဍာမိန်းကလေးမို့ ဂန္ဓဝင်ကို ချမ်းသာပေးလိုက်ခြင်းပါပဲ။ ယောကျ်ားလေးသာဆို သွားသုံးဆယ့်နှစ်ကွပ်တာကို လုံခြုံရေးချထားတောင်ရမှာမဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ဒဏ္ဍာ ဖွာလက်စ စီးကရက်က အဆီခံရောက်သွားတာနဲ့ ထိုစီးကရက်တိုကို လွှင့်ပစ်ပြီး နောက်တစ်လိပ်ကို ထပ်ညှိပြီး ဖွာလေသည်။ ဒဏ္ဍာ စိတ်ညစ်နေတာလေ။ မတွေးဘဲနေလျှင် အကောင်းသားပေါ့။ တွေးမိတော့ ရင်လေးရသည်သာ။

အချစ်စစ်တို့မည်သည် ဖြောင့်ဖြူးရာလမ်းမရှိဆိုတဲ့စကား က တကယ်များဖြစ်နေပြီလား။ ဒဏ္ဍာ ဆည်းဆာအပေါ် တကယ် နှစ်နှစ်ကာကာ ချစ်မိလို့လား မသိပါဘူး။ သူတို့နှစ်ယောက်သား အချစ်ခရီးလမ်းမှာ အနှောင့်အယှက် အတားအဆီးတွေက ရှိလာ ပြီ။

အဲဒီလို အတားအဆီးတွေရှိလေ…

သူတို့နှစ်ယောက်အချစ်က ပို၍ ခိုင်မြဲလေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကို"

ဆည်းဆာ ဒဏ္ဍာလက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်မိသည်။

"ဘာမှစိတ်မကောင်းဖြစ်မနေပါနဲ့ ကိုရယ်။ ဆည်းဆာတို့နှစ်ယောက်အချစ်ကို ဘယ်သူတွေ ဘယ်လိုပဲဖျက်ဖျက်· ဖျက်လို့မရပါဘူး…ကို။ ဆည်းဆာကို သူ ဘယ်လိုထပ်ပြီး သေကြောင်းကြံမလဲ။ ကြံစမ်းပါစေ…အလင်းကလူနဲ့ အမှောင်ကလူ အမှောင်ကလူက အမြဲ ခြေတစ်လှမ်းဦးတာ မှန်ပါတယ်။ ဒါပေမဲ့ ကောင်းတာလုပ်တဲ့လူက ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်တဲ့လူက မကောင်းတာဖြစ်မယ်လို့ ယုံကြည်ထားလိုက်စမ်းပါ…ကို"

"ဟူး"

ဒဏ္ဍာ မီးခိုးငွေ့တွေကို မှုတ်ထုတ်လိုက်ပြီး စီးကရက်ကို ရှေ့သို့ တောက်ထုတ်လိုက်သည်။ ပြီးတော့ ဆည်းဆာလက်ကို ထပ်ပြီး ဖိဆုပ်ကာ…

"ဆည်းဆာ"

"ကို"

"ကို…ဆည်းဆာနဲ့ မဝေးချင်ဘူးကွာ"

"အတူတူပါပဲ ကိုရယ်…ဆည်းဆာလည်းလေ ကိုနဲ့ဝေးရမှာ အရမ်းကြောက်တာပဲ"

"ကိုတို့ အမြန်ဆုံး လက်ထပ်ကြမယ်လေ…နော်"



www.burmeseclassic.com

www.burmeseclassic.com


"ဖြစ်ပါ့မလား…ကို"

"ဘာလို့မဖြစ်ရမှာလဲ…ဆည်းဆာရဲ့။ ဘာလဲ ဆည်းဆာက ကိုနဲ့ အတူတူ မနေချင်ဘူးလား"

"ဘယ်လိုမေးလိုက်တာလဲ…ကို။ ကိုယ့်ချစ်သူနဲ့ အတူတူနေချင်တာပေါ့။ ဒါပေမဲ့ ကျောင်းက မပြီးသေးဘူးလေ"

"ကျောင်းမပြီးတော့ ဘာဖြစ်လဲ…ဆည်းဆာ။ လက်ထပ်ပြီးမှ ဆက်တက်ပေါ့"

ဆည်းဆာ ခေါင်းညိတ်ပြီး ဒဏ္ဍာရင်ခွင်ထဲသို့ တိုးဝင်မိလေတော့သည်။ ဒဏ္ဍာကလည်း ဆည်းဆာပခုံးလေးကို ခပ်တင်းတင်း ပြန်ဆက်ထားလို့ပေါ့။

သူတို့နှစ်ယောက်ကို…

ဝရန်တာကနေ ရပ်ပြီး မမှိန်မသုတ် ကြည့်နေသူက နေညိုပါ။ ဒဏ္ဍာနဲ့ဆည်းဆာတို့ ချစ်ရည်လူးတာမြင်တိုင်း အူနုကို ကျွဲခတ်သလို ခံစားနေရသူက နေညိုပါ။ တစ်ခါတလေ မခံစားနိုင်လို့ ကျိတ်ငိုခဲ့ရတဲ့ညတွေကို နေညို မုန်းပါသည်။

အဟွန်း…

နေညိုကို ယုတ်မာတယ်လို့ပဲပြောပြော၊ ရက်စက်တယ်လို့ပဲဆိုဆို သူတို့နှစ်ယောက်ကို ပေါင်းခွင့်မပေးနိုင်ပါဘူး။

ထို့ကြောင့်…

ဟိုနေ့က ဆည်းဆာကို ဓာတ်လှေကားပေါ်က ပြုတ်ကျပြီးသေအောင်လုပ်လိုက်တာ နေညိုလေ။ ဂန္ဓဝင်ကို နောက်ကနေ


www.burmeseclassic.com

www.burmeseclassic.com



တွန်းလိုက်တာနဲ့ ဂန္ဓဝင်က ရှေ့ကလူကို အမှုပြုပြီး ဆက်တွန်းသလို ဖြစ်သွားမယ်ဆိုတာ နေညို ကြိုတွေးမိသားပဲ။ ဒါကြောင့် လုပ်လိုက်တာလေ။

အဲဒီအတွက်…

အထင်မှားခံရတဲ့ ဂန္ဓဝင်ကို ခွင့်လွှတ်ပါလို့သာ စိတ်ထဲကနေ တောင်းပန်မိတော့သည်။

ကိုယ်ချစ်တဲ့သူကို…

ကိုယ်မှ ပိုင်ဆိုင်ခွင့်မရရင် အခြားသူကိုလည်း မပိုင်ဆိုင်စေချင်တာ လူ့အချို့ရဲ့အတ္တပါပဲ။ နေညိုမှာလည်း အဲဒီအတ္တတွေ ရှိနေသည်လေ။

"သား"

"……….."

"သား"

ဒေါ်ခင်လှဲကြည် ကိုယ့်တူ ဘာကိုများ စူးစူးစိုက်စိုက် ကြည့်နေပါလိမ့်ဟု နေညို ကြည့်နေရာသို့ လိုက်ကြည့်လိုက်စဉ်…

"ဟင်"

ဒဏ္ဍာနဲ့ဆည်းဆာပါလား။ ဆည်းဆာက ဒဏ္ဍာရင်ခွင်ထဲမှာပါ။ သြော်…ဒါကြောင့် ကိုယ့်တူလေး မရွှင်မပျ ဖြစ်နေတာကိုး။

"သား"

"………."



www.burmeseclassic.com

www.burmeseclassic.com


"ကြည့်မနေပါနဲ့ သားရယ်…ဒီမြင်ကွင်းက သားအတွက် သာယာကြည်နူးစရာ မြင်ကွင်းမှ မဟုတ်တာ။ ပြီးတော့ သားနဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာကို ခေါင်းထဲမှာ ထည့်ထား စမ်းပါ"

"ဟင့်အင်း…မပြောနဲ့ အန်တီလေး။ အဲဒီစကားကို သား မကြားချင်ဘူး"

"သား"

"သား သူတို့နှစ်ယောက်ကို ပေါင်းခွင့်မပေးနိုင်ဘူး။ ရအောင်ခွဲပြမယ်…အန်တီလေး"

"အို…သား"

ဒေါ်ခင်လဲ့ကြည် ခပ်တင်းတင်း ဆုပ်ကိုင်လိုက်မိသည်။ ရင်ထဲမှာ ဒိုင်းကနဲ ဆောင့်ခုန်သွားသည်အထိ စိုးရိမ်မိတာလေ။ ဒီကလေးရဲ့စိတ်တွေ အစွန်းရောက်ပြီဆိုရင်…

ဘုရား…ဘုရား။

ကိုယ်စိုးရိမ်သလို မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းရတော့မှာ ပေါ့။ ဆုတောင်းတွေ ပြည့်ချင်ပါတယ်လေ။

"သား…စိတ်ကို ထိန်းစမ်း…သား။ စိတ်ထိန်းပါ သားရယ်…နော်။ အတ္တဆိုတာ သူ့အတွက်ရော ကိုယ့်အတွက် ရော ပူလောင်လွန်းလှပါတယ်ကွယ်။ သား…အန်တီလေး မချစ်ဘူးလား။ အန်တီလေးကို ချစ်ရင် အန်တီလေးမျက်နှာ ပြန်ငဲ့ပါဦး…သားရယ်…နော်"

www.burmeseclassic.com

www.burmeseclassic.com



"...........…"

"သား"

နေညို ဘာမှပြန်မပြောဘဲ ဒဏ္ဍာဝတို့ကို ကြည့်နေတဲ့ မျက်လုံးက မှေးကျဉ်းသွားလိုက်၊ စူးရှလာလိုက်ပါ။ နှုတ်ခမ်းကို တင်းတင်းစေ့ထားပုံက နှုတ်ခမ်းလွှာနှစ်ခုကြားမှာ အခြားအရာ တစ်ခုသာရှိလျှင် ထိုနှုတ်ခမ်းနှစ်လွှာ၏ တင်းမာမှုကြောင့် ပြတ်ထွက်သွားမလား မပြောတတ်ပေ။

"သား… မှာထားတဲ့ဟာ ရောက်နေပြီပဲ…သားရယ်။ အဲဒါနဲ့ပဲ စိတ်ကို ဖြေပါ…သား"

"ဟင့်အင်း…အန်တီလေး…သားကို ဘာမှမပြောပါနဲ့။ ခံစားနိုင်ဘူး…မပြောပါနဲ့။ အဟင့်…ဟီး"

"အို…သားရယ်"

ဒေါ်ခင်လှဲကြည်တစ်ယောက် နေညိုနှင့်အတူ ငိုရပြန်သည်။ နေညိုငိုတိုင်း သူမ လိုက်ငိုခဲ့ရတဲ့ရက်တွေ မနည်းတော့ပါ ဘူးလေ။

❧



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"အန်တီသဲ"

"ဟယ်...နေညို...လာလေ...သား"

နေညို့လက်ထဲမှာ စပယ်ပန်းတွေ ဖွေးဖွေးဖြူလို့ပါ။ ဒေါ်သဲအိစိုး ဘုရားပန်းလဲတာကို ခဏရပ်ထားပြီး နေညို့ဘက်သို့ တည့်တည့်လှည့်ရပ်ကာ...

"စပယ်ပန်းတွေ အများကြီးပါလား သားရဲ့။ ဒီလောက် အများကြီး ဘာလုပ်ဖို့လဲ...သား"

"အန်တီ ဘုရားပန်းလဲနေတာနဲ့ အတော်ပဲ။ ရော့ အန်တီသဲ ဘုရားလည်းတင်၊ အန်တီသဲလည်း ပန်။ ပြီးတော့ အဲ ဆည်းဆာလည်း ပန်ဖို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ကျေးဇူးပါ သားရယ်။ ဒါဆို အန်တီ ဘုရား အရင်တင်လိုက်မယ်နော်...ပေး...သား"

ဒေါ်သဲအိစိုး နေညိုလက်ထဲက စပယ်ပန်းတွေကိုယူပြီး ဘုရားပန်း အရင်လဲလေသည်။ ပန်းတွေ သစ္စာပန်းရိုးလေးတွေ ပေါ်မှာ ခွေရစ်ပြီးတင်ရင်း...

"အန်တီ့သားလေး ဒီပန်းကို လှူရတဲ့အကျိုးကျေးဇူး ကြောင့် စပယ်လိုဖြူစင်ပြီး စပယ်ပန်းရနံ့လို ကောင်းသတင်းတွေ မွှေးပျံ့ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ...အန်တီ"

နေညို စိတ်ထဲမှာတော့...

ဆုပေးတိုင်းပြည့်ပါသလား။

ဆုတောင်းတိုင်း ပြည့်တတ်ပါသလားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးနေမိပါသည်။

"ဆည်းဆာရှိလား...အန်တီ"

"ရှိတယ်...သား။ မြို့ထဲသွားမလို့တဲ့...အလှပြင်နေလေ ရဲ့။ ဒါနဲ့ သားပါ မြို့ထဲလိုက်မှာ မဟုတ်ဘူးလား"

"ဗျာ"

"ဆည်းဆာက သူငယ်ချင်းတွေနဲ့သွားမှာတဲ့။ သားတို့နဲ့ သွားမှာမဟုတ်ဘူးလား"

"အဟွန်း"

နေညို့အပြုံးက မချိပြုံးပုံစံမျိုးလားလို့ ဒေါ်သဲအိစိုး



www.burmeseclassic.com

www.burmeseclassic.com



သံသယဝင်သွားမိပါသည်။ ထို့ကြောင့်…

"ဘာဖြစ်လို့လဲ…သား"

"ဘာမှမဖြစ်ပါဘူး…အန့်တီ။ သူ ဒဏ္ဍာနဲ့သွားမှာ ထင်တယ်။ မြို့ထဲသွားမှာ…ကျွန်တော် မသိဘူးလေ"

"ဟင်"

"ကျွန်တော်ပါရင် အနှောင့်အယှက်ဖြစ်မှာစိုးလို့ထင်တယ်။ သူတို့ဘာသာ လွတ်လွတ်လပ်လပ် သွားပါစေဗျာ"

ဒီစကားက နေညိုရဲ့လှည့်ကွက်တစ်ခုပါပဲ။ အပေါ်မြှောက် တင်ပေးပြီးမှ ပြန်ရိုက်ချတာလေ။ ဒေါ်သဲအိစိုး ရိပ်မိအောင် တမင် ပြောလိုက်တာပဲပေါ့။ သမီး ရည်းစားထားတာ မိဘကို အသိပေးမှ မဟုတ်ဘဲလေ။ မသိလို့သာ အပြင်သွားဖို့ကို ကြည်ဖြူလေ သလား။

ဒါမှမဟုတ်…

သဘောတူလက်ခံလို့ပဲ သိသိနဲ့ ငြိမ်နေသလား မပြော တတ်ပါဘူး။ သဘောထားသိရအောင် အသိပေးရသေးတာပေါ့။

"သား…နေညို"

"ဗျာ…အန့်တီသဲ"

"သူတို့နှစ်ယောက်ကို လွတ်လွတ်လပ်လပ် သွားပါစေ ဆိုတော့ သူတို့နှစ်ယောက်က ဘာတွေလဲ…သား။ အန့်တီကို မညာနဲ့။ မှန်မှန်ပြောစမ်းပါ။ သူတို့နှစ်ယောက်က ဘယ်အခြေ အနေရောက်နေကြပြီလဲ။ အန့်တီကို ပြောပြပါ"



www.burmeseclassic.com

www.burmeseclassic.com


နေညို မျက်ခုံးလေးနှစ်ဖက် တွန့်တက်သွားပြီး…

"ကျွန်တော့်မှာ ပြောခွင့်ရှိလို့လား…အန်တီ။ တော်ကြာ ကျွန်တော့်ကို ချွန်တွန်းလုပ်တယ်ထင်နေဦးမယ်။ အန်တီကိုယ်တိုင် ဆည်းဆာကို မေးကြည့်တာပဲ ကောင်းပါလိမ့်မယ်"

ရှောင်တခွင်ပြော၍ အချွန်နဲ့ မ,လိုက်ပါပြီ။ မေးတာမမေး ဘာ သူ့အကြောင်းပေါ့။ အရိပ်ပြလို့မှ အကောင်မမြင်တတ်ရင် ဗြောင်လိမ်ဆင်နဲ့ အထွက်ချောင် အချောင်ထွက်နေမှာပဲလေ။

"ကောင်းပြီလေ…သားကို အန်တီ မမေးတော့ပါဘူး။ သမီးကိုပဲ အန်တီ မေးတော့မယ်"

"ကျွန်တော် သွားတော့မယ်…အန်တီ"

"အေး…အေး…ကောင်းပြီ…သား"

ဒေါ်သဲအိစိုး ဘုရားပန်းလဲပြီး ဘုရားကိုသာ ရှိခိုးရတယ်။ စိတ်က မကြည်လင်တော့ပေ။ ဒဏ္ဍာနဲ့ သမီးကို သူမ သဘော တူနိုင်ပါဘူး။ ဒဏ္ဍာက ခပ်ရိုင်းရိုင်းလေ။ ကျွတ်ဆတ်ဆတ် ခါကျော့ကျော့နဲ့ သမီးအပေါ်မှာလည်း အနိုင်ယူတတ်တဲ့သူ။

ချစ်သူဘဝတောင် အနိုင်ကျင့်နေရင်…

လက်ထပ်ပြီးလို့ကတော့ ပိုဆိုးမှာပေါ့။ ဒါကြောင့် ဒဏ္ဍာ နဲ့ ဆည်းဆာကို သဘောမတူနိုင်ဘူးလေ။ သဘောကျတာက နေညိုပါ။

နေညိုက အေးချမ်းသည်။

မိဘတွေမရှိတော့ ပိုင်ဆိုင်သမျှ စည်းစိမ်အားလုံး နေညိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်မှာလေ။ ပြီးတော့ စည်းစိမ်တွေက နည်းတာမှတ်လို့။ ဒေါ်သဲအိစိုး ဘုရားခန်းက ထွက်လာပြီး သမီးဆီသို့ လာခဲ့သည်။

ဆည်းဆာ…

အလှပြင်နေရင်း ခြေသံကြားလို့ လှည့်ကြည့်လိုက်တော့…

"သမီး"

"ရှင်…မေမေ"

"သမီးကို မေမေ မေးစရာရှိတယ်"

"ဟုတ်ကဲ့…မေးပါ မေမေ"

"အေး…မေးပါဆိုလို့ မေးရင် မှန်မှန်ဖြေနော်။ ညာတာကို မေမေ မကြိုက်ဘူး"

"ဟုတ်ကဲ့ပါ…မေမေ မေးပါ"

"သမီးနဲ့ဒဏ္ဍာက အခြေအနေဘယ်လိုလဲ။ အခု သမီး မြို့ထဲကိုသွားမယ်ဆိုတာ ဘယ်သူတွေနဲ့လဲ။ မေမေ အမှန်ပဲ သိချင်တယ်နော်"

ဆည်းဆာ တွေကနဲ ဖြစ်သွားလေသည်။ အခုမှ မေမေက ဘာဖြစ်တာလဲ။ စောစောကတော့ ကြည်ကြည်ဖြူဖြူနဲ့ သွားတဲ့။ အခုကျ လေသံမာမာနဲ့ ဒီလိုတွေ မေးလာတာ ဘာသဘောလဲ။

"မေမေက ဘယ်လိုတွေ သိထားလို့မေးတာလဲ မေမေ"

"ညည်း…ငါ့ကို ပြန်မေးစရာ မလိုဘူး…ဆည်းဆာ။ ငါ မေးတာကိုပဲ ညည်း ဖြေပါ"

စိတ်ထဲမှာ တင်းကနဲ ဖြစ်သွားရသည်။ ဘယ်သူက



www.burmeseclassic.com

www.burmeseclassic.com



ချွန့်တွန်းလုပ်လိုက်တယ် မသိပါဘူး။ မေမေ့ကို ဘာတွေများ ပြောလိုက်ကြသလဲ။ ဘယ်သူ ဘာပဲပြောပြော ဆည်းဆာ ဂရု မစိုက်ပါဘူး။ မေးလာပြီဆိုတော့ အမှန်ကို ဖြေရဲတဲ့သတ္တိရှိရမှာ ပေါ့။

ချစ်မိပြီဆိုမှတော့…

အချစ်အတွက် အရာရာကို ရင်ဆိုင်ရဲတဲ့ သတ္တိရှိရမည် လေ။ ဒါကြောင့် ဆည်းဆာ အမှန်ဖြေဖို့ ဆုံးဖြတ်လိုက်ပြီး…

"သမီး မညာပါဘူး မေမေ။ ဒဏ္ဍာနဲ့ သမီး ချစ်သူတွေ ဖြစ်နေကြတာပါ"

"ဘာ"

"သမီး ဒဏ္ဍာကို ချစ်တယ်"

"မချစ်ရဘူး"

"မေမေ"

"သမီးကို ဒဏ္ဍာနဲ့ မေမေ လုံးဝ သဘောမတူဘူး… သမီး။ အေး…အပြတ်ပြောထားတဲ့ကြားက ရှေ့ဆက်တိုးရဲ တိုးကြည့်။ သဲအိစိုးဆိုတဲ့ မိန်းမက ပြတ်ပြီဆို လှည့်မကြည့်တတ် ဘူးနော်"

"ဒဏ္ဍာမှာ ဘာအပြစ်ရှိလို့လဲ မေမေ။ ဒဏ္ဍာက မေမေ သဘောမတူနိုင်လောက်အောင် ဘာဖြစ်နေလို့လဲ"

"နွေဆည်းဆာ"

ဒေါ်သဲအိစိုး စူးစူးရဲရဲကြည့်လေတော့ နွေဆည်းဆာ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလွှဲထားလိုက်မိသည်။

"ငါ နင်မေးတာကို ဖြေရှင်းချက်မထုတ်နိုင်ဘူး။ သဘော မတူဘူးဆိုတာကိုတော့ ပြတ်ပြတ်သားသားပဲ ငါ ပြောတယ်"

"............"

"ညည်း...မြို့ထဲကို မသွားရဘူး"

"မေမေ"

"သွားချင်သပဲ့ဆိုရင် နေညို့ကိုပါ ခေါ်သွား။ နေညိုမပါ ဘဲနဲ့ မသွားရဘူး။ သွားမယ်ဆိုရင်လည်း မင်းဒဏ္ဍာရီကို တစ်ခါ တည်း အပြတ်ဖြတ်လာခဲ့...ဒါပဲ"

"ဟင်"

ဆည်းဆာ စိတ်ထဲမှာ တင်းကနဲ ဖြစ်သွားရသည်။ ချစ်သူ ချင်းချိန်းတွေ့တာ နေညို့ကို ခေါ်သွားရမယ်တဲ့လား။ အနှောင့် အယှက်မဖြစ်ပေမယ့် စိတ်က မလွတ်လပ်ဘူးလေ။ မေမေက ဘာလို့ နေညိုကို နေရာပေးတာလဲ။ မေမေ့ကို နေညို ချွန်တွန်းလုပ် လိုက်တာလား။

"သမီး...ဒဏ္ဍာကို မဖြတ်နိုင်ဘူး...မေမေ"

"နွေဆည်းဆာ"

"ဘာလဲ...မေမေ့ကို နေညို ချွန်တွန်းလုပ်လိုက်တာလား။ မစားရတဲ့အမဲ သဲနဲ့ပက်"

"တိတ်စမ်း...နွေဆည်းဆာ"

ဒေါ်သဲအိစိုးအသံက စူးကနဲ ကျယ်လောင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က ကျွတ်ဆတ်ဆတ် မာကျော့ကျော့အကောင်နဲ့ ချစ်သူဖြစ်ပြီး မကောင်းတဲ့စရိုက်တွေ ကူးစက်လာပြီပေါ့လေ။ ဟုတ်လား…ငါ့ကိုတော့ ပြန်ပြောရဲနေပြီပေါ့"

"မမေ မဆိုင်တာတွေ မပြောပါနဲ့။ ဒဏ္ဍာက မဟုတ်မခံ စိတ်ရှိတာပါ။ မကြိုက်ရင် မကြိုက်တာ၊ ကြိုက်ရင် ကြိုက်တာကို ပွင့်ပွင့်လင်းလင်း ပြောရဲတာ။ သူများတွေလို အပေါ်ယံလှပြီး အတွင်းစိတ်ပုပ်နေတာ မဟုတ်ဘူး"

"ကြည့်စမ်း"

တစ်ခါမှ ခုလို မအေကို လေသံမာမာနဲ့ ပြန်မပြောဖူးတဲ့ သမီးက အခုလို လေသံမာနဲ့ ပြန်ပြောတာကိုခံရတော့…

ဒေါ်သဲအိစိုး…

ဒေါသကို မထိန်းနိုင်တော့ပေ။ ထို့ကြောင့်…

"မအေကိုတောင် ပြန်ပြောရဲလာတဲ့ အမိုက်မ…ကဲ"

"ဖြန်း"



www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၂၁)

ဒဏ္ဍာ ဆည်းဆာထွက်အလာကို စောင့်နေတာကြာပါပြီ။ စံတော်ချိန်အတူတူတောင်မှ လက်မှာပတ်ထားတဲ့နာရီကို ကြည့်လိုက်၊ ဖုန်းကနာရီကို ကြည့်လိုက်နှင့် အချိန်တွေသာ ကုန်သွားတယ်။ ဆည်းဆာက မလာသေးပေ။

စောင့်ရတာ စိတ်မရှည်တဲ့အဆုံး…

ဆည်းဆာဖုန်းကိုခေါ်တော့ စက်ပိတ်ထားပါသည်တဲ့။ ထို့ကြောင့် ကိုယ်တိုင်ပဲ ဆည်းဆာတို့အိမ်ကို လာခဲ့သည်တွင်…

"ဆည်းဆာ…ဆည်းဆာ"

"…………"

"ဆည်းဆာ"

"ဘာကိစ္စရှိလို့ တကြော်ကြော် အော်ခေါ်နေတာလဲ… မင်းဒဏ္ဍာရီ။ ဆည်းဆာ မရှိဘူး"


www.burmeseclassic.com

www.burmeseclassic.com


ဒေါ်သဲအိစိုးရဲ့ လေသံမာမာ၊ အကြည့်စူးစူးရဲရဲတို့ကြောင့် အခြေအနေကို နားလည်သလိုတော့ ရှိလိုက်ပါသည်။

"ကျွန်တော်တို့ မြို့ထဲသွားမလို့ပါ"

ရောင်းသူဝယ်သူ အသံတူပဲပေါ့။

"မင်းဘာသာမင်း…သွား…ဆည်းဆာ မလိုက်ရဘူး"

"ဘာဖြစ်လို့လဲ"

"ရှင်းရှင်းလေးပါ…မင်းနဲ့ ငါ့သမီးကို ငါ လုံးဝ သဘော မတူဘူး"

"ဩော်"

ဒဏ္ဍာ မျက်ခုံးနှစ်ဖက် တွန့်တက်သွားပြီး စိတ်ထဲမှာလည်း လေးဖင့်ဖင့်ကြီး ဖြစ်သွားလေသည်။ ဆည်းဆာနဲ့ဒဏ္ဍာ ချစ်သူ တွေဖြစ်သွားကြပြီဆိုတာကို ဒေါ်သဲအိစိုး သိသွားပြီပေါ့။ အေးလေ…သိသွားတာ မဆန်းပါဘူး။

တစ်နေ့ သိလာမှာပဲဟာ။

အခုကတည်းက သိသွားတော့ သဘောထားကို သိရတာ ပေါ့။ အခုမသိလည်း နောက်…လက်ထပ်ခါနီး ဖွင့်ပြောရမှာပဲ လေ။

"နေပါဦး…အန်တီက ကျွန်တော်နဲ့ဆည်းဆာကို ဘာလို့ သဘောမတူတာလဲ။ ကျွန်တော်က နူနေဝဲနေလို့လား"

"နူနေဝဲနေတာကမှ ဆေးကုရင် ပျောက်ဦးမယ်။ မင်းရဲ့ မင်းစိုင်းတဲ့စရိုက်တွေက ဘယ်ဆေးဝါးနဲ့မှ ကုသလို့ ပျောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ နားလည်လား"

"ဘယ်လို…ကျွန်တော်က ရိုင်းစိုင်းတယ်…ဟုတ်လား"

"ဟုတ်ပေါ့…ရိုင်းစိုင်းတယ်ဆိုတာ သူများကို ဆဲရေး တိုင်းထွာနေမှ မဟုတ်ဘူး။ သူများနဲ့ ရန်ဖြစ်နေမှ ခေါ်တာမဟုတ် ဘူးကွ။ လူကြီးကို လူကြီးမှန်းမသိ၊ ရှိသေကိုင်းရှိုင်းခြင်းမရှိဘဲ မလေးမခန့် ပြောဆိုဆက်ဆံတာလည်း ရိုင်းတာပဲ"

"ဩော်…ဩော်…ဒါဆို အန်တီက လူတော်လူကောင်း ဆိုတာကို ဘယ်လိုစံချိန်မျိုးနဲ့ သတ်မှတ်ထားလဲ မသိဘူးခင်ဗျ… ကျွန်တော်မသိလို့ ရှင်းပြပေးပါလား"

"မင်း ငါ့ကို မရွဲ့နဲ့"

"မရွဲ့ပါဘူး…အတည့်ပဲမေးတာ"

"တောက်"

ဒေါ်သဲအိစိုး ဒေါသအရှိန်ဒီဂရီ တက်သွားလေသည်။ အဲ လိုရွဲ့တာစောင်းတာကိုက ရိုင်းစိုင်းခြင်းတစ်မျိုးပဲလေ။

"ကျွန်တော် ပုဆိုးနဲ့အင်္ကျီအညိုရောင် ဝတ်ပြီး လည်ပင်း မှာ ပုတီးဆွဲဖို့ လိုနေသလား အန်တီ"

"တော်တော့ မင်းဒဏ္ဍာရီ…မင်း ငါ့ကို ဘာမှထပ်မပြော နဲ့။ မင်း ဆည်းဆာကို အဆက်အသွယ်ဖြတ်ပါ။ ဒါပဲ ငါ ပြော မယ်"

"ကျွန်တော်က ရအောင်ယူမယ်ဆိုရင်ရော"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ဒဏ္ဍာ နှုတ်မဆက်ပါဘဲ ပြန်ခွင့်မပေးတောင်းပါဘဲ လှည့်ထွက်လာခဲ့စဉ်…

"ကို"

"…………"

"ကို"

ဆည်းဆာရဲ့ခေါ်သံကို ကြားလိုက်ရသဖြင့် ဒဏ္ဍာ ခြေလှမ်းတွေ ရပ်တန့်သွားပြီး လှည့်ကြည့်လိုက်တာ…

"စိတ်မပူနဲ့ ဆည်းဆာ…ကို မင်းကို ဘယ်တော့မှ မထားခဲ့ဘူး။ အတူတူနေရဖို့…ကို…ကြိုးစားမယ်"

"မင်းဒဏ္ဍာရီ"

မင်းဒဏ္ဍာရီ လှည့်ထွက်လာခဲ့တော့သည်။ အခု နောက်ကို ခြေတစ်လှမ်းဆုတ်တာသည် ရှေ့ကိုခုန်ကျော်ဖို့ အားယူလိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၂၂)

"နေညို"

မာဆတ်ဆတ်ခေါ်သံကြောင့် ကိုယ့်ခြေထောက်မှာ ဖိနပ် စီးနေရင်းမှ မော့ကြည့်လိုက်စဉ်...

"ဖြန်း"

"အာ"

နေညို ပါးတစ်ဖက် ပူသွားလေသည်။ ပထမတော့ ပါးကို သာပွတ်ပြီး ဆည်းဆာကို ကြောင်ငေးနေမိသည်။ နောက် သတိရ တော့ စိတ်ထဲမှာ တင်းကနဲဖြစ်ပြီး ထရပ်လိုက်မိသည်။ ကိုယ့်ကို ဘာလိုင်းကြီး ပါးရိုက်တာကို ငြိမ်ခံနေရမှာလား။

"နင် ငါ့ပါးကို ရိုက်တယ်"

"ဟုတ်တယ်...ရိုက်သင့်လို့ ရိုက်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com


"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ...နင် ငါ့ကို မေးစရာမရှိဘူး...နေညို။ နင် ဘာလုပ်တယ်ဆိုတာ နင့်ကိုယ်နင်သိ"

"ဟား...ဘာလိုင်းကြီးပါလား"

"နင် မေမေ့ကို ချွန်တွန်းလုပ်လို့ အခု မေမေက ငါ့ကို အပြင်မထွက်ခိုင်းတော့ဘူး။ အဲဒါ နင့်ကြောင့်။ နင် ဂြိုဟ်မွှေတာ"

"ဟား"

"နင့်ကြောင့်...နင့်ကြောင့်"

"ဆည်းဆာ"

"အား"

ဆည်းဆာက နေညို့ရင်ဘတ်ကိုထုပြီး တွန်းလိုက်သဖြင့် နေညို ပြန်တွန်းလိုက်တာ ဆောင့်တွန်းမို့ ဆည်းဆာကိုယ်လေး ယိုင်နဲ့ပြီး တံခါးဘောင်နှင့် ဆောင့်မိလေသည်။ တော်သေးတာပေါ့...ကျောနဲ့ဆောင့်မိတာမို့လို့လေ။

"နင်...ငါ့ကို မတရားမစွပ်စွဲနဲ့"

"စွပ်စွဲတာမဟုတ်ဘူး...အတိအကျကို ငါ သိနေတာ။ နင် မပြောဘဲ မေမေက ဘယ်လိုလုပ်ပြီး သိမှာလဲ"

"အဲဒါတော့ ငါ ဘယ်သိမလဲ"

"နင့်ကို ငါ အရမ်းမုန်းတယ်...သိလား...နေညို"

"ဘာ"


www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကို ငါ မုန်းတယ်"

"ဟာ…တောက်"

"သွား"

ဒေါသကို မထိန်းနိုင်ဘဲ မြောက်တက်သွားတဲ့ နေညိုလက်ကို ဒေါ်ခင်လှဲကြည် အတင်းပြေးဆွဲထားရလေသည်။

"မလုပ်ပါနဲ့ သားရယ်…အန်တီလေး တောင်းပန်ပါတယ်။ ဒေါသရှေ့ထားရင် သားပဲ မှားမှာပေါ့"

"လုပ်ပါစေ… အန်တီလှဲ။ သူ ရိုက်မယ်ဆိုရင် ဆည်းဆာ ခံပါ့မယ်"

"နွေဆည်းဆာ…နှင် သွားတော့။ ငါ့ရှေ့က ထွက်သွားစမ်း"

"သမီး…အန်တီလှဲ တောင်းပန်ပါတယ်ကွယ်။ သမီး သွားပါတော့နော်…သွားပါတော့"

"တောက်"

ဆည်းဆာ တောက်ခေါက်ပြီး ပြေးထွက်ခဲ့လေတော့သည်။ အောက်နှုတ်ခမ်းကို ဖိကိုက်ထားမိတာ ပေါက်ထွက်လုမတတ်ပါပဲ။ ပါးပြင်ပေါ်သို့ မျက်ရည်တွေကလည်း စီးကျလို့ပါ။

နေညို…

ခင်းက ဆည်းဆာတို့ချစ်သူတွေကြားမှာ အနှောင့်အယှက် အတားအဆီးပါပဲ။ ဆည်းဆာကတော့ ဒီလိုပဲ မြင်သည်လေ။ နေညို့စိတ်က ဘာလဲဆိုတာတော့ အခုထိ ဝေခွဲလို့ မရသေးပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သူ ဆည်းဆာကို ပိုင်ဆိုင်ချင်တာလား။ ပိုင်ဆိုင်လိုချင် လောက်အောင်လည်း အဲတင်းအကျပ် ကြင်နာယုယပြီတာ မရှိ။

ရလိုကြောင်း ကြိုးစားခြင်းလည်း မရှိ။

ဒါဆို သူ ဒဏ္ဍာကို မစွန့်လွှတ်နိုင်တာလား။ ဘာဆိုတာ ဝေခွဲလို့မရပေ။ ဆည်းဆာ ငိုမိတာ တစ်နေ့လုံးလိုလိုပါပဲ။

ညနေရောက်တော့...

ဒဏ္ဍာ ဆည်းဆာဆီသို့ရောက်လာကာ...

"ဆည်းဆာ...ဆည်းဆာ"

"ဟင်"

"ဆည်းဆာ"

"ကို"

"မင်း ဘယ်လိုလုပ်လိုက်တာလဲ ဆည်းဆာ။ နေညို့ကို မင်း ဘာလို့ ပါးရိုက်တာလဲ။ ဘာအတွက် ရိုက်တာလဲ။ ဘာကို မကျေနပ်လို့လဲ...ပြော"

ဆည်းဆာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ ဆည်းဆာကတော့ ကိုယ့်ချစ်သူလာတယ်ဆိုပြီး ရင်ထဲက မကျေနပ်မှုတွေကို ပြောပြမလို့ပါ။ အခုတော့ သူက ဒေါနဲ့မောနဲ့ ပါလား။ ဆည်းဆာ နေညို့ကို ပါးရိုက်မိတာ ဆည်းဆာ ပြောပြ စရာမလိုဘဲ 'ကို'က သိလာခဲ့ပြီပေါ့။

သိတာက ထားပါ။

အခု ကို့ပုံစံက နေညို့ဘက်ကနေ ရပ်တည်မယ့် အနေ



www.burmeseclassic.com

www.burmeseclassic.com



အထားပါပဲ။

"ကို…ဆည်းဆာကို အဲဒီလို မခေါ်ပါနဲ့"

"ခေါ်သင့်လို့ ခေါ်တာလေကွာ။ ဘယ်လိုပြဿနာမျိုးပဲ ဖြစ်ဖြစ် မင်း ငါ့ကို ပြောပြသင့်တယ်။ နေညို့ကို မင်း ဘာမှ လုပ်စရာမလိုဘူး"

ဆည်းဆာ မျက်လုံးက တစ်ခုခုကို ကြောက်ရွံ့သွားသလို မမြင်ရမှန်းသိလျက် အပေါ်ထပ်သို့ မော့ကြည့်မိကာ…

"တိုးတိုးပြောပါ ကိုရဲ့…မေမေ ကြားသွားပါဦးမယ်"

"ကြားကြားကွာ…မင်း နေညို့ကို လုပ်ရက်တယ်…ဆည်းဆာ"

"ကို"

"ကျွတ်"

"ကိုက ကိုယ့်ချစ်သူဘက်က မရပ်တည်ဘဲ နေညို့ဘက်က ရပ်တည်တယ်ပေါ့လေ…ဟုတ်လား။ ဆည်းဆာက ကို့ချစ်သူ ပါ…ကိုရဲ့"

"အေး…မင်းက ကိုယ့်ချစ်သူဆိုတာ မှန်တယ်။ နေညို့ကိုလည်း ငါ ချစ်တာပဲ။ နေညို့ကို သူများ လေသံမာနဲ့ပြောရင် တောင် ငါ ကြိုက်တာမဟုတ်ဘူးကွ။ အခု မင်းက ကိုယ်တိုင် လက်ရောက် စော်ကားခဲ့တာ"

"တော်တော့…ကို"

ဆည်းဆာ ခံပြင်းသွားမိလေသည်။ နေညို့ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်တဲ့။ ချစ်သူနဲ့တောင် နှိုင်းယှဉ်ပြီး တန်းတူချစ်တာလား။ သူတို့နှစ်ယောက်အချစ်က ဘယ်လိုအချစ်မျိုးလဲ။ သူများကြားရင် ကြားလို့မှမကောင်းပါလား။

"ကို…နေညို့ကိုချစ်တဲ့အချစ်က ဘယ်လိုအချစ်မျိုးလဲ… ကို။ ဆည်းဆာနဲ့ တန်းတူချစ်တာလား။ ဆည်းဆာထက် သူ့ကို ပိုချစ်တာလား။ သူက ဘာလဲ…ဆည်းဆာက ဘာလဲ…ကို"

"အေး…ဟုတ်တယ်။ ငါ နေညို့ကို မင်းထက် ပိုချစ်တယ်…နားလည်လား"

"ဟင်"

အကြည့်ချင်းဆုံမိကြတော့ ဘယ်သူကမှ အကြည့်ကို မလွှဲယ်ပေ။ အကြည့်တွေက စူးစူးရဲရဲပါပဲ။ ဆည်းဆာ ပြောချင်တဲ့ စကားတွေက ပါးစပ်ဖျားတင်ပဲမို့…

"ဘာလဲ…ကိုနဲ့သူက ညားနေကြတာလား"

"ဘာ"

"ချစ်သူထက် ပိုချစ်တယ်ဆိုတော့လေ"

"ဟုတ်တယ်ကွာ…ဘာဖြစ်လဲ။ မင်းက အဲဒီလိုထင်ရင် အဲဒီလိုထားလိုက်တော့"

"ကို"

"တောက်"

"ကို"

ဒဏ္ဍာ ခြေလှမ်းကျဲများနှင့် ထွက်သွားလေတော့ ဆည်းဆာ



www.burmeseclassic.com

www.burmeseclassic.com



အသံကုန်အော်ပစ်လိုက်မိတော့သည်။ အခြားစကားတွေထက် ကို့ကို တောက်ခေါက်သွားတာ ရင်အနာဆုံးပါပဲ။ ချစ်သူတဲ့လား။ သူများချစ်သူစုံတွဲတွေများ ချစ်သူကို ကြင်နာကြ၊ ယုယကြနှင့် မြင်ရသူတောင် ကြည်နူးစရာပါ။

ဆည်းဆာကတော့ အရာရာမှာ ကိုယ်က အလျှော့ပေးပြီး ကိုယ့်ကိုကျတော့ ဆက်ဆံရေးက ဒီလိုလား။ အတွေးနှင့် ဝမ်းနည်းစွာ ဟီးကနဲ ငိုချလိုက်လေလျှင်…

"သမီး"

"အဟင့်"

"သမီး…ဘာဖြစ်တာလဲ"

ဒေါ်သဲအိစိုး တမင်မေးလိုက်ခြင်းပါ။ တကယ်ဆို သူမ အားလုံး ကြားသည်၊ မြင်သည်လေ။ ဗိုက်ထဲရှိ ဟာလို့ ရေအိမ် ဝင်တာ သမီး မမြင်လိုက်ပေ။ ပြန်လာတော့ ဒဏ္ဍာအသံကို စကြားလိုက်ရတာပါပဲ။ သူမ ရပ်ပြီးနားထောင်နေခဲ့တာပါ။

ဖြစ်ကြပါစေပေါ့။

ဒဏ္ဍာ အဲဒီလိုပြောတော့ သမီးက စိတ်နာပြီး မုန်းသွား မလားပေါ့။ မုန်းသွားရင် သူမအတွက်ကတော့ နိဗ္ဗာန်တံခါးပွင့် သွားသလိုပါ။ ဇာတ်လမ်းက သူ့အလိုလို ပြီးဆုံးသွားလိမ့်မည် ပေါ့။

ဟန်ကိုယ့်ဖို့တဲ့။

မသိဟန်ဆောင်၍သာ…



www.burmeseclassic.com

www.burmeseclassic.com



"သမီး…ဘာဖြစ်တာလဲလို့ မေးနေတယ်လေ။ ငါ့သမီးကို မျက်ရည်ကျအောင် ဘယ်သူလုပ်တာလဲ…ပြောစမ်း။ မေမေနဲ့တွေ့မယ်"

"ဟင့်အင်း"

ဆည်းဆာ ခေါင်းခါလိုက်ပြီး မျက်ရည်တွေကို သုတ်ပစ်တာ…

"ဘာမှမဖြစ်ပါဘူး…မေမေ။ နေညိုနဲ့ စကားများလို့ပါ။ နေညိုကို သမီး သိပ်မုန်းတာပဲ…မေမေ"

"ဟင်"

ယုန်ထောင်ကြောင်မိဆိုတာ ဒါမျိုးလား။ ကိုယ်ကြားချင်တာက တစ်မျိုး၊ ကြားလိုက်ရတာက တစ်မျိုးလေ။

ဟူး…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

ဒဏ္ဍာ ဆည်းဆာကို ပြောပြီးမှ သူလွန်သွားပြီဆိုတာ သိလိုက်သည်လေ။ သူငယ်ချင်းကို ချစ်တဲ့စိတ်နဲ့ မွန်သွားပြီး ချစ်သူကို ပြောမိပြောရာ ပြောလိုက်မိတာအတွက် ဆည်းဆာ သူ့ကို စိတ်များနာသွားမလား။ အတွေးနှင့် မျက်နှာက စိတ်၏မရှင်လန်းမှုကြောင့် မှိုင်ကုပ်နေသလား မပြောတတ်ပေ။

"မင်းကို ဆည်းဆာကိုယ်စား ငါ တောင်းပန်ပါတယ် နေညို။ သူလည်း သူနဲ့ငါ ချစ်သူတွေဖြစ်တဲ့အကြောင်း သူ့အမေ သိသွားတော့ မွန်နေတာဖြစ်မှာပါ"

"ရပါတယ် ဒဏ္ဍာ... ငါ ဘယ်လိုသဘောမှ မထားပါဘူး။ သူငယ်ချင်းအချင်းချင်းတွေပဲကွာ"

"ကျေးဇူးပါ...နေညို"

"မင်းနဲ့ငါ့ကြားမှာ ကျေးဇူးတင်စရာ လိုလို့လား ဒဏ္ဍာ"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ…ငါ ဆည်းဆာကို ပြန်ပြီးတောင်းပန်မှ ဖြစ်မယ်"

"အေးပါ…ဆည်းဆာကို ငါ မင်းရှေ့ရောက်အောင် ခေါ်လာခဲ့ပေးပါ့မယ်။ သူ မင်းကို ကြာကြာစိတ်မဆိုးဘူးလို့ ငါ ယုံကြည်တယ်"

"…………"

"ငါ အခုပဲ သွားခေါ်လိုက်မယ်"

ပြောပြီးတာနှင့် နေညို ထွက်သွားလေတော့သည်။ ဒဏ္ဍာ စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ်သောက်ရင်း စောင့်နေမိ၏။ နေညို ဘယ်လိုပြောပြီး ခေါ်လာမှာလဲ။ ဆည်းဆာက လိုက်ပါ့ လား။ ကိုယ့်ကို စိတ်နာသွားပြီလား။

ဆည်းဆာက လိုက်မယ်ဆိုတောင်…

ဆည်းဆာမေမေက ထည့်ပါ့မလား။ ဆည်းဆာ လိုက်လာ ရင် ကိုယ့်ဘက်ကစပြီး ဘယ်လိုပြောရမလဲ။ တစ်ယောက်တည်း သားပေါင်း၊ လဲပေါင်းများစွာနှင့် မီးလောင်ခံရတဲ့ စီးကရက်တွေ က တစ်လိပ်ပြီးတစ်လိပ်ပါ။

"ဒဏ္ဍာ"

"ဟင်"

နေညို မျက်စပစ်ပြရာသို့ ကြည့်လိုက်တော့…

"ဆည်းဆာ"

"ကို"



www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာ မျက်နှာကြည်လင်နေတာမြင်ရတော့ ဒဏ္ဍာ ဝမ်းသာသွားလေသည်။ ဒါကြောင့် မျက်နှာက ဝင်းပသွားသည်လေ။

"ဆည်းဆာ…ကို…ဆည်းဆာကို အော်မိတာအတွက် တောင်းပန်ပါတယ်ကွာ…နော်။ နောက် အဲဒီလို မဖြစ်စေရဘူးလို့ ကို…ကတိပေးပါတယ်။ ကို…ဆည်းဆာကို တကယ်ချစ်တာပါ"

"ရပါတယ်…ကို၊ ဆည်းဆာ စိတ်မဆိုးပါဘူး။ ကို… စိတ်ဆိုးမယ်ဆိုရင်သာ စိတ်ဆိုးသင့်တာပါ။ ဆည်းဆာက ဘာမှ မမေးမစစ်ဘဲ နေညို့ကို ကိုယ်ထိလက်ရောက် စော်ကားမိတာပါ။ အဲဒီအတွက် ဆည်းဆာ နေညို့ကို တောင်းပန်ပြီးပါပြီ"

"ဆည်းဆာ တကယ်ပြောတာနော်"

"တကယ်ပါ…ကို"

"ဟား…ဝမ်းသာလိုက်တာ ဆည်းဆာရယ်"

ဒဏ္ဍာ ဆည်းဆာအနားကို ရောက်သွားလေတော့ နေညိုက မျက်နှာလွှဲသွားလေသည်။ ဒဏ္ဍာ ဆည်းဆာကို ဖက်မယ်ထင်လို့ နေမှာပေါ့။ နေညိုက အရှက်ကြီးသည်လေ။ ဒဏ္ဍာသာ မရှက် တတ်တာမဟုတ်ပေမယ့် မျက်နှာပြောင်တာပါ။

"ဟော့ကောင်…နေညို"

"ပြော"

"မင်းက ဘာလို့ မျက်နှာလွှဲသွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ဘာမှမဖြစ်ပါဘူး"

"မဖြစ်ရင် ဒီဘက်လှည့်ကွာ။ ငါ ဆည်းဆာကို ဖက်မယ် မှတ်လို့လား။ မဖက်ပါဘူးကွာ··ဒီဘက်လှည့်···ပျော့ကောင်"

"ခစ်···ခစ်"

ဆည်းဆာက ရယ်လေသည်။ သွေးဆူနေတဲ့အချိန်မှာ စိတ် နောက်ကိုယ်ပါသွားခဲ့ပေမယ့် အခုတော့ ဘာမှမဖြစ်သလိုပါ။ နေညိုက သူငယ်ချင်းပဲလေ။ သံယောဇဉ်ဆိုတာ လွယ်လွယ်ဖြတ် လို့ရတဲ့အရာမှ မဟုတ်တာ။ တစ်ယောက်နဲ့တစ်ယောက် အတတ် နိုင်ဆုံး နားလည်ပေးရမှာပေါ့။

ဒဏ္ဍာ···

နေညို သူတို့ဘက်သို့ ပြန်လှည့်အလာကို စောင့်ကြည့်နေမိ ပြီး နေညို လှည့်လာတာနှင့် ဆည်းဆာကိုယ်လေးကို ဖက်ပြီး ပါးပြင်ကို ဖျတ်ကနဲ နမ်းလိုက်လေလျှင်···

"ဟာ"

"ကဲ···ဘယ့်နှယ်ရှိသေးလဲ"

"ဟာ···ကိုကလည်း"

ဒဏ္ဍာက နေညို့ကို စချင်လို့ပြုလိုက်တဲ့ အပြုအမူက နေညို့ရင်ကို မြှားအစင်းပေါင်းများစွာ စိုက်ဝင်သွားသလိုပါ။ ဘယ့်ရှေ့မှာ ဒီလိုလုပ်ပြရက်လိုက်တာလို့ အပြစ်မတင်ချင်တော့ ပါဘူး။ ဒါ သူတို့ရဲ့အခွင့်အရေးပဲလေ။

မျက်ရည်က ဝေ့ချင်လာတာမို့···


www.burmeseclassic.com

www.burmeseclassic.com


မျက်တောင်ကို ပုတ်ခတ်ထိန်းရင်း နေညို ကြိုးစားပြီး ပြုံးလိုက်ပါသည်လေ။

"နေညို"

"..............."

"မင်းက ရှက်သွားတာလားကွ။ ဟား..ဟား...အိုးက မပူ စလောင်းက ပူကွာ"

"ရပါတယ်"

"ဟော့ကောင်...တို့သုံးယောက် အပြင်သွားကြမလား"

"ကောင်းတယ်...ကို...သွားကြမယ်လေ။ နေညို နင် မေမေ့ကို ပြောပေး။ နင်ခေါ်တာဆို မေမေက ထည့်မှာပါ။ နော်-နော်လို့"

"အေးပါဟာ"

နေညို ကတိတည်အောင် ဆည်းဆာမေမေကို ပြောပေးပါသည်။ နေညိုနဲ့ဆိုတော့ လိုက်သွားဖို့ ကြည်ဖြူသည်လေ။ ဆည်းဆာ အလှပြင်တာကို ထိုင်စောင့်ရသေးသည်ပေါ့။ ဆည်းဆာ အလှပြင်တာကို မကြိုက်ပေမယ့် အကြောင်းကြောင်း ကြောင့် စိတ်ရှည်ပေးလိုက်ရသည်သာ။

ဆည်းဆာလှလေ နေညို မနာလိုလေပါပဲ။ တစ်ခါတစ် အရိုင်းဆန်ချင်တဲ့စိတ်ကို ထိန်းချုပ်ရတာလည်း ဒုက္ခ။

"ပြီးပြီ...နေညိုရေ။ ကြာသွားတယ်...ခေါ်ရီးနော်"

"ရပါတယ်"


www.burmeseclassic.com

www.burmeseclassic.com


"သွားကြစို့…နေညို"

အရမ်းလှလွန်းတဲ့ ဆည်းဆာကို ဒီလောက်လှရမလားလို့ လည်ပင်းညှစ်သတ်ချင်စိတ်ပေါက်တာ ခဏာ္ခဏပါပဲ။

"ဆည်းဆာ"

"ဟင်"

ထိန်းနေတဲ့ကြားက စိတ်ကလွတ်ထွက်ကာ ဆည်းဆာ လည်ပင်းဆီသို့ လက်ကရောက်သွားလေလျှင်…

"အာ…နေညို ဘာလုပ်တာလဲ။ မနောက်နဲ့လေဟာ… အင့်တယ်ဟ…မလုပ်နဲ့"

"…………"

"နေညို"

"…………"

"အ"

ဆည်းဆာ လည်ပင်းက နာလာသဖြင့် နေညို လက်ကို ရုမက ဖယ်ချနေသည်။ ဖယ်လို့မရတော့ ရင်ဘတ်ကို တွန်း ကြည့်မိ၏။

"အ"

"အဟွတ်…အဟွတ်"

ရုန်းရင်းမှ နေညို့ခြေထောက်က မြုပ်နေတဲ့ အုတ်ခဲကို ဆော်ထားလို့ တွင်းချိုင့်ဖြစ်နေတဲ့အထဲသို့ ချော်ကျသွားလေသည်။ ဒါကို အခွင့်ကောင်းယူပြီး ဆည်းဆာ နေညို့ကို ဆောင့်တွန်းပစ်



www.burmeseclassic.com

www.burmeseclassic.com


လိုက်တော့၏။ နေညို လဲကျသွားလေတော့မှ…

"နေညို…နင်…အဟွတ်…အဟွတ်…နင် ဘယ်လိုလုပ်လိုက်တာလဲ"

နေညို လွတ်ထွက်သွားတဲ့စိတ်က ပြန်လည်ပူးကပ်လာမှပဲ…

"ဆည်းဆာ"

"နင်…နင် ငါ့ကို ဘယ်လိုလုပ်လိုက်တာလဲ…နေညို"

"ဆောရီး…ဆောရီးပါ ဆည်းဆာ။ ငါ နင့်ကို တမင်နောက်တာပါ။ နင် တော်တော်နာသွားလား။ နောက်ရင်းက ငါ ဘယ်လိုဖြစ်သွားတယ် မသိဘူးဟာ"

"ဟင်"

ဆည်းဆာ မျက်လုံးဝိုင်းလေးနှင့် နေညို့ကို ကြည့်နေမိသည်။ အပြစ်တင်ဖို့ထက် ငယ်ငယ်က လူကြီးတွေ ပြောပြဖူးတာကို သတိရမိသွားတာပါ။ အချို့ စရင်းနောက်ရင်းကနေ လူသတ်မှု ဖြစ်သွားတတ်ကြတယ်တဲ့။ မကောင်းတဲ့နတ်တွေက မကောင်းတဲ့ အလုပ်ဆို ဝင်ရောက်ပူးကပ်ပြီး တိုက်တွန်းကြတယ်ဆိုတာပဲလေ။

အခု…

နေညိုလည်း ဆည်းဆာကို စရင်းနောက်ရင်း မကောင်းတဲ့ နတ်များ ဝင်ရောက်ပူးကပ်လေသလားပေါ့။

"နေညို…နင် တကယ် သတိလက်လွတ်ဖြစ်သွားတာလား"


www.burmeseclassic.com

www.burmeseclassic.com


"ဟူး…"

"ထားလိုက်ပါဟာ… စိတ်မကောင်းမဖြစ်ပါနဲ့။ ငါ နားလည်ပေးနိုင်ပါတယ်"

"ကျေးဇူးပါ…ဆည်းဆာ"

"ရပါတယ်"

နေညို့မျက်ဝန်းမှာ မျက်ရည်တွေဝဲလာတာကို မြင်ရတော့ ဆည်းဆာ စိတ်မကောင်းဖြစ်ရသည်သာ။ သူ့ တကယ်ပြောတာပဲ ဖြစ်မှာပါ။

"တို့…သွားကြရအောင်…နေညို"

ဆည်းဆာ နေညို့ကိုထူပေးပြီး ခေါင်းညိတ်ပြလိုက်ခြင်းသည် ခွင့်လွှတ်ခြင်းလို့ မည်လေတော့၏။


www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၂၄)

ဆည်းဆာ ပြတင်းတံခါးကိုဖွင့်ပြီး နေညိုတို့အိမ်ဘက်သို့ ငေးမောနေမိသည်။ နေညို့အိပ်ခန်းက ဆည်းဆာအိပ်ခန်းနဲ့ဆို ပြတင်းတံခါးကို ဖွင့်ကြည့်လိုက်တာနှင့် မြင်နေရသည်လေ။ အခုလည်း ဆည်းဆာ မြင်နေရပါသည်။

ငေးကြည့်နေတာတော့ ဘာရယ်မဟုတ်ပါဘူး။ မီးရောင်ကြောင့် တစ်ခုခုလှုပ်ရှားရင်လည်း မြင်နေရတဲ့အနေအထားမှာ…

"ဟင်"

ပထမတော့ ဆည်းဆာ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် မျက်လုံးလေး ဝိုင်းသွားလေသည်။ နောက်တော့ မျက်မှောင်ကြုတ်သွားမိတော့၏။

"ကို"

"………"



www.burmeseclassic.com

www.burmeseclassic.com


"ကိုပါလား"

နှုတ်မှ တီးတိုးရေရွတ်မိသွားလေသည်။ မျက်နှာကို တစောင်းမြင်နေပေမယ့် ကိုမှ ကိုအစစ်ပါ။ ဒီအချိန်ကြီး ကိုက နေညို့အခန်းထဲကို ဘာလာလုပ်တာလဲ။ အိပ်ချိန်ရောက်နေပြီလေ။ ညဆယ့်တစ်နာရီခွဲကျော်နေပြီပဲဟာ။

ဟော…

နေညိုက ကို့လည်ပင်းကို ဖက်လိုက်ပြီ။ ပြီးတော့…

ပြီးတော့ ကို့ပါးပြင်ကို ဘယ်ပြန်ညာပြန် နမ်းနေသည်လေ။

ဟာ…ဘာတွေလဲ။

ဘယ်လိုတွေ ဖြစ်ကုန်တာလဲ။

ကျွတ်…မဟုတ်သေးပါဘူး။ သူတို့နှစ်ယောက်က…

ဟူး…

ဆည်းဆာ ခေါင်းကို ခါယမ်းမိလေတော့သည်။ သူမ ရူးရူးစိုက်စိုက် ကြည့်နေစဉ်မှာပဲ နေညိုက ဒဏ္ဍာနှုတ်ခမ်းကို နမ်းပြန်လေသည်။ ကိုက အဲဒီလို ထိတွေ့မှုတွေမှာ သာယာနေတာ လား။ မဖြစ်သင့်တဲ့အရာပေမယ့် ဖြစ်နေတာတွေက ရှိနေသည် လေ။

သံသယဝင်တယ်ဆိုရအောင်…

မြင်နေရတာက အထင်းသားပါ။ ဆည်းဆာရင်ထဲမှာ နင့်လေးလေးကြီးနဲ့ ဘယ်လိုကြီးဖြစ်သွားမှန်း မသိတော့ပါဘူး။ ကိုက အဲဒီလိုလူမျိုးလား။ ဇဝေဇဝါဖြစ်လိုက်၊ ထင်းကနဲဖြစ်လိုက်


www.burmeseclassic.com

www.burmeseclassic.com


ပါ။ ဒီလိုပဲ ဒီအချိန်ဆို ကိုက နေညိုနဲ့ အတူရှိနေကျလား။

ခေါင်းပူအောင် စဉ်းစားရင်း…

ဒဏ္ဍာပြောတဲ့စကားတွေကို ဆည်းဆာ ကြားယောင်မိပြီ ပေါ့လေ။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ ဆည်းဆာ။ နေညိုကို မင်း ဘာလို့ ပါးရိုက်တာလဲ။ ဘာအတွက် ရိုက်တာလဲ။ ဘာကို မကျေနပ်လို့လဲ…ပြော"

"ကို…ဆည်းဆာကို အဲဒီလို မအော်ပါနဲ့"

"အော်သင့်လို့ အော်တာလေကွာ။ ဘယ်လိုပြဿနာမျိုးပဲ ဖြစ်ဖြစ် မင်း ငါ့ကို ပြောပြသင့်တယ်။ နေညိုကို မင်း ဘာမှ လုပ်စရာမလိုဘူး"

ဩော်…လက်စသတ်တော့ ဒါကြောင့် နေညိုကိုထိရင် ဒဏ္ဍာက ဆတ်ဆတ်ခါ နာတတ်တာကိုး။ အချို့လူတွေက နေညို ကို အပုန်းတဲ့။ ဟုတ်မှာပါ။ အခု ဆည်းဆာ လက်တွေ့သိရပြီ လေ။ သူတို့ လိင်တူဆက်ဆံနေကြလို့သာ တစ်ယောက်ကို တစ်ယောက် ဒီလောက်ချစ်နေကြတာပေါ့။

သူငယ်ချင်းနဲ့ လက်ထပ်ဖို့အထိ ရည်ရွယ်ပြီး ချစ်တဲ့ ချစ်သူ။ အရာတစ်ခုခုကို ယှဉ်ပြီး တောင်းဆိုကြည့်တိုင်း သူငယ် ချင်းကို ဦးစားပေးခဲ့တာလေ။ ဒါ မရိုးသားမှုပဲပေါ့။ တွေးလေ… တွေးလေ တစ်ရေးရေး ပေါ်လေပါပဲ။

"ကိုက ကိုချစ်သူဘက်က မရပ်တည်ဘဲ နေညိုဘက်က


www.burmeseclassic.com

www.burmeseclassic.com



ရုပ်တည်တယ်ပေါ့လေ…ဟုတ်လား။ ဆည်းဆာက ကို့ချစ်သူပါ ကိုရဲ့"

"အေး…မင်းက ကို့ချစ်သူဆိုတာ မှန်တယ်။ နေညို့ကို လည်း ငါ ချစ်တာပဲ။ နေညို့ကို သူများ လေသံမာမာနဲ့ပြောရင် တောင် ငါ ကြိုက်တာမဟုတ်ဘူးကွ။ အခု မင်းက ကိုယ်ထိ လက်ရောက် စော်ကားခဲ့တာ"

"တော်တော့…ကို"

အဲဒီတုန်းက တကယ်ဆို ဆည်းဆာ နေညိုကို ဘာကြောင့် ပါးရိုက်သလဲဆိုတာကို အေးအေးဆေးဆေး မေးခဲ့သင့်တာ။ အခု တော့ ဝင်လာကတည်းက ဘီလူးဆိုင်းတီးပြီး ဝင်လာခဲ့တာလေ။ ဒါကြောင့် ဆည်းဆာ မခံချိ မခံသာ ဖြစ်ခဲ့တာပေါ့။

"ကို…နေညို့ကို ချစ်တဲ့အချစ်က ဘယ်လိုအချစ်မျိုးလဲ ကို…ဆည်းဆာနဲ့ တန်းတူချစ်တာလား။ ဆည်းဆာထက် သူ့ကို ပိုချစ်တာလား။ သူက ဘာလဲ။ ဆည်းဆာက ဘာလဲ…ကို"

"အေး…ဟုတ်တယ်။ ငါ နေညို့ကို မင်းထက် ပိုချစ် တယ်…နားလည်လား"

"ဟင်"

အတွေးနှင့် ဆည်းဆာရင်ဘတ်ထဲမှာ အောင့်သက်သက် ဖြစ်လာလေသည်။

"ဘာလဲ…ကိုနဲ့သူက ညားနေကြတာလား"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူထက် ပိုချစ်တယ်ဆိုတော့လေ"

"ဟုတ်တယ်ကွာ…ဘာဖြစ်လဲ။ မင်းက အဲဒီလိုထင်ရင် အဲဒီလိုပဲထားလိုက်တော့"

"ကို"

"တောက်"

"ကို"

ဆည်းဆာရဲ့နှုတ်ခမ်းသားလေး မဲ့သွားလေသည်။ လက်စ သတ်တော့ ဒါကြောင့် ဒဏ္ဍာ ရည်းစားမဖြဲတာကိုး။ ပြီးတော့ နေညိုက မာယာတွေသုံးပြီး လှည့်ကွက်နဲ့ ဆည်းဆာကို ဒဏ္ဍာနဲ့ အဆင်မပြေအောင် လုပ်နေတာလေ။ အစက ဆည်းဆာ့ကိုပဲ စိတ်ဝင်စားသလိုလို၊ တစ်ဖက်သတ် ချစ်နေရသလိုလိုနဲ့။

နောက်တော့…

ဆည်းဆာလည်ပင်းကို ညှစ်ခဲ့တာသည် မုန်းတဲ့စိတ်ကို မထိန်းချုပ်နိုင်လို့ သတိလက်လွတ် ဖြစ်သွားတာပဲပေါ့။

"အာ…နေညို ဘာလုပ်တာလဲ။ မနောက်နဲ့လေဟာ… အင့်တယ်ဟာ…မလုပ်နဲ့"

"…………"

"နေညို"

"……………"

"အ"

"…………"



www.burmeseclassic.com

www.burmeseclassic.com


"နေညို…နင်…အဟွတ်…အဟွတ်…နင် ဘယ်လိုလုပ်လိုက်တာလဲ"

"ဆောရီး…ဆောရီးပါ ဆည်းဆာ။ ငါ နင့်ကို တမင်နောက်တာပါ။ နင် တော်တော်နာသွားလား။ နောက်ရင်းက ငါ ဘယ်လိုဖြစ်သွားတယ် မသိဘူးဟာ"

"နေညို…နင် တကယ်သတိလက်လွတ် ဖြစ်သွားတာလား"

ဆည်းဆာ အဲဒီလိုမေးတော့ နေညို မဖြေခဲ့ဘူးလေ။ ဘယ်ဖြေပါ့မလဲ။ သူ့ရဲ့ သတိလက်လွတ်ဆိုတာက အမုန်းကြောင့်လွတ်သွားခဲ့တာကိုး။ အပုန်းတွေက အစစ်ထက် ပိုချစ်တတ်ကြသည်လေ။ ဒါကြောင့် ဆည်းဆာကို အချစ်လုဘက်အဖြစ်သတ်မှတ်ပြီး…

မုန်းနေသည်ထင်ပါရဲ့။

နောက်ဆို သတိထားမှ ဖြစ်တော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

ဆည်းဆာ…

မေးချင်တာတွေ၊ ပြောချင်တာတွေ မျိုသိပ်ပြီး ဟန်မပျက် နေခဲ့သည်။ မသေချာ မရေရာနဲ့တော့ စွပ်စွဲသလို မပြောချင်ပါဘူး။ သေသေချာချာ တိတိကျကျ သိရရင်တော့ ဒီကိစ္စ အပြတ်ရှင်းရမယ်လေ။ မရှင်းလို့တော့ မရပါဘူး။

လူကြားလို့မှ မကောင်း…

ယောကျ်ားချင်းဖြစ်ရတယ်လို့။ နေညိုက နေတော့ ယောကျ်ားလိုနေပြီး မိန်းကလေးစိတ်ပေါက်နေတာပဲ ဖြစ်မှာပါ။ ဒါကြောင့် ဆည်းဆာကို မနှာလိုဖြစ်နေတာပေါ့။

"ချစ်"

"……….."



www.burmeseclassic.com

www.burmeseclassic.com



"ချစ်"

"အင်…ဟင်"

"ဟာကွာ…ဘာတွေတွေးနေလို့ ကို…ခေါ်တာကို မကြားရတာလဲ…ချစ်ရဲ့"

"ကြား…ကြားပါတယ် ကိုရဲ့"

"မညာနဲ့…ချစ် ဘာတွေ တွေးနေတယ်မသိဘူး။ မျက်လုံးက ရီဝေဝေနဲ့။ ကို့ကို မှန်မှန်ပြောစမ်း။ ဘာတွေတွေးနေတာလဲ"

ဆည်းဆာ ရယ်လိုက်ပြီး…

"ထွေထွေထူးထူး မဟုတ်ပါဘူး…ကိုရဲ့။ ကို…ဆည်းဆာကို တကယ်မှ ချစ်ရဲ့လားလို့လေ"

"ဟာ…ချစ်ကလည်း တကယ်ချစ်တာပါကွ။ ကို ဘယ်လိုသက်သေပြရမလဲ…ပြော"

"တကယ်"

"အင်း"

"ဒါဆို ဆည်းဆာတို့ အမြန်ဆုံး လက်ထပ်ကြမယ်လေ…ကို"

"ဟား…ကိုယ့်ချစ်သူ ဘာစိတ်ကူးပေါက်သွားပါလိမ့်။ အရင်ကဆို ကိုက လက်ထပ်ကြမယ်ပြောတာတောင် ကျောင်းပြီးသေးဘူးလေး ဘာလေးနဲ့။ အခု ဘယ်လိုဖြစ်ရတာလဲ… ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ဒဏ္ဍာက ဆည်းဆာပါးပြင်ကို ဖုံးအုပ်လာတဲ့ ဆံနွယ်စတွေကို သိမ်းဖယ်ပြီး နားရွက်နောက်သို့ သိမ်းတင်ပေးလိုက်လေသည်။ ပြီးတော့ နဖူးပြင်လေးကို ဖွဖွနမ်းလိုက်သေးတာပေါ့။

"ဘာလဲ…ကိုက လက်မထပ်ချင်ဘူးလား"

"ဘယ်လိုပြောလိုက်တာလဲ ချစ်ရဲ့…လက်ထပ်ချင်တာမှ တစ်ပိုင်းသေနေပြီ။ ကိုယ့်ချစ်သူနဲ့ အတူတူနေချင်လှပြီကွာ"

"ဒါဆို ဘယ်လိုလက်ထပ်ကြမလဲ။ ဘယ်အချိန် လက်ထပ်ကြမလဲဆိုတာ ကို…စဉ်းစားပေါ့"

ဒဏ္ဍာ တွေကနဲ ဖြစ်သွားပြီးမှ…

"ယောက္ခမကြီးက သဘောမတူဘူးဆိုတော့ ခိုးပြေးရမှာပေါ့"

"အင်းနော်…မေမေက သဘောမတူတော့ ဆည်းဆာ စိတ်ညစ်တယ်…ကိုရယ်"

"ဘာမှစိတ်ညစ်မနေနဲ့…မရခင်သာ သဘောမတူတာ ရသွားပြီးရင် အဲဒီလိုယောက္ခမမျိုးတွေပဲ သားမက်ကို တုန်နေအောင် ချစ်တတ်ကြတာ"

"ဟုတ်လား"

"ကိုးဆယ်ရာခိုင်နှုန်းက သေချာပြီးသားပဲ"

နှစ်ယောက်သား ရယ်လိုက်မိကြသည်။ ချစ်သူနှစ်ယောက် ကြည်နူးနေချိန်မှာတော့ ဆည်းဆာ ဘာမှမတွေးချင်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



မေးချင်ပေမယ့်လည်း မမေးတာသည် ကိုယ့်မေးခွန်းက ကြည်နူးမှုလေးတွေကို ဖျက်ဆီးသွားမှာစိုးလို့ပါ။

ဒဏ္ဍာက ဒူးတစ်ဖက်ကို ထောင်ထားလေတော့ ဆည်းဆာချစ်သူ့ဒူးပေါ်သို့ မေးတင်လိုက်မိသည်။ ဒဏ္ဍာက ဆည်းဆာပခုံးလေးကို ဖက်လို့ပေါ့။ ဒီလိုအချိန်မျိုးသည် မြင်မြင်ရသမျှ အရာအားလုံး လှပနေပြီး ကြားရသမျှ နားဝင်ချိုနေမည်လား မသိပေ။

"ကို"

"ပြောလေ…ချစ်"

"ချစ်ကို သီချင်းဆိုပြပါလား"

"ဒီအတိုင်း ပလိန်းကြီး ဆိုပြရမှာလား"

"အင်းပေါ့"

"ဟာ…ဒီအတိုင်း ပလိန်းကြီး ဆိုမပြချင်ပါဘူး…ချစ်ရာ။ အိမ်ရောက်မှ ဂစ်တာတီးပြီး ဆိုပြမယ်ကွာ…နော်"

"အင်း…ကို့သဘောပါ"

"တကယ်…ကို့သဘောလား"

"ကိုနော်…ဖောက်မလာနဲ့"

"မဖောက်ပါဘူး။ ပါကင်ပိတ်ပဲ မေးမယ်"

"လူလည်မကျနဲ့လို့ ပြောတာကို"

"ကျတယ်ကွာ…ဘာဖြစ်လဲ"

ပြောရင်း ဒဏ္ဍာက ဆည်းဆာနဖူးလေးကို ဖျတ်ကနဲ ငုံ့နမ်းလေသည်။ ချစ်သူတွေကြားမှာ အနမ်းဆိုတာ ရင်းနှီးနွေးထွေးမှုကို



www.burmeseclassic.com

www.burmeseclassic.com


ပိုစေသောအရာပါ။

ဒါဆို…

နေညိုနဲ့ နမ်းတာကျတော့ရော…မတွေးချင်ဘူး။ မတွေးတာ အကောင်းဆုံးပါပဲ။

"ဒဏ္ဍာ"

"ဟင်"

"ဒဏ္ဍာ…ဆည်းဆာ"

နှစ်ယောက်သား ပြိုင်တူလှည့်ကြည့်ပြီး ဒဏ္ဍာကပဲ…

"ဘာလဲ နေညို"

"ဟိုဘက်မှာ မြွေအလယ်မွှာယ် ပြနေတယ်။ အဲဒါ မင်းတို့ကြည့်ချင်မလားလို့ ငါ လာခေါ်တာ"

"ဘယ်မှာလဲ"

"ဟိုဘက်မှာ"

"ကြည့်မယ်လေ"

"ကို"

"ကြည့်ရအောင်…ချစ်ရယ်…နော်"

"ကဲ…သဘော…သဘော"

ဆည်းဆာ စိတ်မရှည်ဟန်နှင့် ပြောမိလေတော့သည်။ ချစ်သူတွေ တွေ့ကြချိန်မှာ ဆည်းဆာကတော့ ချစ်သူနဲ့ပဲ စကားတွေပြောပြီး ကြည့်နူးချင်တာလေ။ အခြားအရာတွေ စိတ်မဝင်စားပါဘူး။ ယောကျ်ားတွေကတော့ အင်း…ဒဏ္ဍာပေါ့နော်။


www.burmeseclassic.com

www.burmeseclassic.com



သူကတော့ အဲဒီလိုမဟုတ်ပါဘူး။

သူငယ်ချင်းနဲ့ချစ်သူဆိုရင် သူငယ်ချင်းကို ဦးစားပေးသလို ဘောလုံးပွဲနဲ့ ချစ်သူဆိုရင်လည်း ဘောလုံးပွဲကို ဦးစားပေးသူပါ။ အခုလည်းကြည့်…စ်တ်ကိုဖို့ကောင်းလိုက်တာ။

"စိတ်မကောက်နဲ့နော်…ချစ်…ကို…ကြည့်ချင်လို့ပါ"

"ကြည့်…ကြည့်…မကောက်ဘူး"

ဒဏ္ဍာ ရယ်လေတော့သည်။ စိတ်မကောက်ဘူးဆိုတဲ့လူရဲ့ အသံက မာဆတ်ဆတ်ကလေးဖြစ်နေလို့လေ။ သုံးယောက်သား ထွက်လာခဲ့ကြပြီး မြွေအလမ္ပာယ်ပြတာကို ကြည့်ကြသည်လေ။ ရှေ့ကို သဲကြီးမဲကြီး ကြည့်နေလိုက်တာ။ နောက်မှလူကျားဆွဲလို့ ဆွဲမှန်း မသိဆိုတဲ့အခြေအနေမျိုးမှာ…

နေညို…

အခွင့်ကောင်းယူဖို့ စဉ်းစားနေမိသည်။ ဆည်းဆာ ရပ်နေတဲ့နေရာက မြွေတွေ ထည့်ထားတဲ့ပုံးနဲ့ သိပ်မဝေးလှပေ။ ဒါ အခွင့်အရေးပါပဲ။ ဒင်း…ရှိနေသရွေ့ နေညို့ရင်ထဲမှာ နေလို့မီးလို ပူနေရသည်လေ။ ဒင်း…မရှိမှအေးမှာ။

"ဟော့…ဟော့…ဟော့"

"ဝေ့…ဟော့…ဝေး"

မြွေနှစ်ကောင်က ပါးပျဉ်းထောင်ပြီး ခေါင်းကို ယမ်းနေသတော့ လက်ခုပ်တီး၍ အော်ဟစ်အားပေးနေကြတာ ဆူညံသည်ပါ။ ဆည်းဆာလည်း ငေးမောနေသည်သာ။



www.burmeseclassic.com

www.burmeseclassic.com


နေညို…

မြွေထည့်ထားတဲ့ ပလိုင်းအနားသို့ တိုးကပ်သွားလိုက်သည်။ ပလိုင်းအနားကိုရောက်တော့ လူအခြေအနေကို အကဲခတ်ရသေး၏။ အားလုံးက အပြင်မြွေတွေဆီမှာ အာရုံစိုက်နေကြတာလေ။ ဒါကို အခွင့်အရေးယူညပြီး နေညို မြွေထည့်ထားတဲ့ပလိုင်းကို ဖွင့်ပေးလိုက်၏။ ပြီး…ပလိုင်းကို တွန်းလှဲပေးလိုက်တာနှင့်…

မြွေက လျှောကနဲ ထွက်သွားလေသည်။

"ရှူး…ရှူး"

"………"

"ရှူး…ရှူး"

နေညို မြွေကို တရှူးရှူးလုပ်ပြီး လှန့်နေမိသည်။ ဆည်းဆာ ဘက်ကိုသွားအောင်လေ။ ဆည်းဆာလည်း ချစ်သူက ကိုယ်ရှိတယ်လို့တောင် သတိရသေးရဲ့လား မသိဘူးဆိုတဲ့အတွေးနဲ့ စိတ်ပျက်စွာ ဟိုကြည့်ဒီကြည့် ကြည့်မိစဉ်…

"ဟင်"

"ရှူး…ရှူး"

"နေညို"

နေညိုလုပ်ရပ်ကြောင့် ဒေါသလည်းထွက်၊ ကြောက်လည်းကြောက်ပါ၏။ မြွေက ကို့ဆီကို လာနေပြီလေ။

"နေညို…နင်"



www.burmeseclassic.com

www.burmeseclassic.com



"..........."

"ကို"

ဒီဘက်လှည့်ပြီး ဒဏ္ဍာ အားကိုးတကြီး ဖက်တွယ်မယ် လုပ်တော့ ဒဏ္ဍာက တစ်ဖက်ကို လျှောက်သွားသည်လေ။

"ကို"

"..........."

မြွေက ဆည်းဆာခြေထောက်ဆီသို့ တည့်တည့်လာပြီး…

"အား"

"ဟင်"

ဆည်းဆာ ငယ်သံငယ်ရင်းပါအောင် အော်ပြီး မျက်လုံးကို မှိတ်လိုက်တော့လေလျှင်…

"ဆည်းဆာ"

"..........."

"ဆည်းဆာ"

ဆည်းဆာ ဘာဆိုဘာမှ မသိတော့ဘဲ လောကကြီးနှင့် အဆက်ပြတ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၆)

ဒဏ္ဍာ…

ဆည်းဆာကိုယ်လေးကို ပွေ့ပြီး အရှုးမီးဝိုင်း ဖြစ်ရလေ တော့သည်။ ဘေးကလူတွေလည်း ရုတ်ရုတ်သဲသဲ ဖြစ်ကုန်လေ တော့၏။

"ဆည်းဆာ…ဆည်းဆာ"

"ခေါ်မနေနဲ့လေ…ဆေးရုံ အမြန်ပို့မှဖြစ်မှာပေါ့၊ တော်ကြာ…နောက်ကျသွားရင် မကောင်းဘူး"

"ဟုတ်တယ်…ဆေးရုံပို့ရမယ်"

"နေညို"

"ဟင်"

"ဆည်းဆာကို ဆေးရုံပို့ရအောင်"

"အင်း…ပို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"မြွေဆရာ…မြွေကို ဘယ်လိုထားတာသဲဗျာ။ အခုလို ဖြစ်ရတာ ခင်ဗျားရဲ့ပေါ့ဆမှုကြောင့်။ ခင်ဗျားမှာ တာဝန်ရှိတယ် နော်"

"ဟုတ်တယ်…မြွေဆရာ ပေါ့ဆလို့ဖြစ်တာ"

"သူ့မှာ တာဝန်ရှိတယ်။ ဒါ…လူတစ်ယောက် အသက်နဲ့ ဆိုင်တဲ့ကိစ္စ။ သက်ဆိုင်ရာကို အကြောင်းကြားရမယ်"

မြွေဆရာကို အပြစ်တင်သံတွေ ထွက်လာတာ အမျိုးမျိုး ပါ။ အချို့က ဆည်းဆာအတွက် စေတနာနဲ့ပြောကြသလို အချို့ကျ တော့ ပြဿနာတစ်ခုဖြစ်လာပြီဆိုရင် ပုံကြီးချဲ့ကာ ဖွဲ့ခြောက်ချင် တဲ့သူတွေပေါ့လေ။ မြွေဆရာလည်း ပျာပျာသလဲနှင့်…

"ကျွန်တော် သေသေချာချာ ထားတာပါဗျာ။ ဘယ်လိုက နေ ဘယ်လို ထွက်သွားလဲ…မသိတော့ပါဘူး"

"မသိတော့ပါဘူး မလုပ်နဲ့လေ။ အခု ဒီကိစ္စ ခင်ဗျား ဘယ်လိုရှင်းမလဲ…ပြော"

"ဟုတ်တယ်…ကောင်မလေးသေရင် ခင်ဗျား တရားခံ"

ဝိုင်းပြောနေကြတော့ မြွေဆရာ မျက်နှာငယ်ရပြီလေ။ အခုမှ 'လုပ်စားတော့ မိုးခေါင်၊ ခိုးစားတော့ ခွေးဟောင်' ဆိုတဲ့ အဖြစ်မျိုးပါပဲ။

"ကျွန်တော် ရှင်းပြတာ နားထောင်ကြပါဦးဗျာ။ ဒီကလေး မလေး မသေစေရဘူးလို့ ကျွန်တော် အာမခံပါတယ်ဗျာ။ ဘာမှမဖြစ်စေရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com


"ဘာဗျ"

"တကယ်လားဗျ"

"တကယ်ပါဗျာ…ကျွန်တော့်မြွေတွေမှာ ဘာအဆိပ်မှ မရှိပါဘူး။ ကျွန်တော်တို့က ဒီအလုပ်ပဲ လုပ်စားနေတာ။ အဆိပ် ရှိရင် ကျွန်တော်တို့ အရင်သေမှာပေါ့ဗျာ"

"ဟုတ်ပါတယ်ဗျာ… ကျွန်တော်တို့ အာမခံပါတယ်။ ကလေးမလေး ဘာမှမဖြစ်စေရပါဘူး။ သူ အကြောက်လွန်ပြီး သတိလစ်သွားတာပါ"

တစ်ယောက်တစ်ပေါက် ပြောပြီးကြတော့ တစ်ယောက် မျက်နှာတစ်ယောက် ကြည့်ကုန်ကြပြန်သည်။ မယုံရခက် ယုံရ ခက်ဆိုတဲ့သဘောမျိုးနဲ့လေ။

"အေးလေ…ခင်ဗျားတို့ပြောသလို ဟုတ်မဟုတ်ဆိုတာ စောင့်ကြည့်လို့ရအောင် ခင်ဗျားတို့ ဘယ်မှမသွားနဲ့ဦး။ ကလေးမ လေးအနားမှာ လိုအပ်တဲ့အချိန်အထိ ရှိနေပေးမှဖြစ်မှာ"

"ဟုတ်ကဲ့…ကျွန်တော်တို့ နေပေးပါ့မယ်ဗျာ"

မြွေဆရာတွေရဲ့စကားကြောင့် ဒဏ္ဍာ စိတ်အေးသလိုတော့ ရှိသွားသည်လေ။ ဒါပေမဲ့ အပြည့်အဝ စိတ်မအေးနိုင်သေးပါဘူး။ အခြေအနေက ဘာမှန်းမှ မသိဘဲလေ။

"ကျွန်တော် အခု ဘာလုပ်ရမှာလဲဗျာ…ဆည်းဆာကို ဆေးရုံပို့ရမှာလား။ ပို့မှဖြစ်မှာပါ"

"ဆေးရုံမပို့နဲ့…ညီလေး။ နီးစပ်ရာဆေးခန်းကို သွားလိုက်


www.burmeseclassic.com

www.burmeseclassic.com



ပါ။ အစ်ကိုတို့လည်း လိုက်မယ်လေ။ ကလေးမလေးက အကြောက်လွန်ပြီး သတိလစ်သွားတာပါ။ ဘာမှမဖြစ်ဘူး။ စိတ်ချ"

"သူ သတိရလို့ ဘာမှမဖြစ်ဘူးဆိုမှ အစ်ကိုတို့က ပြန်လို့ရမှာလေ။ သူ သတိရမှာပါ။ နီးစပ်ရာဆေးခန်းပဲ သွားလိုက်ပါ"

"ကဲပါ...ညီလေးရာ၊ သူတို့က ဘာမှမဖြစ်စေရဘူးလို့ အာမခံနေမှတော့ သူတို့ပြောသလိုပဲ လုပ်လိုက်ပါ"

ကြားထဲက ဝင်ပြောကြပြန်တော့ ဒဏ္ဍာ ဘယ်လိုဆုံးဖြတ်ရမှန်း မသိပေ။

"ကောင်းပြီလေ...ဆည်းဆာ တစ်ခုခုဖြစ်လို့ကတော့ ခင်ဗျားတို့ကို ကျွန်တော် သတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၇)

ဆည်းဆာ ပြောပြတာတွေကို နားထောင်ပြီး ဒေါ်သဲအိစိုး ဘုရားတ၍ ရင်ဘတ်ကို ဖိမိလေတော့သည်။ ကြားရသမျှ မယုံနိုင်စရာတွေချည်းပါပဲလား။ နေညို့ကို လူရိုးလေးတစ်ယောက်လို့ ထင်ခဲ့တာ မှားပြီပေါ့။

အေးလေ...

သူတို့အကြောင်းကို ကိုယ်တွေ ဂဃနဏ မသိတာမပြော နဲ့။ ကိုယ်တွေရဲ့အရင် ဟိုး...ငယ်ငယ်ကတည်းက ခင်လာတဲ့ ဒဏ္ဍာတို့မိသားစုတောင် နေညို့စိတ်ကို ခန့်မှန်းလို့မရအောင် သူတို့က ဖုံးကွယ်နိုင်ခဲ့ကြတာကိုး။

"မေမေ...လုံးဝ ထင်မထားဘူး သမီးရယ်။ ခမ်မေ့သမီးလေး ကံသီပေလို့သာပေါ့။ မြွေက အဆိပ်သာရှိရင် သေမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်…မေမေ။ အဲဒီကောင် ကို့ကို ဆုံးရှုံးရမှာ ကြောက်ပြီး သမီးကို သေကြောင်းကြံနေတာ။ စိတ်တွေ အစွန်း ရောက်ပြီး ရူးနေတာ"

"သမီးပြောပုံအရဆို သမီးကို လည်ပင်းညှစ်တုန်းက သည်း တွင်းချိုင့်ထဲ ချော်ကျပေလို့သာပေါ့။ မဟုတ်ရင် သမီးကို အသေသတ်မယ့်ပုံပဲ"

"သေချာတာပေါ့ မေမေရယ်…သမီး အင်မတန် ကံကောင်းနေလို့သာ သူ လုပ်ကြံတိုင်း မအောင်မြင်ဖြစ်နေတာ"

ဒဏ္ဍာ နေညိုကို ဘယ်လိုနားလည်ရမှန်း မသိတော့ပေ။ ဆည်းဆာပြောတာတွေကို နားထောင်နေပေမယ့် စိတ်က ဇဝေဇဝါ ပါ။ ဆည်းဆာပြောတာတွေ ဖြစ်နိုင်မဖြစ်နိုင်ဆိုတာ သူ မစဉ်းစား တတ်တော့ပေ။ တစ်ခုတော့ ရှိတာပေါ့။

ဆည်းဆာက စကားအရှောင်းအဝယ် မလုပ်တတ်သူ၊ စပ်စုတတ်သူ၊ စကားကို အလိုအကဲနှင့် မပြောတတ်သူလေ။ ကိုယ့်ချစ်သူအပေါ် သံသယမရှိပါဘူး။ နားလည်ရခက်နေတာက နေညိုပါ။ သူ ဘာလို့ ဒီလိုတွေ လုပ်ရတာလဲ။

"ကို"

"ဟင်"

"ကို…ဘာမှမပြောတော့ဘူးလား"

"ကို…ဘာပြောရမှန်းကို မသိတော့လို့ပါ ဆည်းဆာ"

"ဆည်းဆာ…ကို့ကို မေးစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…မေးပါ"

ဆည်းဆာ ချက်ချင်း မမေးဖြစ်သေးဘဲ ဒဏ္ဍာ မျက်ဝန်းထဲမှာ အဖြေတစ်ခုခုကို အရင်ရှာကြည့်မိပါသည်။ ဘာမှမထူးဆန်းသလိုပါပဲ။ ဒါကြောင့်…

"အခုမေးမယ့် မေးခွန်းမျိုး ဆည်းဆာ ကိုကို မမေးချင်ပါဘူး။ ဒါပေမဲ့ မမေးလို့လည်း မဖြစ်ဘူး…ကို"

"ဪ…သမီးရယ်…မေးစရာရှိတာကို ပွင့်ပွင့်လင်းလင်းမေးမှပေါ့"

ဒဏ္ဍာကို ကြည့်မရတဲ့ ဒေါ်သဲအိစိုး အခုတော့ အမြင်ကြည်လင်သွားပါပြီ။ တကယ်တော့ အချိုဖုံးထားတဲ့ ဟန်ဆောင်လိမ်ညာမှုတွေက ကြောက်ဖို့ကောင်းတာပါ။ ဒဏ္ဍာက ပွင့်လင်းတာလေ။ ဒွဲပြောဒွဲဆို,ဆိုတော့ ရိုင်းတယ်ထင်ရ…ပေါ့။

နေညိုကတော့…

အပေါ်ယံရွှေမှုန်ကြဲပြီး အတွင်းက မစင်နံ့ထွက်တဲ့လူမျိုးပါ။ ခုတော့ ဒေါ်သဲအိစိုး နားလည်လိုက်ပါပြီလေ။

"ကို"

"မေးပါ…ဆည်းဆာ။ မေးစရာရှိတာကိုသာ မေးပါ။ ကိုယ့်ကို အားနာပြီး မျိုသိပ်မထားပါနဲ့"

"နေညိုနဲ့ကိုက ဘယ်လိုလဲ…ကို။ ဆည်းဆာ ကိုကို ညဘက် နေညိုအခန်းထဲမှာ တွေ့တယ်။ ရိုးရိုးသားသားပုံစံမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"နေညိုက ကို့ကို မျက်နှာအနှံ့ နမ်းနေတာဆိုတော့လေ"

ဆည်းဆာ ဆက်ရန်ခက်စွာ စကားစကို ဖြတ်ထားလိုက်လေတော့…

"မဟုတ်ဘူး…ဆည်းဆာ…မဟုတ်ဘူး။ ဘုရားပေးပေး ကျိမ်းပေးပေး…ကို…နေညိုနဲ့ အဲဒီလိုပုံစံမျိုး မနေခဲ့ဖူးဘူး"

"ဆည်းဆာ မျက်စိမမှန်ပါဘူး…ကို။ တွေ့တဲ့အချိန်ကို ဆည်းဆာ အတိအကျ ပြောပြနိုင်တယ်။ ကို…မဟုတ်ဘူးဆိုရင် ဘယ်သူလဲ"

"ကို…မသိဘူး…ဆည်းဆာ။ ကို့ကို အဲဒီလိုတော့ စွပ်စွဲနဲ့ကွာ။ သူများစွပ်စွဲရင် ကို…ဥပေက္ခာပြုထားလိုက်လို့ ရတယ်။ ဆည်းဆာ စွပ်စွဲတာတော့ ကို…မခံစားနိုင်ဘူး။ ကို… မဟုတ်ဘူး။ ကို…အဲဒီလိုလူစားမျိုး မဟုတ်ဘူး…ဆည်းဆာ"

ဒေါ်သဲအိစိုး သမီးကိုကြည့်လိုက်၊ ဒဏ္ဍာကိုကြည့်လိုက် နှင့် ဘာမှတော့ ဝင်မပြောပေ။ ကိုယ်မြင်တာမဟုတ်တော့ မပြော သာတော့ဘူးပေါ့။

"ဒါဆို ကို့မှာ အမြွှာညီအစ်ကို ရှိသလား။ နှစ်ကိုယ်ခွဲပြီး သရုပ်ဆောင်တာလား။ မင်းဒဏ္ဍာရဲ့ နောက်တစ်ယောက် ရှိနေ သေးတာလား…ကို"

"ဆည်းဆာ"

"ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကို့ကို အဲဒီလို တပ်အပ်ကြီး မစွပ်စွဲပါနဲ့။ ကို တကယ် မသိဘူး။ ကို…မဟုတ်ဘူး"

ဆည်းဆာ ဒွိဟာစိတ်နှင့် ချစ်သူကို စူးစူးစိုက်စိုက် ကြည့်နေမိသည်။ မဟုတ်ဘူးတဲ့လား…ဆည်းဆာ အမြင်မှားတာမှ မဖြစ်နိုင်ပဲလေ။ ဆည်းဆာက စွပ်စွဲတာမဟုတ်ဘူးလေ။ တပ်အပ်ပြောတာပါ။ ချစ်တဲ့စိတ်နဲ့ မျိုသိပ်ခဲ့သမျှ ဘယ်အထိ ဆက်အလိမ်ခံနေရမလဲ မပြောတတ်တော့ပါဘူး။

ဒါပေမဲ့…

ဆည်းဆာ…ကို့ကို အရမ်းချစ်သည်လေ။ ဝေးသွားရင် ရှူးမလားပါပဲ။ ဒါကြောင့် အပြစ်ကို အချစ်နဲ့ဖုံးပြီး နားလည်ပေးရတော့မည်သာ။

"ထားပါတော့လေ…ဘာပဲဖြစ်ဖြစ် ဆည်းဆာ နားလည်ပေးပါ့မယ်"

"ဟာ…မထားနဲ့ ဆည်းဆာ။ ဒီကိစ္စ ထားလို့မရဘူး။ အဖြေသိရအောင်တော့ စုံစမ်းရမှာပဲ။ မဟုတ်ရင် ဆည်းဆာက ကို့ကို ဒီလိုလူမျိုးဆိုပြီး တစ်သက်လုံး လက်ညှိုးထိုးစွပ်စွဲနေတော့မှာ။ ကို…ရအောင်စုံစမ်းမယ်"

"ကိုက ဘာကိုစုံစမ်းမှာလဲ"

"ဆည်းဆာပြောတဲ့ကိစ္စပေါ့…ကိုမှ မဟုတ်တာ"

"အဲဒီကိစ္စထားလိုက်တော့…ကို။ အခု အရေးကြီးတာက ဆည်းဆာတို့ ဘာလုပ်ကြမလဲ။ ဘယ်လိုရှေ့ဆက်ကြမလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သာ အရေးကြီးတယ်။ နေညို့ကို ဆည်းဆာ ကြောက်တယ်”

ဒဏ္ဍာ အကြည့်က ဒေါ်သဲအိစိုးဆီသို့ ရောက်သွားလေသည်။ သူ့ဘက်က လက်နက်ချပြီဆိုတော့ ကိုယ့်ဘက်က ဒူးထောက်ချဖို့ ဝန်မလေးတော့ပါဘူး။ ဆက်ပြီးတင်းမာနေဖို့မှ မလိုတော့ပဲလေ။ ရှုံ့သူတွေမှ မဟုတ်ကြတာ။ တကယ်တော့ ဒဏ္ဍာ ရှုံ့ခဲ့တာပါ။

ဒေါ်သဲအိစိုးကို…

မခံချင်အောင် ပြန်ပြောခဲ့တာတွေဟာ တကယ်တော့ ရှုံ့ပြောခဲ့တာပါလေ။

“အန်တီ”

“………”

“ကျွန်တော် အန်တီ့ဆီမှာ တစ်ခုလောက် တောင်းဆိုပါရစေ”

“ဘာလဲ…မောင်ဒဏ္ဍာ”

“ကျွန်တော် ဆည်းဆာကို လက်ထပ်ပါရစေ။ ကျွန်တော်တို့ကို လက်ထပ်ခွင့်ပြုပါ…အန်တီ။ ကျွန်တော် ဆည်းဆာကို တကယ်ချစ်တာပါ။ အရင်က အန်တီ့အပေါ်မှာ ကျွန်တော် ပြောမှားဆိုမှားရှိတာတွေအတွက်လည်း ကျွန်တော် တောင်းပန်ပါတယ်ဗျာ”

“မေတ္တာစစ်နဲ့ ချစ်ကြတာဆိုရင် အန်တီ မတားပါဘူးကွယ်။ ဒါပေမဲ့ မင်းတို့က ကျောင်းမပြီးကြသေးတော့”



www.burmeseclassic.com

www.burmeseclassic.com


"သမီးတို့ကို နားလည်ပေးပါ မေမေ…သမီးတို့ အမြန်ဆုံး လက်ထပ်ပါရစေ"

ဒေါ်သဲအိစိုး သက်ပြင်းချလိုက်မိသည်။ ကျောင်းမပြီးသေးလို့ စောင့်စေချင်သေးပေမယ့် သူတို့မှာလည်း အခက်အခဲရှိနေတော့ ဘာတတ်နိုင်မှာတဲ့လဲ။ ချစ်တဲ့သူတွေ ပေါင်းကြပါစေလေ။ သမီးလေး စိတ်ချမ်းသာပါစေတော့ရယ်လို့…

"ကောင်းပြီလေ…မေမေ သမီးတို့ကို မတားတော့ပါဘူး။ မောင်ဒဏ္ဍာ မိဘတွေကို ဖွင့်ပြောပြီး မိသားဖသားပီပီ လာတောင်းပေါ့"

"ဟုတ်ကဲ့ပါ…အန်တီ၊ ကျွန်တော်…ကျွန်တော့်မိဘတွေကို ဖွင့်ပြောပြီး မိသားဖသားပီပီ လာတောင်းပါ့မယ်။ အခုလို ကျွန်တော့်ကို နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကို"

ဆည်းဆာ ဒဏ္ဍာလက်မောင်းကို ဆုပ်ကိုင်လိုက်ပုံက အားကိုးတကြီးနှင့်ပါ။ ဒဏ္ဍာ ဆည်းဆာလက်ကလေးကို ပြန်လည်ဆုပ်ကိုင်လိုက်ပြီး…

"ပြောလေ…ဆည်းဆာ"

"ဆည်းဆာလေ နေညို့ကို ကြောက်တယ်…ကို"

"မကြောက်ပါနဲ့…ဆည်းဆာ…ကို…ရှိနေတာပဲ။ ကို ဆည်းဆာရှေ့ကနေ အရာအားလုံး ရင်ဆိုင်ဖြေရှင်းသွားမှာပါ"

"ဟုတ်သားပဲ သမီးရယ်…ဒါ မင်းမဲ့တိုင်းပြည်မှ မဟုတ်


www.burmeseclassic.com

www.burmeseclassic.com


ဘာ။ သူလုပ်ချင်တိုင်းလုပ်လို့ ရမလား"

"မေမေကလည်း လုပ်လို့မှ လုပ်ခဲ့ပြီးပြီပဲဟာ။ ကံကောင်းလို့ မသေတာ မဟုတ်လား"

"ဟုတ်ပါပြီ…အဲဒါ…ကို…မသိလို့လေ ဆည်းဆာရဲ့။ အခု ဘာမှစိတ်မပူနဲ့…ကို…ဆည်းဆာကို ကာကွယ်မယ်…နော်"

ဆည်းဆာ ခေါင်းလေးညိတ်ပြီး ပြုံးလိုက်လေသည်။ ကိုကိုတယ်ဆိုတဲ့စကားနဲ့တင် ဆည်းဆာဘဝ လုံခြုံနွေးထွေးသွားပါပြီလေ။


www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၂၈)

"ဒုန်း"

"..............."

"ဝုန်း"

"အမလေး"

ကြားရတဲ့အသံတွေကြောင့် ပြေးလာမိတဲ့ ဒေါ်ခင်လှဲကြည်၊ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် ရင်ဘတ်ဖိမိတော့သည်သာ။ တူတောင်မောင် သောင်းကျန်းနေတာ အလှပန်းအိုးရော အခြား ပစ္စည်းပစ္စယတွေရော ရစရာမရှိအောင် အကွဲအပြဲတွေချည်းပဲ ဖြစ်ကုန်ပြီလေ။

"တောက်...ဟား"

"ခွမ်း"

"သား"


www.burmeseclassic.com

www.burmeseclassic.com


"မဖြစ်ရဘူး…မဖြစ်ရဘူး…လုံးဝ မဖြစ်ရဘူး"

"ဝုန်း"

"သားလေး"

"ဝုန်း"

"အမယ်လေး…ကိုယ်ကျိုးတော့နည်းပါပြီ"

ဒေါ်ခင်လဲ့ကြည် ဖြစ်ချင်ရာဖြစ်ပါစေတော့ဆိုပြီး နေညို့ခါးကို နောက်ကနေ အတင်းသိမ်းဖက်ထားလိုက်မိတော့၏။ ဒေါသဖြစ်နေတဲ့လူတစ်ယောက်ကို မလှုပ်နိုင်အောင် ထိန်းချုပ်ဖို့ဆိုတာက ခက်သားလား။

ပြီးတော့…

ယောကျ်ားနဲ့မိန်းမ အင်အားချင်းမမျှလေတော့ နေညို့ဘစ်ချက်ရုန်းလိုက်တာနှင့် ဒေါ်ခင်လဲ့ကြည်ကိုယ်က နေညို့ကိုယ်နောက်သို့ ကပ်လျက်ပါသွားလေသည်။ လက်ကတော့ ဖက်ထားရာမှ လွှတ်မပေးပေ။

"ဒုက္ခ…ရက်စက်လိုက်တာ…တောက်"

"သား…စိတ်ထိန်းစမ်း။ စိတ်ကိုထိန်းစမ်း…သား။ အန်တီလေး ပြောပြတာကို နားထောင်စမ်း"

"ဟီး…ဟီး"

"သား…အန်တီလေးစကားကို နားထောင်စမ်းပါ။ အန်တီလေးကို မသနားတော့ဘူးလား"

မသနားတော့ဘူးလားဆိုတဲ့ စကားကြောင့် နေညို့ရဲ့


www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲမှုက အရှိန်ပျော့သွားလေတော့သည်။ မျက်ဝန်းမှာ မျက်ရည်မြစ်နှစ်သွယ်က အပြိုင်အဆိုင် စီးဆင်းလို့ပါ။ ဒေါ်ခင်လဲ့ ကြည်၏မျက်ဝန်းမှာလည်း ထိုနည်းတူစွာပဲပေါ့။

"စိတ်ကို လျှော့လိုက်...သား...လာ...ခဏထိုင်"

ပါးစပ်ကလည်းပြော၊ လက်ကလည်း နေညို့လက်မောင်း ကို တင်းတင်းဆုပ်၍ ဆွဲခေါ်ရလေသည်။ ဆိုဖာပေါ်မှာ ထိုင်မိ ကြတော့...

"အန်တီလေး"

"သား"

"အိ...အိ...ဟီး"

"သားရယ်"

ဒေါ်ခင်လဲ့ကြည်၏ရင်ထဲမှာ စူးနင့်နာကျင်နေသည်။ ကံကြမ္မာက ဒီကလေးအပေါ်မှာ ဘာလို့များ ဒီလောက်ရက်စက် ရပါလိမ့်။

မမနဲ့ ကိုကြီးရေ...

လဲ့တို့တူဝရီးအဖြစ်ကို လာကြည့်လှည့်ပါဦးလို့သာ အော်ငိုပစ်လိုက်ချင်တော့သည်။ ဒီလိုဘဝမျိုးနဲ့ ဒီကလေးကို လောကကြီးအလယ်မှာ ရပ်တည်ခွင့်ပေးမယ့်အစား သွားလေသူတွေ အတူ လဲ့တို့တူဝရီးကို တစ်ပါတည်း ထည့်လိုက်ပါတော့လား ကံကြမ္မာရယ်။

"အန်တီလေး"



www.burmeseclassic.com

www.burmeseclassic.com



"သား"

"ဒဏ္ဍာနဲ့ဆည်းဆာ လက်ထပ်တော့မယ်တဲ့။ သား ဘယ်လိုလုပ်ရမလဲ အန်တီလေးရယ်။ သား ဒဏ္ဍာနဲ့ မခွဲနိုင်ဘူး။ သူတို့ လက်မထပ်ဖြစ်အောင် အန်တီလေး တားပေးပါနော်။ အန်တီလေး...ရအောင်တားပေးပါ"

"အဟင့်"

ဒေါ်ခင်လှဲ့ကြည် ဘယ်လိုလုပ်ပြီး တားနိုင်မှာတဲ့လဲ။ ကိုယ်နဲ့ မသက်ဆိုင်တဲ့လူတွေဆိုတာထက် သူတို့က သဘာဝ အတိုင်း လုပ်ဆောင်နေသူတွေပါ။ ကိုယ်က သဘာဝရဲ့ဆန့်ကျင် ဘက်ကို လုပ်ဆောင်ပေးပါလို့ ဘယ်လိုတောင်းဆိုရမှာတဲ့လဲ။

"နော်...အန်တီလေး၊ ဒဏ္ဍာနဲ့ဆည်းဆာ လက်မထပ်ဖြစ် အောင် အန်တီလေး တားပေးမယ်မဟုတ်လား...ဟင်"

"သားရယ်...သဘာဝတရားကို လွန်ဆန်လို့မှ မရဘဲ ကွယ်။ ဆည်းဆာနဲ့ဒဏ္ဍာက မိန်းမနဲ့ယောကျ်ား လက်ထပ်ကြမှာ လေ။ သားနဲ့ ဒဏ္ဍာကျတော့ ယောကျ်ားလေးချင်းဆိုတော့"

"ဟာ...အန်တီလေးကလည်း ယောကျ်ားလေးချင်းလို့ မပြောပါနဲ့။ သားနဲ့ဒဏ္ဍာ လက်ထပ်လို့ရတယ်။ သား ဒဏ္ဍာနဲ့ မခွဲနိုင်ဘူး။ အတူတူနေချင်တယ်။ အဲဒါကြောင့် သား ဒဏ္ဍာနဲ့ လက်ထပ်မယ်"

"မဖြစ်နိုင်ဘူးလေ...သားရယ်"

မဖြစ်နိုင်လို့ ဒီလောက် မချိအောင် ခံစားနေရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တဲ့အရာသာဆိုရင် ဒေါ်ခင်လဲ့ကြည် ဘာမဆို တူလေး အတွက် လုပ်ပေးချင်တာပါလေ။

"ဘာလို့မဖြစ်နိုင်ရမှာလဲ…ဆည်းဆာက ဒဏ္ဍာကို ချစ်တာထက် နေညိုက ပိုချစ်တာ။ ဆည်းဆာလှသလို နေညို လည်း လှအောင်ပြင်မယ်လေ။ ဒဏ္ဍာ နေညို့ကို ချစ်မှာပါ၊ နော်… အန်တီလေး"

"ဒဏ္ဍာက အခြောက်တွေကို မုန်းတယ်လေ သား၊ ဒဏ္ဍာ မုန်းတာမခံနိုင်လို့ သား ယောကျ်ားလိုပဲနေမယ်လို့ အန်တီ လေးကို ကတိပေးထားတယ်မဟုတ်လား"

"အခု ဒဏ္ဍာက မိန်းကလေးကို ချစ်တာဆိုတော့ နေညို မိန်းကလေးလိုနေမှ ဖြစ်မှာပေါ့။ နေညိုက မိန်းကလေး…အဟ်"

ပြောရင်း နေညိုက ပခုံးလေးတွန့်ကာ ရှက်ဝဲဝဲပုံစံနှင့် ရယ်လေတော့ ဒေါ်ခင်လဲ့ကြည်၏ ရင်ဘတ်တစ်ခုလုံး မီးလောင် ထားတဲ့ လွင်ပြင်ကြီးလိုပေါ့။ ငယ်ငယ်ကတည်းက စိတ်ဒဏ်ရာ ရခဲ့တဲ့ ကလေး။ စိတ်ခာတ်ပျော့တယ်လို့ပဲ ခေါ်ရမလား။

ဝေဒနာတွေကို မခံစားနိုင်ဘဲ…

စိတ်ဖောက်ပြန်လို့ လူမသိ၊ သူမသိ ဆေးကုသမှုခံယူနေ တဲ့ ကလေးပါ။ ရူးတယ်လို့ ပြောလို့မရ။ လူကောင်းပကတိလည်း မဟုတ်ပြန်ဘူးလေ။ ယဉ်ယဉ်လေး ရူးတယ်ပဲဆိုပါတော့။ သူ့ကိုယ်သူ ထိန်းချုပ်နိုင်စွမ်းရှိတဲ့အခါရှိသလို မရှိတဲ့အခါ ခံစားမှုတွေ အစွန်းရောက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ...

စိတ်က ဖောက်ပြန်လာတတ်သည်။ ဒါကို လူသိမခံဘဲ ဒေါ်ခင်လဲ့ကြည် မိသားစုဆရာဝန်တစ်ယောက်နဲ့ ကြိတ်ကုသနေခဲ့တာပါ။ ဆရာဝန်ကြီး ညွှန်ကြားသမျှလည်း လုပ်နေတာပါပဲ။

ဒီကြားထဲက...

"အဟွန်း...ဒီနေ့ကစပြီး နေညို ဟိုကောင်မလေးထက် လှအောင်ပြင်မယ်။ အဲဒါမှ ဒဏ္ဍာက အဲဒီကောင်မထက် နေညိုကို ပိုချစ်မှာ"

"ဟင့်အင်း...သား မလုပ်ရဘူး။ အလှမပြင်ရဘူး...သား"

"ပြင်မှာပဲ...ဆည်းဆာထက် ပိုလှချင်လို့ပါဆို... အန်တီလေးနော်...နေညိုကိုချစ်ရင် ဒဏ္ဍာ နေညိုကိုချစ်အောင် လုပ်ပေးပါပဲ"

ပြောနေပုံက မူကာန့်ကာနင့်မို့... ဒေါ်ခင်လဲ့ကြည် တစ်ယောက် မျက်ရည်မဆည်နိုင်တော့ပေ။ တူလေးရဲ့ဘဝ အဖတ်ဆယ်မရတော့ဘူးထင်ပါရဲ့။ ဘယ်လိုစကားလုံးတွေနဲ့ နှစ်သိမ့်ပေးရမလဲ။

"အန်တီလေး"

"ပြောလေ...သား"

"ဒါပဲနော်...နေညို ဒဏ္ဍာနဲ့ လက်ထပ်မယ်။ မင်္ဂလာဆောင်မယ်။ အကောင်းဆုံးဖြစ်အောင် အန်တီလေး လုပ်ပေးရ



www.burmeseclassic.com

www.burmeseclassic.com


မယ်"

"အေးပါ သားရယ်…အေးပါ…အန့်တီလေး လုပ်ပေးပါ့မယ်"

မတတ်သာ၍ ခေါင်းညိတ်လိုက်ရခြင်းမှာ စိတ်အဆင်က မီးတောက်မီးလျှံများပမာနယ်ပါ၏။ ဂါထာရွတ်ပြီးသာ မန်းမှုတ်ပေးလို့ရရင် အကောင်းသား။

"အန့်တီလေး တကယ်ပြောတာနော်"

"တကယ်ပေါ့ကွယ်"

"ကတိ"

ဒေါ်ခင်လှဲ့ကြည် ခေါင်းညိတ်ပြလေတော့…

"အဲဒါကြောင့် အန့်တီလေးကို ချစ်တာ"

ပြောပြီး နေညိုက ဒေါ်ခင်လှဲ့ကြည်၏ ရင်ခွင်ထဲသို့ တိုးဝင်ပြီး ခါးကို ဖက်ထားလေသည်။ နှုတ်ခမ်းသားလေးတွေက ရယ်နေပေမယ့် မျက်ဝန်းမှာတော့ မျက်ရည်တွေ စိုစွတ်နေဆဲလေ။ တူဖြစ်သူ၏ မျက်ရည်တွေကို သုတ်ပေးပြီး…

ဒေါ်ခင်လှဲ့ကြည်ကိုယ်တိုင်ကတော့…

မျက်ရည်တွေကျနေရသည့်အဖြစ်ရယ်ပါ။ အရှုးစိတ်ချမ်းသာရင် ကမ္ဘာကြီးအေးချမ်းတယ်ဆိုတဲ့စကားကို ရယ်စရာအဖြစ် စနောက်ပြောကြပေမယ့် ဒေါ်ခင်လှဲ့ကြည်အတွက်ကတော့ အတည်ဖြစ်နေပါပြီ။ ဒီကလေး စိတ်ချမ်းသာ ပြီးရော့ဆိုပြီး ခေါင်းညိတ်နေရတာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com


"ဘြော်…အန်တီလေး"

"ပြောလေ…သား"

"နေညို…အလှသွားပြင်လိုက်ဦးမယ်နော်။ ပြီးရင် မြို့ထဲသွားမယ်။ မင်္ဂလာဝတ်စုံချုပ်မယ်။ ဒဏ္ဍာနဲ့ မင်္ဂလာဆောင်မယ်။ ဟီ…ဟိ"

"ဟင်"

"အလှဆုံးဖြစ်အောင် ပြင်မယ်။ ငါ ဆည်းဆာထက်လှမှဖြစ်မှာ"

"သားရယ်"

သွားပြီဆိုတဲ့အသိနဲ့ ရင်ဘတ်တစ်ခုလုံးက တောက်လောင်နေလို့ပေါ့။

"အန်တီလေး ဘယ်လိုဖြေရတော့မလဲကွယ်"


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"ဒဏ္ဍာ"

"..........."

"ဒဏ္ဍာရေ"

"ဟင်"

"ဒဏ္ဍာ"

ဒဏ္ဍာရဲ့ဖေဖေ ဦးတင်ကျော်ခိုင်တစ်ယောက် ဒဏ္ဍာနာမည်ကို တကြော်ကြော်ခေါ်နေတဲ့ နေညို့ကိုမြင်တော့ အံ့ဩသွား လေသည်။

"ဘယ်လိုဖြစ်ရပါလိမ့်"

မယုံနိုင်စွာနှင့် ရေရွတ်မိလေသည်။ နေညို ဟုတ်ရဲ့လား။ မိန်းကလေးပုံစံ၊ မိတ်းကလေးအဝတ်အစားတွေ ဝတ်ပြီး ဘယ်လို ဖြစ်ရပါလိမ့်။ စမြင်လိုက်တုန်းကတော့ မမှတ်မိပါဘူး။ နောက် သေသေချာချာ ကြည့်မိမှ မှတ်မိတာလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒဏ္ဍာ"

"ဟော့ကောင် နေညို…မင်း ဘယ်လိုဖြစ်လာတာလဲကွ။ ဘာလဲ…လိုင်းပြောင်းတော့မလို့လား…ဟား…ဟား"

ဦးတင်ကျော်ခိုင် စလိုက်ပေမယ့် နေညိုက ဂရုမစိုက်စွာ အိမ်ထဲသို့သာ ဝင်သွားလေတော့သည်။

"ရူးနေလား မသိပါဘူး"

စိတ်တိုတိုနှင့်ပြောပြီး ဦးတင်ကျော်ခိုင် ကားပေါ်သို့ တက်ကာ မောင်းထွက်လာခဲ့တော့သည်။

ဒဏ္ဍာကတော့…

သူတို့မင်္ဂလာဆောင်အတွက် စီစဉ်စရာရှိတာတွေကို စီစဉ်ဖို့ ဧည့်ခန်းထဲမှာထိုင်ပြီး မိခင်ဖြစ်သူနှင့် တိုင်ပင်နေတာပါ။ နေညိုနဲ့ မတွေ့ဖြစ်တာ ကြာပြီပဲဆိုပါတော့။ မျက်နှာချင်းမဆိုင်ချင်လို့ကို မတွေ့တော့တာပါ။ မျက်နှာချင်းဆိုင်မိရင် ဒေါသထွက်ပြီး တစ်ခုခုလုပ်မိမှာစိုးလို့လေ။

"ဒဏ္ဍာရေ"

"ဟင်"

"ဟဲ့…ဟဲ့"

"တွေ့ပြီ…ဒဏ္ဍာကို တွေ့ပြီ"

ဒဏ္ဍာတို့သားအမိ ကြောင်ပြီးကြည့်နေစဉ်မှာပဲ နေညိုက ဒဏ္ဍာဘေးမှာ ဝင်ထိုင်ပြီး ဒဏ္ဍာခါးကို ဖက်လေသည်။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒဏ္ဍာ…နှင့်ကို ငါ အရမ်းချစ်တယ်။ ငါ့ကို ခွဲမသွားပါနဲ့နော်။ ငါ့ကို မထားခဲ့ပါနဲ့"

"…………"

"နှင် ဆည်းဆာကို မယူရဘူး။ ငါ့ကိုပဲ ယူရမယ်"

"ဘုရားရေ"

"မြတ်စွာဘုရား"

သားအမိနှစ်ယောက် ကိုယ်စီ ဘုရားတမိကြတော့သည်။ ပြီးတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ညပြီး ဘာပြော လို့ပြောရမှန်း မသိတော့ပေ။ နေညိုက ဒဏ္ဍာရင်ခွင်ထဲသို့ တိုးဝင်ပြီး စကားတွေပြောနေတာ တတွတ်တွတ်ပါ။

ဘာတွေပြောနေလဲဆိုတာ သတိမထားမိလောက်အောင်ကို ပဲ ဒဏ္ဍာ ထူထူပူပူကြီး ဖြစ်သွားတာလေ။ နေညို ၊ မိန်းကလေး အမူအရာနဲ့ဆိုတော့ အံ့သြခြင်းနှင့်အတူ ရှက်လည်းရှက်၊ ဒေါသ လည်းဖြစ်ပါပဲ။

"ဟေ့ကောင်…ဖယ်စမ်း"

"ဟင့်အင်း…ဒဏ္ဍာကို ချစ်တယ်"

"ဟာ"

"နေညို့ကို မထားခဲ့ပါနဲ့နော်"

"နေညို"

ဒဏ္ဍာ နေညို့နာမည်ကို ခပ်ဆောင့်ဆောင့်အသံနှင့် ခေါ် လိုက်မိပြီး နေညို့လက်တွေကို ဖယ်ချပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖယ်စမ်းလို့ ငါ ပြောနေတယ်နော်"

"ဟင့်အင်း…နေညို့ကို မထားခဲ့ပါနဲ့။ နေညို့ကို မထားခဲ့ပါနဲ့"

"ဟာကွာ"

ဒဏ္ဍာက နေညို့လက်တွေကို ဖယ်ချ။ နေညိုက ဒဏ္ဍာကို အတင်းဖက်ထားနှင့် နှစ်ယောက်သား လုံးထွေးနေတော့သည်။ ဒေါ်စန္ဒာဝင်းဖြူကတော့ ကြက်သေ သေကာ ကြောင်ကြည့်နေသည်လေ။

"နင်…ဟိုကောင်မဆီကို မသွားရဘူးနော် ဒဏ္ဍာ။ သူ့ကို မချစ်နဲ့။ ငါ့ကိုပဲ ချစ်ရမယ်။ ငါ သူ့ထက်လှအောင် ပြင်ထားတယ်…သိလား"

"ဖယ်စမ်း"

ဒဏ္ဍာ ခပ်ကြမ်းကြမ်းပဲ နေညို့လက်တွေကို ဆွဲဖယ်ကာ မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ ပြီးတော့ နေညို့ကို ဒေါသမျက်ဝန်းနှင့် စူးစူးရဲရဲ ကြည့်လေတော့…

"ငါ့ကို အဲဒီလိုမကြည့်နဲ့။ ငါ့ကို အဲဒီလိုမကြည့်ပါနဲ့"

"…………"

"ဒဏ္ဍာ"

"အရှုး…မင်းက အရှုးပဲ နေညို။ မင်းရှုးတိုင်း ငါ လိုက်ရှုးနိုင်ဘူးကွ။ ငါ ဆည်းဆာကို အရမ်းချစ်တယ်။ ဆည်းဆာနဲ့ပဲ လက်ထပ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း… လက်မထပ်ရဘူး။ ဆည်းဆာကို လက်မထပ်ရဘူး"

နေညို အော်လေတော့၏။ မျက်ဝန်းမှာလည်း မျက်ရည်တွေနှင့်ပါ။ ဒဏ္ဍာ သိလိုက်ပါပြီလေ။ သူ တစ်ခါက နေညိုတို့ခြံထဲမှာ မိန်းကလေးတစ်ယောက်ကို ညဘက်ကြီး တွေ့လိုက်တာလေ။ မှတ်မှတ်ရရ နေညို နိုင်ငံခြားကနေ ပြန်ရောက်တယ်ဆိုတဲ့နေ့ကပေါ့။

ထိုမိန်းကလေး၏ပုံရိပ်ကို…

အရင်က ဇဝေဇဝါ ဖြစ်ခဲ့ပေမယ့် အခုတော့ သိလိုက်ပြီပေါ့။ နေညိုလေ…နေညိုပဲပေါ့။

"မင်းကို ငါ မုန်းတယ်…နေညို"

"ဟင့်အင်း…ဟင့်အင်း…မမုန်းရဘူး။ မမုန်းပါနဲ့"

"မုန်းတယ်…မင်းကို ငါ အရမ်းမုန်းတယ်"

"မမုန်းရဘူး"

နေညို အသံကုန်အော်လေတော့သည်။ ဒဏ္ဍာ ထွက်သွားမယ်လုပ်တော့…

"ဒဏ္ဍာ"

ဒဏ္ဍာလက်မောင်းကို အတင်းဖက်ထားလေလျှင်…

"ဖယ်စမ်း"

"အား"

"သား"



www.burmeseclassic.com

www.burmeseclassic.com



ဒဏ္ဍာ ဆောင့်တွန်းပစ်လိုက်သဖြင့် နေညို ဖင်ထိုင်လဲကျသွားလေတော့သည်။ ထိုစဉ် ဒေါ်ခင်လှဲ့ကြည်နှင့် လူတစ်ယောက် ပြေးဝင်လာပြီး နေညို့ကို မွေ့ထူကြလေသည်။

"သား"

"အန့်တီလေး...ဟီး"

"အိမ်ပြန်ကြရအောင်...သား...အန့်တီလေးနဲ့ ပြန်လိုက်ခဲ့နော်"

"ဒဏ္ဍာ...ဒဏ္ဍာ ရက်စက်တယ်...အန့်တီလေးရယ်"

"ဘာဖြစ်ကြတာလဲ...ကို"

နောက်မှရောက်လာတဲ့ ဆည်းဆာအမေးကို ဘယ်သူမှ မဖြေကြပေ။ ဒဏ္ဍာတို့သားအမိက မဖြေရဲတာဖြစ်ပြီး ဒေါ်ခင်လှဲ့ကြည်နဲ့ဦးမြမောင်က မဖြေရက်တာပါ။ ဦးမြမောင်က ဒေါ်ခင်လှဲ့ကြည်တို့အိမ်က အလုပ်သမားပါ။

အရင်က...

နေညို့အကြောင်း သူများသိမှာစိုးလို့ အိမ်မှာ ဘာအလုပ်သမားမှ မထားခဲ့ပေ။ အခု ထားဖို့လိုအပ်လာလို့ အလုပ်သမား ခေါ်ထားရပြီပေါ့။

"ကိုမြမောင်"

"ဗျာ...မလှဲ့"

"နေညို့ကို ရအောင်ခေါ်သွား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြမောင် နေညိုကို ဆွဲခေါ်လေလျှင်…

"မလိုက်ဘူး…မလိုက်ဘူး"

"နေညိုချိန်"

"ဟင်"

ဒေါ်ခင်လှဲ့ကြည် ခပ်ပြတ်ပြတ် မာမာနှင့်ခေါ်ပစ်လိုက်သည်။ ပြီး…ဒေါသရောင်တောက်နေတဲ့ မျက်ဝန်းတွေကို ဖန်ဆင်းပြီး နေညိုကိုကြည့်ကာ…

"အိမ်ပြန်လို့ အန်တီလေး ပြောနေတယ်နော်။ မပြန်ရင် ချုပ်လာတဲ့ သတို့သမီးဝတ်စုံကို မီးနဲ့ရှို့ပစ်လိုက်မယ် ဘာမှတ်လဲ"

"ဟင်"

"သွား…အခု အိမ်ကိုပြန်လိုက်သွား"

"သတို့သမီးဝတ်စုံတော့ မီးနဲ့ မရှို့ပါနဲ့ အန်တီလေးရယ်။ နေညိုက ဒဏ္ဍာနဲ့ မင်္ဂလာဆောင်ရဦးမှာလေ။ ပြန်ဆို…နေညို ပြန်ပါ့မယ်"

ဒီလိုကျတော့ မျက်နှာငယ်လေးနှင့် နေညို လှည့်ပြန်လေသည်။ ဒဏ္ဍာကို လှည့်ကြည့်လှည့်ကြည့်နှင့်ပေါ့။ နေညို ကျောခိုင်းသွားမှ ဒေါ်ခင်လှဲ့ကြည် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာလေတော့သည်။

"စန္ဒာတို့သားအမိနဲ့ ဆည်းဆာကို လှဲ့… အားနာလိုက်တာ။ လဲ…တောင်းပန်ပါတယ်…စန္ဒာ။ သားလေးကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားတဲ့အတွက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်…လဲ့၊ တောင်းပန်စရာ မလိုဘူးလေ။ စန္ဒာကြီးနဲ့ လဲ့တို့က နှစ်အိမ်တစ်အိမ်မိသားစုတွေလို နေလာကြတာပဲဟာ။ လဲ့ကို နားလည်ပါတယ်"

"ဘယ်လိုဖြစ်တာလဲ အန်တီလဲ့ရာ…ကျွန်တော် နားလည်အောင် နည်းနည်းပါးပါး ရှင်းပြပါဦး။ ဘာတွေမှန်းကို မသိတော့ဘူး"

ဒေါ်ခင်လဲ့ကြည် ခေါင်းညိတ်ပြလိုက်ပြီး…

"အန်တီ ပြောပြပါ့မယ်ကွယ်။ နေညိုချိန်ရဲ့မိဘတွေ အတ်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားကြတယ်ဆိုတာကိုတော့ အားလုံးသိကြပြီးသားပါ။ ဒါပေမဲ့ နေညို ဘာကြောင့် စိတ်ဖောက်ပြန်ဘတ်သည်အထိ ဖြစ်ရလဲဆိုတာတော့ မသိခဲ့ကြဘူး၊ မဟုတ်ဘူးမဟုတ်လား။ အဖြစ်က ဒီလိုပါ"

ဒေါ်ခင်လဲ့ကြည် ဒီလိုပါကနေ အစချီပြီး စကားလုံးတွေဘာ အတိတ်က ဖြစ်ရပ်များဆီသို့သာ…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"ဖေကြီး"

"ဗျာ"

"သားသားနာမည်ကို ဘာလို့ နေညိုချိန်လို့ ခေါ်တာလဲ ဟင်"

ဦးမင်းညိုက ပြုံးကာ...

"သားကို အခုလို နေညိုချိန်လေးမှာ မွေးတာလေ။ နေညိုချိန်လေးက အရမ်းအေးချမ်းတာ သားရဲ့။ ဟော..ဟိုမှာကြည့်၊ ခုလို နေညိုချိန်လေးမှာဆို နေမင်းကြီးက အရောင်ပျော့ပြီး မပူတော့ဘူးလေ။ အဲဒီတော့ အေးချမ်းတာပေါ့...သားရဲ့"

"ဟုတ်တယ်... သားသားရဲ့။ သားသားရဲ့ဘဝကို အေးချမ်းစေချင်လို့ အေးချမ်းခြင်းနိမိတ်ယူပြီး နေညိုချိန်လို့နာမည်ပေးတာလေ"



www.burmeseclassic.com

www.burmeseclassic.com


သင်းလဲ့ကြည်ကလည်း အပြုံးချိုချိုနှင့် သားကို စိတ်ရှည်လက်ရှည် ရှင်းပြလေသည်။ မင်းညိုနဲ့သင်းလဲ့က ရှေ့ခန်းမှာဖြစ်ပြီး ခင်လဲ့နဲ့နေညိုက နောက်ခန်းမှာပါ။ ခင်လဲ့က တူလေးကို အရမ်းချစ်တာလေ။ တူလေးကလည်း ခင်လဲ့ကို မိခင်ဖြစ်သူ သင်းလဲ့ထက်ပင် ပိုချစ်သလား မသိပါဘူး။

အမြဲတမ်းလိုလို...

မိခင်၏ရင်ခွင်ထဲမှာနေတာထက် ခင်လဲ့ရင်ခွင်ထဲမှာနေတာက များလေသည်။ စကားတပြောပြောနှင့် ရယ်ကြမောကြရင်း ကံကြမ္မာမုန်တိုင်း တိုက်ခတ်လာလေတော့...

"ကို...ကို...ရှေ့မှာ"

"ဟာ"

မင်းညို ရှေ့ကလာတဲ့ ထရပ်နဲ့လွတ်အောင် ဆွဲကွေ့ဖို့ ကြိုးစားလိုက်ပေမယ့်...

"ဝုန်း"

"အား"

ကံတရားက လှည့်စားရက်လိုက်တာ။ မျက်စိတစ်မှိတ်လျှပ်တစ်ပြတ်အတွင်းမှာ မိသားစုတစ်စုရဲ့ ဘဝအဆစ်ချိုးတွေ ပြောင်းလဲကုန်လေတော့၏။ နေညိုချိန်နဲ့ ခင်လဲ့က ခဏသာ သတိလစ်သွားကြပြီး ဒဏ်ရာအနည်းငယ်ရရုံနဲ့ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။

နေညိုချိန်ရဲ့မိဘနှစ်ပါးကတော့...


www.burmeseclassic.com

www.burmeseclassic.com



ပွဲချင်းပြီးဆုံးသွားကြသည်လေ။ သွေးအိုင်ထဲမှာ မိဘ နှစ်ပါး၏ အသေဆိုးနဲ့ သေရတာ မြင်လိုက်ရတဲ့ နေညိုမှာ သွေးပျက် ချောက်ချားမှုဝေဒနာနဲ့ ဆက်လက်ရှင်သန်ခဲ့ရသည်သာ။

ည··ညဆို···

"ဖေဖေ···မေမေ···အား"

"သား···သားလေး"

"ကြောက်တယ်···ကြောက်တယ်···အား"

ဒီလို အိပ်မက်ဆိုးတွေမက်ပြီး အိပ်ရေးပျက်ခဲ့ရတဲ့ညတွေ မနည်းပေ။ ဒီလိုနဲ့ တစ်ခါတစ်ခါ အသိစိတ်တွေပျောက်ပြီး စိတ် ဖောက်ပြန်တတ်တဲ့ နေညိုလေးကို ခင်လှဲ့ ဆရာဝန်ကြီးနဲ့ ပြသခဲ့ ခဲ့ရတာ ကြာတော့ ဆရာဝန်ကြီးနဲ့ မိသားစုအရင်းအချာလို ခင်မင် ရင်းနှီးခဲ့ရသည်အထိပါ။

အရွယ်လေးရောက်လာလေ လူသိမခံဝံ့လေပါပဲ။ ထိန်းမ အောင် စိတ်ဖောက်ပြန်တာမျိုးမဟုတ်လို့ တော်သေးသည်လေ။ သူ အရှမ်းစိတ်ညစ်လာတဲ့အခါမှ စိတ်တွေ လွတ်လွတ်သွားတာ ဆိုတော့ အတတ်နိုင်ဆုံး စိတ်ချမ်းသာအောင် ထားခဲ့ရသည်ပေါ့။

ဒါကြောင့်···

လူကောင်းပကတိ ဖြစ်နေခဲ့တာလေ။ စိတ်ညစ်စရာရှိလာ ရင်တော့ သတိလက်လွတ် ဖြစ်သွားတတ်တာပေါ့။

တစ်နေ့···

"အန်တီလေး"



www.burmeseclassic.com

www.burmeseclassic.com


"ပြောလေ…သား"

"သား…ဒီနေ့ အရမ်းစိတ်ညစ်တယ်"

"ဟင်…ဘာဖြစ်လို့လဲ…သား။ သားကို ဘယ်သူက ဘာပြောလိုက်လို့လဲ။ အန်တီလေးကို ပြောစမ်း"

နေညို ခေါင်းခါလိုက်ပြီး…

"နေ့ဆည်းဆာကို ကျွန်တော် အရမ်းမုန်းတယ် အန်တီလေး"

"ဟယ်"

အနားမှာ တူဝရီးနှစ်ယောက်ကလွဲရင် ဘယ်သူမှမရှိကြပေမယ့် ဒေါ်ခင်လှဲ့ကြည် ဆည်းဆာကြားမှာစိုးသည့်အလား စိတ်မလုံစွာ ဟိုဟိုဒီဒီ ကြည့်လိုက်မိသည်။

သားလေးက ဘာလို့ ဆည်းဆာကို မုန်းရတာလဲဆိုတာ ရိပ်တော့ရိပ်မိပါသည်လေ။

"ဒဏ္ဍာနဲ့ဆည်းဆာ ချစ်သူဖြစ်နေကြပြီ အန်တီလေး။ ဒဏ္ဍာ အချစ်ကိုလုယူမယ့် ဆည်းဆာကို သား မုန်းတယ်။ အဲဒါကြောင့် ဒီနေ့ စင်တာမှာ သား သူ့ကို ဓာတ်လှေကားပေါ်က ပြုတ်ကျသေအောင် လုပ်လိုက်တာ"

"အို…ဘုရား…ဘုရား"

ဒေါ်ခင်လှဲ့ကြည် ရင်ဘတ်ဖိ၍ ဘုရားတလိုက်မိတော့သည်။ ဆည်းဆာအမေသိရင်တော့ မိုးမီးလောင်တော့မှာပဲ။ သူမ နေညိုကို သတိနဲ့ စောင့်ကြည့်မှဖြစ်တော့မှာပါ။ ဒါ လူ့အသက်နဲ့


www.burmeseclassic.com

www.burmeseclassic.com


ဆိုင်တဲ့ကိစ္စပေါ့လို့ မရတော့ဘူးလေ။

"အဟွန်း...ဒင်းက ကံကောင်းသွားတယ်။ ဘာမှမဖြစ်ဘူး...အန်တီရေ"

"သား"

"............"

"နောက်ကို အဲဒီလိုမျိုး မလုပ်ရဘူးနော်...သား။ သူ သေရင် သား ထောင်ကျမှာပေါ့။ သူများအသက်ကို သေစေလိုတဲ့စိတ် မမွေးရဘူးလေ။ ငရဲကျတတ်တယ်...သားရဲ့"

"ကျပါစေ...ဆည်းဆာ...ဒဏ္ဍာအနားမှာ အမြဲရှိနေတာ သား မကြိုက်ဘူး။ သူသေမှ အေးမှာ"

"သား"

"သား...ဒဏ္ဍာကို အရမ်းချစ်တယ်။ ဒဏ္ဍာကလည်း သားကလွဲပြီး ဘယ်သူ့မှ မချစ်ရဘူး"

ဒဏ္ဍာအပေါ်ချစ်တဲ့ နေညို့ရဲ့အချစ်တွေက ကြာလေလေ အစွန်းရောက်လေလေပါပဲ။ ဒါကြောင့် ဒေါ်ခင်လှဲ့ကြည် ရင်လေးနေမိသည်သာ။

"သားရယ်...အချစ်ဆိုတာ သမုဒ္ဒရာရေနဲ့တူတယ်ကွဲ့။ ဘယ်လောက်ပဲ မျှဝေပေးပေး ခန်းသွားတယ်ဆိုတာ မရှိဘူးလေ။ ဒဏ္ဍာကို သားချစ်သလို ဒဏ္ဍာကလည်း သားကိုချစ်တာပဲလေ။ သူ သားကိုချစ်သလို ဆည်းဆာကိုလည်း ချစ်ခွင့်ရှိတယ်လေ။ ဆည်းဆာကလည်း ပြန်ပြီးချစ်ခွင့်ရှိတာပဲ"


www.burmeseclassic.com

www.burmeseclassic.com


"ဟင့်အင်း"

"..........."

"ဒဏ္ဍာအချစ်ကို နေညိုတစ်ယောက်တည်းပဲ ပိုင်ချင်တယ်"

"သားရယ်"

အစွန်းရောက်သွားတဲ့ နေညိုချိန်ရဲ့ အတ္တတွေကို ဒေါ်ခင်လှကြည် မတားဆီးနိုင်ခဲ့ပေ။ မဖြစ်သင့်တာ မဖြစ်ရအောင် စောင့်ကြည့်ခဲ့ပေမယ့်...

တစ်နေ့...

ဆည်းဆာကို လည်ပင်းညှစ်ပစ်လိုက်တဲ့အကြောင်း ပြောလာပြန်တော့...

နေညိုချိန်ရဲ့အနာဂတ်အတွက်...

ရင်လေးပြီးရင်း လေးပါပဲလေ။


www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၃၁)

ပြောနေရင်းမှ ဒေါ်ခင်လှဲကြည် ရှေ့ဆက်မပြောနိုင်တော့ပေ။ ရှိုက်သံနှင့် ပလုံးပထွေး စကားသံများ ရပ်တန့်သွားချိန်မှာ ဒေါ်စန္ဒာဝင်းဖြူ သက်ပြင်းချလိုက်မိတော့သည်။

ကိုယ်ချင်းစာပါတယ်လေ။

ဝမ်းနဲ့မလွယ်ရပေမယ့် လှဲက နေညိုရဲ့အမေပဲလေ။ ကိုယ်လည်း မိခင်တစ်ယောက်မို့ လှဲကို ဘယ်လိုနှစ်သိမ့်ပေးရမှန်း မသိတော့ပေ။

"ကြားရတာ စန္ဒာ တကယ်စိတ်မကောင်းပါဘူး…လှဲရယ်။ ဖြစ်နိုင်ရင် လှဲရဲ့သောကတွေကို မျှဝေခံစားပေးလိုက်ချင်ပါတယ်"

"ခုလို အားပေးနှစ်သိမ့်ပေးတဲ့အတွက် ကျေးဇူးပါ…စန္ဒာ၊ သားလေးရဲ့လုပ်ရပ်တွေအတွက် လှဲ တောင်းပန်ပါတယ်"

"စန္ဒာတို့ နေညိုအပေါ်မှာ အပြစ်မမြင်ပါဘူး…လှဲရယ်လှဲ…နေညိုကို ဂရုစိုက်ပါနော်"


www.burmeseclassic.com

www.burmeseclassic.com


"အန်တီလဲ့"

ဒဏ္ဍာမျက်ဝန်းမှာ အရည်ကြည်တွေလဲ့နေသည်။ ဒဏ္ဍာ တကယ်မသိခဲ့ပါဘူး။ ကိုယ်ဟာ လူညံ့တစ်ယောက်ပဲ ပြောပါတော့။ နေညိုနဲ့ အနီးကပ်ဆုံးနေပြီး နေညို့အကြောင်းကို မသိခဲ့ဘူးလေ။ ကိုယ် အနိုင်ယူသမျှ နေညိုက ခံခဲ့သည်။

နေညိုဟာ စိတ်ဝေဒနာသည်တစ်ယောက်မှန်းသိရင် ဒဏ္ဍာ အနိုင်မကျင့်ခဲ့ပါဘူး။ နေညို စိတ်ချမ်းသာဖို့အတွက် အလိုလိုက် အလျှော့ပေးခဲ့မိမှာ အမှန်ပါ။ အခုတော့ ကိုယ်က ဗိုလ်ကျခဲ့တာ တရားပါသလား။

စောစောကလည်း....

ဒဏ္ဍာ ဆောင့်တွန်းပစ်လို့ နေညို လဲကျသွားတာ။ နေညို တော်တော်နာသွားလေမလား။

"ကျွန်တော် တကယ်မသိခဲ့ဘူး..အန်တီလဲ့ရာ။ ကျွန်တော် ညံ့ခဲ့တာပါ။ ဒီလောက် အနီးကပ်နေခဲ့တာတောင်...ကျွတ်... ကျွန်တော်...ကျွန်တော် ဘယ်လိုပြောရမှန်း မသိတော့ဘူးဗျာ"

"ကို"

"........"

"ဆည်းဆာလည်း စိတ်မကောင်းပါဘူး...ကို။ ဒါပေမဲ့ ဘာတတ်နိုင်မှာတဲ့လဲ။ ကံစီမံရာပဲပေါ့"

"ကို...ကို...သူ့အပေါ် ရက်စက်သလို ဖြစ်သွားလို့ပါ။ စောစောက သူ တော်တော်နာသွားမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းမဖြစ်ပါနဲ့ ဒဏ္ဍာ။ လုပ်သင့်လုပ်ထိုက်လို့ လုပ်လိုက်ရတယ်လို့ပဲ သတ်မှတ်လိုက်ပါကွယ်"

ဒေါ်ခင်လှဲ့ကြည်ရဲ့စကားကြောင့် ဒဏ္ဍာရင်ထဲမှာ စူးနင့်သွားရလေသည်။ လုပ်သင့်လုပ်ထိုက်လို့ လုပ်လိုက်ရတယ်လို့ပဲ သတ်မှတ်လိုက်ပါတဲ့။ ရွှဲပြောတာမဟုတ်မှန်းသိပေမယ့် ရွှဲပြောသလိုမျိုးကြီး စိတ်ထဲမှာ ခံစားလိုက်ရသည်။

စိတ်မလုံဘူးလေ။

အတိတ်ဆိုတာကို ပြန်ရစ်လို့ရရင် နောက်ကြောင်းပြန်ရစ်ပြီး နေညိုအတွက် ပေးဆပ်ချင်တာ။ နေညို့ကို စိတ်ချမ်းသာအောင်ထားချင်တာပါ။

"သားလေးက မဖြစ်နိုင်တဲ့အရာတွေကိုမှ ရှောင်းဆိုနေတာမဟုတ်လား။ ဒီတော့ ဆည်းဆာ ပြောသလို ကံစီမံရာပဲပေါ့"

"မပြောပါနဲ့တော့ အန်တီရယ်...မပြောပါနဲ့တော့ဗျာ"

"ကို"

"သား"

ပြောပြီး ဒဏ္ဍာ ပြေးထွက်သွားလေသဖြင့် ဆည်းဆာတို့နောက်မှ လိုက်ခဲ့ကြရတော့သည်။ ဆည်းဆာ စိုးရိမ်မိသွားသည်လေ။ ဒဏ္ဍာက နေညိုကို အရမ်းချစ်တာဆိုတော့ နေညို့ကိုငဲ့ပြီး ဆည်းဆာနဲ့ လက်ထပ်ဖို့ကိစ္စကို ဖျက်သိမ်းလိုက်ရင် ဒုက္ခ။

ဆည်းဆာကို ဘယ်လောက်ချစ်တယ်ဆိုတာ သိပေမယ့် သိရင်းက မယုံရဲတဲ့အဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကို...နေဦးလေ"

ဒဏ္ဍာ နောက်ကခေါ်သံကို မကြားတော့ဘဲ နေညို့ဆီသို့သာ ပြေးခဲ့တော့သည်။

"နေညို"

"..........."

"နေညို"

နေညို နာမည်ကိုခေါ်ရင်း နေညိုရှိနေနိုင်မည့် အခန်းသို့လာခဲ့စဉ်...

"ဒဏ္ဍာ...နင့်ကို ငါ အရမ်းချစ်တယ်။ ငါ့ကို မမုန်းပါနဲ့။ ငါ့ကို မမုန်းပါနဲ့"

"ဟင်"

"နေညိုချိန်ဟာ ငါ့အတွက် ကံမကောင်းတဲ့အချိန်လို့ သတ်မှတ်ထားခဲ့တာ။ အခု နေညိုချိန်မဟုတ်တဲ့ အချိန်တွေလည်း ငါ့အတွက် ကံမကောင်းတော့ဘူး...ဟီး...ဟီး"

"............"

"နင် ဆည်းဆာနဲ့ လက်ထပ်ပြီးရင် ငါ့ကို ပစ်သွားမှာ ငါ သိနေတယ်။ နင် ငါ့ကို ပစ်မသွားအောင် ငါ ဘာလုပ်ရမလဲ ဒဏ္ဍာရယ်"

"နေညို"

"ကို"

ဒဏ္ဍာ နေညို့ဆီသွားမည်ပြု ဆည်းဆာက ဒဏ္ဍာ



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလေသည်။ ဒဏ္ဍာ အံ့ဩလို့မဆုံးတော့ပါဘူး။ နေညို ကိုယ့်အပေါ် ဒီလောက်မေတ္တာ တရားကြီးမားတာကို သူ အနိုင်ယူခဲ့တာ အခါခါပါ။

ကြည့်စမ်းပါဦး...

နေညို မျက်ရည်တွေကျရင်းမှ ဒဏ္ဍာကိုဖက်ပြီး စကားတွေ တတွတ်တွတ် ပြောနေတာလေ။ နေညို ဖက်ထားတဲ့ ဒဏ္ဍာဆိုတာ က ဒဏ္ဍာပုံတူ ပြုလုပ်ထားတဲ့ ဆီလီကွန်အရုပ်ပါ။ မင်း...မင်း ငါ့ကို အဲဒီလောက်အထိ ခင်တွယ်တာ ငါ မသိခဲ့ဘူး နေညိုရာ။

"ဆည်းဆာ...တောင်းပန်ပါတယ် ကို။ ဆည်းဆာ ကို့ အပေါ် အထင်လွဲခဲ့မိပါတယ်။ နေညိုနဲ့ကို ယောကျ်ားချင်းပေါင်း ဆက်ဆံနေတယ်လို့ ဆည်းဆာ ထင်ခဲ့တာ။ လက်စသတ်တော့ ဒီအရုပ်ကိုး"

"ဟုတ်တယ်...ဆည်းဆာ၊ နေညိုက ပူဆာလို့ အန်တီလဲ့ မိတ်ဆွေတစ်ယောက်ကို အကူအညီတောင်းပြီး ဒီဆီလီကွန်အရုပ် ကို မှာပေးခဲ့တာပါ"

"နေညိုရာ...မင်းကွာ"

ဒဏ္ဍာနဲ့တူတဲ့ ဆီလီကွန်အရုပ်က ဒဏ္ဍာကို သရော်နေ သလိုပါ။ မင်း နေညို့အပေါ် ရက်စက်ခဲ့သမျှ အနိုင်ယူခဲ့သမျှ ငါပြန်ပြီး ပေးဆပ်နေတယ်လို့ ပြောနေသလို။

"ဆည်းဆာလည်း စိတ်မကောင်းပါဘူး။ ဖြစ်နိုင်တဲ့ကိစ္စ သာဆိုရင် ဆည်းဆာ နောက်ဆုတ်ပေးပါတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဆည်းဆာ"

"ကို"

"မတူညီတဲ့ ချစ်ခြင်းမေတ္တာနှစ်ခုကို မနှိုင်းယှဉ်ပါနဲ့ကွာ"

"အဟင့်…ဟင့်…ဟီး"

နေညို ငိုသံထွက်လာပြန်လေသည်။ ဆီလီကွန်အရုပ်ကို ဖက်ပြီး ငိုလိုက်၊ စကားတွေပြောလိုက်နှင့် သူ့အာရုံနှင့်သူပါ။ နောက်မှ တံခါးဝမှာ ရပ်နေကြတဲ့လူတွေကို မြင်ပြီး…

"ဟင်…နင်တို့ ဘာကြည့်နေကြတာလဲ"

"…………"

"ငါ့ကိုကြည့်နေရအောင် ဘာများမှတ်နေလဲ…သွားကြ"

"သား"

"ငါ့ကိုများ အရူးမှတ်နေကြသလားမသိဘူး…ဟွန်း"

"နေညို"

ဒဏ္ဍာနဲ့ဒေါ်ခင်လဲ့ကြည် အခန်းထဲသို့ ဝင်ခဲ့လေတော့သည်။ နေညို ဒဏ္ဍာကို မြင်လေတော့…

"ဟယ်…ဒဏ္ဍာ"

"နေညို"

"ဒဏ္ဍာ လာပြီ…ငါ အရမ်းချစ်တဲ့ ဒဏ္ဍာ"

နေညိုက အရုပ်ကိုထားခဲ့ပြီး ဒဏ္ဍာဆီသို့လာကာ ဒဏ္ဍာ ခါးကို ဖက်ထားလေသည်။ ဒဏ္ဍာ ကရုဏာသက်စွာနှင့် နေညို ခေါင်းကို ပြန်ဆက်ထားလိုက်မိတော့၏။ ဒဏ္ဍာ ဘယ်လိုမှ ဥပေက္ခာ



www.burmeseclassic.com

www.burmeseclassic.com



ပြုမထားနိုင်တော့ပေ။

"ဒဏ္ဍာ...ဒဏ္ဍာ နင် ငါ့ကို မမုန်းဘူးနော်။ ငါ့ကို ချစ်တယ်မဟုတ်လား...ဟင်"

ဒဏ္ဍာ မျက်နှာကိုကြည့်ပြီး မေးလေပေါ့။

"ချစ်တာပေါ့...မင်းက ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းပဲဟာ။ မင်းကလည်းကွာ...ဘာလို့ ငိုရတာလဲ...မငိုနဲ့တော့"

ပြောပြီး ဒဏ္ဍာ နေညို့မျက်ဝန်းက မျက်ရည်တွေကို သုတ်ပေးလေသည်။

"နေညိုကို ခွဲမသွားပါနဲ့နော်"

"ဘာလို့ခွဲသွားရမှာလဲ။ မင်းရော ငါရော အရင်အတိုင်းပဲ ရှိနေကြမှာလေ။ ဟိုဘက်အိမ်၊ ဒီဘက်အိမ် အချိန်မရွေး လာလို့ရတာကို"

"အင်း လာမယ်။ နေညို့ကို ဒဏ္ဍာ တကယ်ချစ်တယ်နော်"

"တကယ်ပေါ့"

"ဟီး...ပျော်လိုက်တာ...ဟိ...ဟိ"

နေညို...သူ့ရုပ်ရှည်ရှည်ကိုကိုင်ပြီး ဒဏ္ဍာ့ခါးကို ဖက်ထားတာ ကျစ်နေလေတော့သည်။ မဖြစ်နိုင်တာကို ဖြစ်အောင်လုပ် မပေးနိုင်ပေမယ့်...

တဒင်္ဂအဖို့မှာတော့ နေညို စိတ်ချမ်းသာပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၂)

ဒီနေ့…

မင်္ဂလာရှိသောနေ့။ ဒဏ္ဍာနဲ့ဆည်းဆာ ချစ်သူနှစ်ဦး ဘဝတစ်သက်စာ လက်တွဲကြဖို့ လက်ထပ်ထိမ်းမြားတဲ့နေ့ပေါ့လေ။ နှစ်ဖက်မိသားစုတွေ ပြုံးလို့ရွှင်လို့။ သတို့သားနှင့်သတို့သမီး ချက်နှာပေါ်မှာ ပန်းပေါင်းစုံခတဲ့နေ့လေးပေါ့။

"ကို"

"ဟင်"

"ပျော်ရဲ့လားဟင်"

"ဘယ်လိုမေးလိုက်တာလဲ ဆည်းဆာရယ်။ ကိုယ်ချစ်တဲ့ချစ်သူနဲ့ နှစ်ယောက်တစ်ဘဝ တည်ဆောက်ဖို့အတွက် ထိမ်းမြားလက်ထပ်တဲ့နေ့မှာ ကို…မပျော်ဘဲနေပါ့မလား။ ဆည်းဆာရော ပျော်လား"

"ပျော်တာပေါ့ ကိုရဲ့။ အရမ်းပျော်တာပဲ"

"အဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ကိုက ဘာလို့ရယ်တာလဲ"

"ဆည်းဆာကို ဖက်နမ်းချင်စိတ်ပေါက်လာလို့"

"ကိုနော်"

ဆည်းဆာက မျက်စောင်းထိုးလေသည်။ ဒဏ္ဍာစိတ်ထဲမှာ မရိုးမရွဖြစ်သွားတာ အမှန်ပါပဲ။ နေနှင့်ဦးပေါ့ဆိုသည့်သဘော ဆောင်သောအကြည့်နှင့် မခိုးမခန့် ပြုံးပြလေလျှင်…

"မျက်နှာပိုးကို မသေဘူး"

"ဒီနေ့ ဒီရက်က ဘယ်ပိုးသတ်ဆေးမှ မနိုင်ဘူးလေ ဆည်းဆာရဲ့"

"ကဲပါ…သူများတွေ ဝိုင်းကြည့်နေကြတယ်။ ဥက္ကမြွေ လေးဘာလေး ထိန်းဦး"

"ဟုတ်ကဲ့ပါဗျာ"

ချစ်သူနှစ်ဦး ရွှေဂဟော၊ ငွေဂဟောဆက်လို့ ရွှေပွဲမင်္ဂလာ၊ ငွေပွဲမင်္ဂလာ ကျင်းပနေချိန်မှာ ရင်ထဲကိုယ်စီ ပီတိဝေဖြာ စမ်းရေ ပမာ အေးမြနေကြသည်ပေါ့လေ။ သူတို့ရင်ထဲမှာ အပျော်လှိုင်း လေးတွေ စီးမျောရိုက်ခတ်နေချိန်မှာတော့…

နေညိုချိန်ဆိုတဲ့ လူတစ်ယောက်အကြောင်းက…

လှိုင်းအောက်မှာ မြုပ်သွားတဲ့ လှေလေးတစ်စင်းလိုပါလေ။ နေညိုကို သတိမရကြတော့ပါဘူး။ နေညိုကို အရေးမစိုက်ကြ တော့ပါဘူး။ နေညိုဆိုတာ တောင်စွယ်မှာ ကွယ်ပျောက်သွားရတဲ့ နေမင်းလိုပါလေ။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာအခါတော်ပေးဖို့အတွက် သတို့သားနဲ့သတို့သမီး နေရာယူလိုက်ချိန်မှာတော့...

"ဒဏ္ဍာ"

"ဒဏ္ဍာရေ"

"ဟင်"

"ဟာ"

ခေါင်းသံနှင့်အတူ မင်္ဂလာခန်းမထဲသို့ ပြေးဝင်လာနေသူက နေညိုပေါ့။ သတို့သမီးဝတ်စုံနှင့် တကယ့် မိန်းမလှလေး တစ်ယောက်လို ဖြူနုလှပနေသည့် နေညို။ သူ့ကိုမြင်တော့ ဟင်ကနဲ၊ ဟာကနဲ ဖြစ်ကုန်ကြလေတော့သည်။

"ဒဏ္ဍာ"

နေညိုက ဒဏ္ဍာအနားသို့ရောက်လာပြီး...

"ကောင်မ...ဒဏ္ဍာက ငါနဲ့ မင်္ဂလာဆောင်မလို့ဟာ။ နင်က ဘာကိစ္စနဲ့ ငါ့နေရာကို ဝင်ယူရတာလဲ...သွားစမ်း"

"အမေ့"

"နေညို...မလုပ်နဲ့"

"အား"

နေညိုက ပြောပြောဆိုဆိုနှင့် ဆည်းဆာကို တွန်းပစ်လိုက်သလျှင် အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြလေတော့၏။

"ဟော့...အဲဒါ ဘာလုပ်တာလဲ။ သူက ဘယ်သူလဲ။ သူ့ကို ဆွဲခေါ်သွားကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



အချို့ညှော်သည်တွေက ဘုမသိ ဘမသိနှင့် နေညို့ကို ဆွဲခေါ်ကြလေသည်။

"နင်က ဘယ်သူလဲ။ ဘာလာရှုပ်တာလဲ။ သွားစမ်း"

"မသွားဘူး…ဖယ်ကြ။ ငါ ဒဏ္ဍာနဲ့ မင်္ဂလာဆောင်မလို့လေ။ ဒဏ္ဍာက ငါ့ကိုချစ်တာ။ ဖယ်ကြ…ဖယ်ကြစမ်း"

"ဟာ…အရူးပဲ"

"ဖယ်ကြနော်…ဖယ်ကြ"

နေညို့က ရုန်းရင်းအော်လေသည်။ ဒဏ္ဍာ နေညို့ကို ဂရုမစိုက်နိုင်ဘဲ ဆည်းဆာကိုသာ ပွေ့ဖက်ထားလျက် ဘာပြောလို့ ပြောရမှန်း မသိပေ။

"ဒဏ္ဍာ…ဒဏ္ဍာရေ…ငါ့ကို ကယ်ပါ"

"အရူး…သွားစမ်း"

"ဒဏ္ဍာ"

နေညို့ ဆွဲခေါ်သွားပြီး ရိုက်နှက်လွှတ်ကြပေမယ့် ဒဏ္ဍာ မလုပ်ပါနဲ့လို့ မတားဖြစ်ခဲ့ပေ။ ဒဏ္ဍာ မိဘနှစ်ပါးမှာလည်း ဆွံ့အနေသူများပမာ သနားတယ်ဆိုတာ အတိုင်းအတာတစ်ခုအထိပဲ ရှိမှာပေါ့။

သူတို့သား အရက်ကွဲမယ့်ကိစ္စမျိုးမှာကျတော့ သဘောထားကြီးမပေးနိုင်ကြတာလား။ ဒါမှမဟုတ် ကြက်သေ သေပြီး ကြောင်ကြည့်နေတာလားတော့ မပြောတတ်ပေ။ နေညို့ကို ဆွဲထုတ်ရိုက်နှက်နေတဲ့သူတွေကို မလုပ်ကြပါနဲ့လို့ မတားဖြစ်ခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com


"အရှူး…သွားစမ်း"

"မသွားဘူး…ဒဏ္ဍာရေ"

"ကဲ…မသွားဦးကွာ"

"ဖြန်း"

"အား"

"သား…သားလေး"

ဒေါ်ခင်လှဲကြည် နေညိုနောက်လိုက်လာခဲ့တာ မသိရင် ကိုယ်ရံတော်တပ်သားတွေ ခြံရံလာသည့်အတိုင်းပါ။ တကယ် တော့ နေညိုကို ပြန်ခေါ်ဖို့ပါလေ။

"သား…အန်တီလေးနဲ့ ပြန်လိုက်ခဲ့နော်။ ဒဏ္ဍာက သား ဆီကို ပြန်လာမှာလေ…သားရဲ့"

"ဟင့်အင်း…မလိုက်ဘူး…ဒဏ္ဍာရေ"

"ကိုမြမောင်တို့…နေညိုကို ရအောင်ဆွဲခေါ်"

"ဟုတ်ကဲ့"

ကိုမြမောင်တို့က ဆွဲခေါ်။ နေညိုက အော်ရင်းဟစ်ရင်း ရုန်းကန်ရင်းမှ ဆွဲခေါ်ရာနောက်သို့ ပါသွားလေတော့သည်။ သူများမင်္ဂလာယူနေတဲ့အချိန်မှာ ကိုယ့်တူက အနှောင့်အယှက်ဖြစ် နေလို့သာ ပြန်ခေါ်လာရတယ်။ ဒေါ်ခင်လှဲကြည်ရင်ထဲမှာ မချိ တော့ပေ။

အိမ်ကိုရောက်တော့ နေညိုတစ်ယောက် ဒဏ္ဍာပုံတူ ဆီလီ ကွန်အရုပ်ကို ဖက်၍ စကားတွေပြောလိုက်၊ ငိုလိုက်ပါ။ သူ့


www.burmeseclassic.com

www.burmeseclassic.com


ဘာသာ လွှတ်လွှတ်လပ်လပ် ခံစားပါစေတော့လို့ ကျောခိုင်းထား ခဲ့တာသည် မချစ်လို့ ပစ်ထားခဲ့ခြင်း မဟုတ်ပေ။ မကြည့်ရက်လို့ ကျောခိုင်းခဲ့ခြင်းပါပဲ။

နေညို… ဒဏ္ဍာကို ကျစ်နေအောင်ဖက်ထားကာ…

"ဒဏ္ဍာ…နင် အရမ်းရက်စက်တာပဲဟာ။ နင့်ကို ငါ အရမ်းချစ်မှန်းသိရဲ့နဲ့ ထားခဲ့ရက်တယ်။ ငါ…ငါ ဘယ်လိုနေရ မှာလဲ…ဒဏ္ဍာရဲ့။ အီး…ဟီး…ဟီး"

"နင်…ငါ့ဆီကို ပြန်လာပါ ဒဏ္ဍာရယ်။ ငါ့ဆီကို ပြန်လာ ခဲ့ပါနော်"

"ဒဏ္ဍာ"

"……….."

"နင့်ကို ငါ အရမ်းချစ်တယ်"

စကားတွေပြောရင်း ငိုရင်းမှ နေညို ရင်ဘတ်ထဲမှာ အောင့်လာပြီး အသက်ရှူလို့မဝတော့ပေ။ ရင်ဘတ်ကိုဖိရင်း အသက်ရှူနိုင်ဖို့ မနည်းကြိုးစားနေရသည်။ ဆီလီကွန်ရုပ်ကို ဖက်ရင်း နေညို ခေါင်းငိုက်စိုက်ကျသွားပြီးနောက်…

"သား"

"……..."

"သားလေး"

ဒေါ်ခင်လှဲ့ကြည် တူဖြစ်သူကို စိတ်မချလို့ ပြန်လာခဲ့ခြင်း မှာ နေညိုက ခေါ်လို့မရပေ။ ဘယ်လောက်ပဲခေါ်ခေါ် ဘာမှ


www.burmeseclassic.com

www.burmeseclassic.com


မတုံ့ပြန်လေသဖြင့် ခေါ်ခင်လှဲ့ကြည် ရင်ထိတ်သွားလေသည်။ နေညိုကိုယ်ကြီးကို မနိုင်မနင်းနှင့် ပွေ့ဖက်ပြီး ဒဏ္ဍာပုံတူဆီလီကွန်ရုပ်နှင့် ခွာပစ်လိုက်တော့…

"ဟင်"

နေညိုက မျက်လုံးကို မှိတ်ထားရာမှ လုံးဝ ဖွင့်မကြည့်တော့ပေ။

"သား"

"…………"

"နေညို"

ဘယ်လိုပဲခေါ်ခေါ် မရတော့သဖြင့် ခေါ်ခင်လှဲ့ကြည် အသက်ရှူသံကို နားထောင်ကြည့်ပြီးလေလျှင်…

"အမယ်လေး…သား…သားလေး…ကယ်ကြပါဦး။ ကိုမြမောင်တို့…လာကြပါဦး။ ကျွန်မသားလေး ခေါ်လို့မရတော့ဘူး။ ကယ်ကြပါဦးရှင်…သား…အီး…ဟီး"

"…………"

"သားလေး"

ဒေါ်ခင်လှဲ့ကြည် အော်ငိုလေတော့သည်။ သွားပြီ… ဒေါ်ခင်လှဲ့ကြည်ရဲ့ကမ္ဘာပျက်သွားခဲ့ပြီလေ။ မချစ်သင့်တာကို ချစ်၊ မဖြစ်သင့်တာကို ဖြစ်ချင်တဲ့ သူမရဲ့အသည်းသည် အခု… အခု တော့လေ…။



www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၃၃)

ဒဏ္ဍာ မင်္ဂလာပွဲပြီးတာနှင့် နေညှိုဆီသို့ ပြေးလာခဲ့သည်။ အားပေးမှုတွေ၊ နှစ်သိမ့်မှုတွေ ပေးချင်လို့ပေါ့။ ဒဏ္ဍာလာတော့ ဆည်းဆာလည်း လိုက်လာခဲ့သည်သာ။ အချစ်ဆိုတာ အခက်သား လား။ ၅၂၈ လွန်ကဲတာကို အစွန်းရောက်တွေးတဲ့ နေညှိုအတွက် ဘယ်လိုနှစ်သိမ့်စကား ပြောပေးရမလဲ။

မဖြစ်နိုင်တာကိုမှ…

ဘာလို့ဖြစ်ခွင့်လိုချင်ရတာလဲ နေညှို။ သူငယ်ချင်းအချစ်နဲ့ ချစ်လျှက်ခင်လျှက်နေရင် ရရဲ့သားနဲ့။

"နေညှို"

"………"

"နေညှိုရေ"

"နေညှို…သူ့အခန်းမှာရှိတယ်…ဒဏ္ဍာ။ သွားလိုက်ပါ"


www.burmeseclassic.com

www.burmeseclassic.com



ဦးမြမောင်က မျက်နှာမကောင်းမှုနှင့် ပြောလေသည်။ ပြောပြီးတာနှင့် ထွက်သွားလေတော့ ဒဏ္ဍာတို့…နေညိုအခန်းဆီသို့သာ လာခဲ့ကြတော့သည်။

"နေညို"

"သား…သားလေး…အမယ်လေး…သားလေးကို ကယ်ကြပါဦး။ အဖြစ်ဆိုးလိုက်တာ…သားရယ်"

"ဟင်"

"သားလေး…အန်တီလေး အသက်ရှင်နေတာ သားရှိနေလို့ပါ သားရယ်။ အခု သားမရှိတော့ အန်တီလေးတစ်ယောက်တည်း လောကကြီးအလယ်မှာ ဘယ်လိုရပ်တည်ရမလဲ သားရဲ့"

ဒဏ္ဍာနဲ့ဆည်းဆာ ခြေလှမ်းတွေ ရပ်တန့်သွားပြီး ကြက်သေ,သေကာ ကြည့်နေမိကြသည်။ ဘယ်လိုဖြစ်တာလဲ။ နေညို ဘာဖြစ်တာလဲ။ ဒေါ်ခင်လှဲ့ကြည်တစ်ယောက် နေညို့ကိုယ်ကြီးကိုဖက်၍ သည်းထန်စွာ ငိုကြွေးနေသည်လေ။

ဒေါ်ခင်လှဲ့ကြည်…

နေညို့ကိုယ်ကြီးကို လှုပ်ကာလှုပ်ကာ ခေါ်နေပေမယ့် နေညိုက တုတ်တုတ်မျှ မလှုပ်ပေ။ နေညို ဘာဖြစ်နေပါလိမ့်။

"နေညို"

"………"

"အန်တီလှဲ့…နေညို…နေညို…ဘာဖြစ်လို့လဲဟင်"

"အမယ်လေး…ဒဏ္ဍာ၊ မင်းသူငယ်ချင်းအဖြစ်ကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပါဦး ဒဏ္ဍာရယ်။ မင်္ဂလာပွဲကနေ ပြန်ခေါ်လာပြီးကတည်းက အရုပ်ကိုဖက်ငိုနေတာ…အခုတော့ အဟင့်…ဟီး”

“ဟင်”

“ရင်ကွဲနာကျတယ်ဆိုတဲ့စကားကို ငါ နားမလည်ခဲ့ဘူး။ ဘယ်လိုပါလိမ့်လို့ တွေးကြည့်လို့မရခဲ့တာ။ အခုတော့ လက်တွေ့ မြင်ရပြီပေါ့။ သား…အဖြစ်ဆိုးလိုက်တာ သားရယ်”

“အန်တီလဲ့”

“သား…ငါ့သားလေး အားလုံးကို ကျောခိုင်းထားခဲ့ပြီ ဒဏ္ဍာရဲ့။ သူ…သူ လူ့လောကကြီးထဲကနေ ထွက်သွားပြီပေါ့… ဟီး”

“ဗျာ”

“ရှင်”

“နေညို”

ဒဏ္ဍာ ဒေါ်ခင်လဲ့ကြည်ပွေ့ထားတဲ့ နေညိုကိုယ်ကို ဆွဲပွေ့ လိုက်ကာ…

“မဟုတ်ဘူး…မင်း ဘာမှမဖြစ်ရဘူးနော် နေညို။ မင်း တို့ကို မထားခဲ့ရဘူး။ နေညို…သူငယ်ချင်း…နေညို”

“နေညို”

“အန်တီလေးကိုပါ ခေါ်သွားပါ…သားရယ်…သား”

“အန်တီလဲ့…ဟုတ်လို့လားဗျာ။ အန်တီလဲ့…နေညို—နေညို”



www.burmeseclassic.com

www.burmeseclassic.com



"သား"

"နေညို…သူငယ်ချင်း၊ အဲဒီလိုမဖြစ်ရဘူးလေကွာ… နေညို"

"သားလေးရေ"

ဒေါ်ခင်လဲ့ကြည် သားလို့ခေါ်ပြီးနောက် မျက်ဖြူလန်ကာ လဲကျသွားလေလျှင်…

"အန်တီလဲ့"

"………"

"ကို…လုပ်ပါဦး။ အန်တီလဲ့ကို လုပ်ပါဦး"

ဆည်းဆာလည်း အန်တီလဲ့ကိုဖက်၍ ဗျာများသွားလေတော့သည်။

အကြောင်းအရာက…

အဲဒီလောက်အထိ ဖြစ်သွားသတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၃၄)

အတိတ်ကပုံရိပ်တွေကို ပြန်လည်သတိရမိတော့ ရင်ထဲမှာ ဆို့နင့်နေသည်။ ပါးပြင်ပေါ်သို့ကျလာတဲ့ မျက်ရည်တွေကို ဒဏ္ဍာ မသုတ်ဖယ်မိပါဘူး။ ကျချင်သလောက်ကျပါစေတော့။ မင်း အတွက် ငါ မျက်ရည်ကျပါရစေ··နေညို။

နေညိုချိန်ဆိုတဲ့နာမည်ဟာ···

ငါ့ဘဝမှာ ဘယ်တော့မှ မေ့မိန်ပျောက်ကွယ်သွားမှာ မဟုတ်ဘူးဆိုတာ မင်း ယုံကြည်ထားလိုက်ပါ။

"ကို"

"·········"

"ဆည်းဆာတို့ ပြန်ကြရအောင်နော်"

"ကို···ခဏလောက် နေပါရစေဦး···ဆည်းဆာ။ ကိုကို နေခွင့်ပြုပါ"

"မှောင်နေပြီ···ကို"



www.burmeseclassic.com

www.burmeseclassic.com


"ခဏလေးပါ"

"ကို"

"..........."

"ဆည်းဆာကို ချစ်တယ်ဆိုရင် ဒီတစ်ခါ့လောက်တော့ ဆည်းဆာစကားကို နားထောင်ပေးပါ...ကို။ ပြန်ကြရအောင်နော်"

ဆည်းဆာ ဒဏ္ဍာမျက်ဝန်းမှ မျက်ရည်တွေကို သုတ်ပေးလိုက်သည်။ အခုအချိန်မှာ ဆည်းဆာက အားပေးနှစ်သိမ့်ပေးသူပေါ့။ အချစ်ဆုံးသူငယ်ချင်းဆိုတော့ ခံစားရမှာပေါ့လေ။ ဒါကို နားလည်ပေးနိုင်ပေမယ့် တစ်ခါတစ်ခါ မိန်းမတို့၏သဘာဝ အတိုင်း သဝန်တိုချင်မိတာ အမှန်ပါပဲ။

ယောကျ်ားချင်းဆိုတာထက်...

သေသူကို လိုက်သဝန်တိုမိတဲ့အခါ မဟုတ်သေးပါဘူးနဲ့ပဲ ဖြေသိမ့်ရတာလည်း ကိုယ့်ကိုယ်ကိုယ်ပင် စိတ်တိုမိပါရဲ့။ ကြာတော့လည်း ထုံသွားမှာပါလေ။ နားလည်မှုပေးရမှာပေါ့။

"ဆည်းဆာ"

"ကို"

"ကို့ကို နားလည်ပေးပါနော်"

"ဘာကိုလဲ...ကို"

"မတူညီတဲ့ အချစ်နှစ်ခုကို ညီမျှခြင်းချပြီး မတွေးဖို့... သာတာနာတာတွေ ထည့်မတွက်ဖို့ပါ"


www.burmeseclassic.com

www.burmeseclassic.com


"ဆည်းဆာ နားလည်ပါတယ်…ကို။ တစ်ခါတစ်ခါ ဆိုတာတွေအတွက်တောင် ဆည်းဆာ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာ မလုံဖြစ်နေတာပါ။ နောက်ဆို ဆည်းဆာ နားလည်ပေးခြင်းနဲ့ မေတ္တာတရားရဲ့တန်ဖိုးကို လေးစားအားကျနေမှာပါ"

"ကျေးဇူးပါ…ဆည်းဆာ"

"လိုလို့လား…ကိုရယ်"

ဒဏ္ဍာ ဆည်းဆာရဲ့ခေါင်းလေးကို သူ့ရင်ဘတ်မှာ ကပ်ထားလိုက်သည်။ ကို့အပေါ် နားလည်ပေးသော ချစ်ဇနီးကို အတိုးချပြီး ပြန်လည်ပေးဆပ်ပါ့မယ်လေ။ ဘယ်လောက်သိတတ် သလဲဆို…နောက်ထပ် ပြန်ကြဖို့စကား ထပ်မပြောတော့ပေ။

ဒဏ္ဍာ…

နောက်တော့ ဆည်းဆာကို အားနာလာတာနှင့် ပြန်ဖို့ ဆုံးဖြတ်လိုက်ကာ…

"နေညို"

နှုတ်မှ ခပ်တိုးတိုး ခေါ်လိုက်မိပြီး…

"ငါ သွားတော့မယ်သူငယ်ချင်း။ နောက်ဘဝဆိုတာရှိခဲ့ ရင် မင်းဘဝလေး အေးချမ်းသာယာပါစေလို့ ငါ ဆုတောင်းပေး ပါတယ် နေညို"

"ဗွိ"

လေက ဆောင့်တိုက်လိုက်သဖြင့် ဆည်းဆာရဲ့ဆံနွယ်တို့ က ဆည်းဆာမျက်နှာလေးကို ဖုံးအုပ်သွားလေသည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com


"ပြန်ကြရအောင်…ဆည်းဆာ"

ဆည်းဆာ ခေါင်းညိတ်ပြီး ဒဏ္ဍာလက်ကို ဆုပ်ကိုင်လိုက်မိသည်လေ။ ဒီလက်တွေ ခိုင်ခိုင်မြဲအောင် ဆည်းဆာကတော့ ကို့အပေါ် နားလည်မြင်းများနှင့် တတ်နိုင်သလောက် ဖြည့်ဆည်းပေးသွားမှာပါ။

"ကို"

"……….."

"ဆည်းဆာ…ကို့ကို အရမ်းချစ်တယ်"

"ထပ်တူထပ်မျှပါ ဆည်းဆာရယ်"

ခပ်တိုးတိုးပြန်ပြောရင် ဒဏ္ဍာ ဆည်းဆာလက်ကို ပြန်လည်ဆုပ်ကိုင်လိုက်မိတော့၏။

နေညိုကတော့ ဒဏ္ဍာ ခင်းကျင်းပေးထားတဲ့ ရင်ကွဲအခမ်းအနားမှာ အိပ်စက်အနားယူသွားခဲ့ပါပြီ။ နေညို ရင်ကွဲအောင် တမင်လုပ်ခဲ့တာမဟုတ်ပေမယ့်…

နေညို ရင်ကွဲနာကျတော့ ဒဏ္ဍာ့ကြောင့်လို့ ခေါင်းစဉ်တပ်လို့ ရနေတာဆိုတော့ ဒီခေါင်းစဉ်အောက်မှာ…

နေညို့ကိုသတ်တဲ့ တရားခံဟာ မင်းဒဏ္ဍာရိုလို့ အတွေးတိမ်သူတွေ သတ်မှတ်စရာ ဖြစ်သွားခဲ့တာပေါ့။

ပရိသတ်များကို ထာဝရ ချစ်ခင်လေးစားလျက်…

မိုးဇော်ပွင့်

(၁၅-၈-၂၀၁၇)


www.burmeseclassic.com

www.burmeseclassic.com



## ကျွန်တော့် လူမျိုးကြီး

နှလုံးသားဆီ စိုက်ဆင်းလာတာ
အချစ်လား အမုန်းလား
နှင့်မျက်ဝန်းအောက်မှာ ကြမ္မာငင်နေတဲ့
ပန်းနုရောင် တိမ်တိုက်များ…။
၁ နဲ့ ၃ ဘယ်လိုပဲ ခြားနားခြားနား
အချစ်နဲ့အမုန်းကြားမှာတော့
နံရံပါးပါးလေးတစ်ချပ်
ခြားတယ်လို့ ငါ ကြားဖူးရဲ့။
ပျော်ရွှင်ခဲ့သော အတိတ်ဆီ
ဘက်ဂီယာထိုးပြီးသွားလို့ရမယ်ဆိုရင်…
နှင့်အတွက် ငါဟာ 'လိုသုံး'တစ်ယောက်ပါ။
ချစ်ခဲ့တယ်…
မုန်းမရဘူး…
စိတ်နာနာနဲ့ သစ္စာတရားကို ပါးရိုက်ပြီး
ငါနေထိုင်တဲ့ ဟောဒီအရပ်မှာ
ဆိုင်းဘုတ်တင်ထားတယ်
မိန်းမ မဝင်ရ။

ကဗျာပေးပို့ပါသော ရဲရင့်(ပခုက္ကူ)အား အထူးကျေးဇူး တင်ပါသည်။



www.burmeseclassic.com